# ပို့ဆောင်ဆက်သွယ် သတင်းလွှာ

## Transcom Newsletter

အတွဲ (၃)၊ အမှတ် (၉)၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၁) ရက်

ပို့ဆောင်ဆက်သွယ် ပြည့်ကျိုးရွယ်

TRANSPORT AND COMMUNICATIONS FOR NATIONAL INTEREST



WORLD MARITIME DAY

September 26, 2024

IMO

NAVIGATING THE FUTURE: SAFETY FIRST!

အန္တရာယ်ကင်းရှင်းရေး ဦးစားပေး

အနာဂတ်ရေကြောင်း မောင်းနှင်ရေး


mytel
EMPOWER
MOBILE SERVICES
FTTH
FIBER TO THE HOME
MyID
4.5G
B2B
တန်တန်မှန်မှန်နဲ့ မြန်မြန်ဆန်ဆန် သုံးဖို့
Mytel 4.5G နဲ့ ရှေ့ဆက်စို့!
MyID
mytelpay
966

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပို့ဆောင်ဆက်သွယ် သတင်းလွှာ

အတွဲ(၃)၊ အမှတ်(၉)၊ ၁-၉-၂၀၂၄ (တနင်္ဂနွေနေ့)

# Contents မာတိကာ


| အကြောင်းအရာ | စာမူအမျိုးအစား | ကလောင်အမည် | စာမျက်နှာ |
|---|---|---|---|
| အယ်ဒီတာ့အာဘော် | | | ၃ |
| လွှမ်းကျင်း | ကဗျာ | အောင်ဇော်ဦး(Mech) | ၄ |
| ပင်လယ်ချစ်သူ | ကဗျာ | ဇော်ဝင်းနိုင် (DMA) | ၅ |
| နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် သတင်းများ | သတင်း | | ၆–၁၄ |
| နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် သတင်း | သတင်း | | ၁၅–၁၇ |
| နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး သတင်းများ | သတင်း | | ၁၈–၂၃ |
| အမြဲတမ်းအတွင်းဝန်(ပို့ဆောင်ရေး)သတင်း | သတင်း | | ၂၄ |
| ကမ္ဘာ့ပင်လယ်ရေကြောင်းကုန်သွယ်ရေးအနာဂတ်အလားအလာ(အပိုင်း –၁) | ဆောင်းပါး | ရွှေဘို ကိုသန်း | ၂၅–၂၈ |
| ခွဲခွာခြင်း ဒဿန | ဝတ္ထုတို | မီးမီး(မီးရထား) | ၂၉–၃၃ |
| ပြောင်းလဲတိုးတက်လာသော ရေယာဉ်တည်ဆောက်မှုလုပ်ငန်းနှင့် သမားရိုးကျ သံဂဟေတွဲဆက်မှုနည်းပညာ | ဆောင်းပါး | ရွှေတိုး (မြန်မာ့သင်္ဘောကျင်းလုပ်ငန်း) | ၃၄–၃၆ |
| ဒုတိယဝန်ကြီး (ပို့ဆောင်ရေး) သတင်း | သတင်း | | ၃၇–၃၈ |
| ကိုယ်ရည်ကိုယ်သွေး တိုးတက်ရေးကြိုးပမ်းခြင်း (အပိုင်း–၂) | ဆောင်းပါး | သုရိန်စံ | ၃၉–၄၂ |
| ရှုမငြီးဖွယ် ခရီးနယ်သို့ | ဝတ္ထုတို | ကြည် | ၄၃–၄၆ |
| စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အရေးပါသော သယ်ယူပို့ဆောင်ရေးကဏ္ဍ အကြောင်းသိကောင်းစရာ | ဆောင်းပါး | ဦးဇော်(DoTP) | ၄၇–၅၀ |
| ဒုတိယဝန်ကြီး (ဆက်သွယ်ရေး)သတင်း | သတင်း | | ၅၁ |
| ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင် ကမ်းပြိုကာကွယ်ရေးဆောင်ရွက်ခဲ့မှုများ | ဆောင်းပါး | SMMH | ၅၂–၅၄ |
| စာဖတ်ခြင်းအလေ့ | ဆောင်းပါး | ကျော်မင်း(မနောမြေ) | ၅၅–၅၇ |
| ဒုတိယဝန်ကြီး (ရထား) သတင်း | သတင်း | | ၅၈ |
| Big Data ၏အသွင်ပြောင်းနိုင်စွမ်းအား | ဆောင်းပါး | ချယ်ရီ (ITCSTC) | ၅၉–၆၁ |
| ယာဉ်မောင်းရာတွင် သတိယှဉ် | ဆောင်းပါး | သုရိန်ထွန်း | ၆၂–၆၄ |

## TRANSCOM IN ENGLISH

| | | | |
|---|---|---|---|
| Chairman of the State Administration Council Prime Minister's News | News | | 65-66 |
| Vice-Chairman of the State Administration Council Deputy Prime Minister's News | News | | 67-68 |
| Member of the State Administration Council Deputy Prime Minister MoTC Union Minister's News | News | | 69 |
| Importance of Transport in Economic Development | Article | Oo Zaw (DoTP) | 70-72 |



# အယ်ဒီတာ့အာဘော်



## အန္တရာယ်ကင်းရှင်းရေး ဦးစားပေး၊ အနာဂတ်ရေကြောင်း မောင်းနှင်ရေး

ကမ္ဘာ့နိုင်ငံများအကြား ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်းက ကုန်ကျစရိတ် အသက်သာဆုံးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်ပြီး နိုင်ငံတကာကုန်သွယ်မှု၏ တန်ဖိုးအားဖြင့် ၇၀ ရာခိုင်နှုန်း၊ ပမာဏအားဖြင့် ၈၀ ရာခိုင်နှုန်းကို ပင်လယ်ရေကြောင်းမှ သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း ကုလသမဂ္ဂကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (United Nations Conference on Trade and Development-UNCTAD) ၏ နှစ်စဉ် ထုတ်ပြန်ပေးနေသည့် Reviews of Maritime Transport - 2023 တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းပို့ဆောင်ရေး (Maritime Transport) ၏ အခန်းကဏ္ဍသည်လည်း နိုင်ငံတကာကုန်သွယ်မှုနှင့် တိုက်ရိုက်ချိတ်ဆက်မှုရှိနေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသည့် စာရင်းများအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလ မှ ဇွန်လအထိ ပင်လယ်ရေကြောင်းကုန်သွယ်မှုတွင် ပို့ကုန်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၄၇၂.၁၉၉ သန်း၊ သွင်းကုန်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၀၈၄.၄၆၂သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၅၅၆.၆၆၁ သန်း ရှိကြောင်း သိရှိရသည်။

ပင်လယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံတကာနှင့် ချိတ်ဆက်၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးလျက်ရှိပြီး ကမ္ဘာ့စီးပွားရေးကို အဓိကမောင်းနှင်လျက်ရှိသည်ကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ International Maritime Organization (IMO) ၏ အဖွဲ့ဝင်နိုင်ငံများတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ (World Maritime Day) ဟူ၍ အခမ်းအနားများကို နှစ်စဉ်ကျင်းပကြသည်။

ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို IMO ကွန်ဗင်းရှင်း စတင်အသက်ဝင်ခဲ့သည့် ၁၉၅၈ ခုနှစ်ကို အစွဲပြု၍ သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ပထမဆုံးကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို ၁၉၇၈ ခုနှစ်တွင် နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် တရားဝင် စတင်ကျင်းပခဲ့သည်။ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO) က ကြီးမှူး၍ အဖွဲ့ဝင်နိုင်ငံများတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ (World Maritime Day) အခမ်းအနားများကို နှစ်စဉ် စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း ကမ္ဘာနှင့်အဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

IMOက ဦးဆောင်ကျင်းပသော ဤနှစ်ပတ်လည်အခမ်းအနားသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းကဏ္ဍ၏ အရေးပါမှုကို မီးမောင်းထိုးပြလျက်ရှိရာ နှစ်စဉ်နှစ်တိုင်း IMO က ဆောင်ပုဒ်တစ်ခုစီ သတ်မှတ်ပေးလေ့ရှိသည်။ ပင်လယ်ရေကြောင်းကဏ္ဍ၏ ထူးခြားသည့် သွင်ပြင်လက္ခဏာများကို ထင်ဟပ်စေသည့် ဆောင်ပုဒ်နှင့် သက်ဆိုင်သည့် လှုပ်ရှားတင်ဆက်မှုများဖြင့် စုစည်းကျင်းပကြသည်။ နှစ်စဉ်နှစ်တိုင်း ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေး၊ ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေး၊ သင်္ဘောလုပ်ငန်း စွမ်းဆောင်ရည်ပြည့်ဝစေရေးတို့အတွက် ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်သင်ကြားရေးမှသည် ရေကြောင်းလူမှု အသိုက်အဝန်းရှိ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအထိ ခေါင်းစဉ်အမျိုးမျိုးဖြင့် မီးမောင်းထိုးပြခဲ့သည်။ ယခုနှစ် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ဆောင်ပုဒ်မှာ **"Navigating the Future: Safety First! - အန္တရာယ်ကင်းရှင်းရေး ဦးစားပေး၊ အနာဂတ်ရေကြောင်း မောင်းနှင်ရေး"** ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အခမ်းအနားများကို ၁၉၈၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ စုစုပေါင်း (၂၃) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်သည်။

ယခုနှစ်တွင်လည်း ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနားကို စက်တင်ဘာလ (၂၆) ရက်နေ့ နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ညပိုင်းတွင် ရန်ကုန်မြို့ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်) ၊ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားများနှင့် ဆိုက်ကပ်ထားသော အပြည်ပြည်ဆိုင်ရာသင်္ဘောများတွင် အပြာရောင်မီးများ ထွန်းညှိဂုဏ်ပြု ဆောင်ရွက်သွားမည် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ နှစ်စဉ် နှစ်တိုင်းကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကိုဂုဏ်ပြုပွဲအခမ်းအနားများကျင်းပပြုလုပ်ကာ ပင်လယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၏ ကောင်းကျိုးရလဒ်များကို အနာဂတ်ကာလတွင် မျိုးဆက်သစ်များ ဆက်လက်ခံစားခွင့်ရရှိနိုင်ရေးနှင့် ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ရေထုပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များအပေါ် အလေးထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။ ။

# လွှန်းကျင်း





✦ ရေကြောင်းယန္တရား လွှန်းကျင်းတွင်
ရေယာဉ်ငယ်များ တည်ဆောက်ပြုပြင်။
နှစ်စဉ်လစဉ် ပုံမှန်အားထား
လွှန်းလုပ်သားတို့ စွမ်းပကား။

✦ သံကိုင်းသံပြား လဲလှယ်ရန်
ရေယာဉ်ငယ်များ နှစ်စဉ်ပုံမှန်။
ဘေးကင်းရန်နှင့် လုံခြုံရေး
ကိုယ်ထည်စက်ပိုင်း ပြုပြင်ပေး။

✦ လွှန်းမျိုးစားက Mud Dock ကွယ်
ရေတက်ရေကျ တွက်ရတယ်။
ရေကျချိန်ဝယ် မရပ်မနား
သံဂဟေကိုင် စက်ကျွမ်းများ။
လွှန်းခုံပေါ်ပြား နန်းဆေးမယ်
နန်းထိုးပန့်ဖြင့် သုံးလို့ရယ်။
အားလုံးရင်ဝယ် သတိထား
မီးဘေးလျှပ်စစ် အန္တရာယ်များ။

✦ သံချေးခေါက်ထား ဆေးသုတ်ကွယ်
ဒါမှရေယာဉ် ကောင်းကြမယ်။
ရေယာဉ်ဝန်ထမ်းနှင့် Docker များ
ဟန်ချက်ညီညီ လုပ်စို့လား။ ။

■ **အောင်ဇော်ဦး (Mech)**

ပို့ဆောင်ဆက်သွယ် သတင်းလွှာ
www.motc.gov.mm

| ထုတ်ဝေသူ | အုပ်ချုပ်ရေးအရာရှိ / အယ်ဒီတာချုပ် | | တာဝန်ခံအယ်ဒီတာ | သတင်းထောက်ချုပ် | ပုံနှိပ် |
|---|---|---|---|---|---|
| ဇော်ထွန်းလွင် (၀၀၄၉၆) | ဇော်ဝင်းနိုင် | | မျိုးညွန့် | ကျော်ကျော် | ဦးထိန်လင်း Fujiko Offset (မြဲ ၀၁၁၁၁) သုဝဏ္ဏ။ |
| ဒီဇိုင်းတာဝန်ခံ | အိုင်တီတာဝန်ခံ | ကွန်ပျူတာစာစီ | ပြင်ပဆက်သွယ်ရေး | မျက်နှာဖုံးကဗျာ | |
| မြင့်ထွန်း | ကျော်ဇေယျ | အေးသန္တာဝင်း | ကျော်ဇင်ဦး | ဇော်ဝင်းနိုင် (DMA) | |

transcom.motc@gmail.com, transcom.offices@gmail.com

အမှတ် (၈၃/၉၁)၊ ဗိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel : 09 250067515, 09 254501800

# ပင်လယ်ချစ်သူ

❍ ကုန်သွယ်ရေကြောင်း၊ သင်္ဘောမောင်းနှင်
သမုဒ္ဒပြင်မှာ၊ ဘယာကင်းရေး
ဦးစားပေးမှု၊ ဘဝများစွာ
ငြိမ်းချမ်းသာဘိ၊ အသိဉာဏ်ဆင်
သတိယှဉ်နေဆဲပါပဲမေ။

❍ အဏ္ဏဝါခရီး၊ ရေပြင်ကြီးမား
စွန့်စားထိုးဖောက်၊ တောင်လောက်လှိုင်းကြီး
ကိုယ်မငြီးဘူး၊ ကြည်နူးစိတ်ဝမ်း
ဒီရေလမ်းမှာ၊ ရွှင်လန်းကြည်အေး
ဘေးမသန်းဘဲ၊ အေးချမ်းနေဆဲပါပဲမေ။

❍ ဖြူခဲ့တစ်ခါ၊ ပြာခဲ့တစ်လီ
နီခဲ့တစ်ချို့၊ မှိုင်းညို့ရီမှောင်
တိမ်တောင်လွင့်ပျံ၊ ထက်ဝေယံ၌
ဖန်ဖန်ပြောင်းလဲ၊ ပင်လယ်ထဲမှာ
ပျော်နေဆဲပါပဲမေ။

❍ ရေပျော်ဘဝ၊ နေ့ညဖြတ်သန်း
ပင်လယ်လမ်းမှာ၊ ပင်ပန်းဆင်းရဲ
ခက်ခဲသော်ငြား၊ ကိုယ့်လုပ်အားကို
ရိုးသားမှုဂုဏ်၊ ရန့်ထုံမို့
ဂုဏ်ယူနေဆဲပါပဲမေ။

■ ဇော်ဝင်းနိုင်(DMA)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

# မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)နှင့် အမျိုးသားပြတိုက်(နေပြည်တော်)တို့အား သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)အတွင်း ရန်ကုန်–မန္တလေးလမ်းပိုင်းတွင် ပြေးဆွဲမည့် DEMU ရထားတွဲဆိုင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေပုဗ္ဗသီရိမြို့နယ်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)နှင့် အမျိုးသားပြတိုက် (နေပြည်တော်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်အား စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)တွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)အတွင်း ဂျပန်နိုင်ငံမှ ဝယ်ယူထားရှိသည့် ရန်ကုန်–မန္တလေးလမ်းပိုင်းတွင် ပြေးဆွဲမည့် DEMU တွဲဆိုင်းများနှင့် မြန်မာနိုင်ငံမှတည်ဆောက်ထားသည့် DEMU ရထားတွဲတို့အား လှည့်







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက်စက်ရုံအစည်းအဝေးခန်းမတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဝန်ကြီး ဦးအောင်မြင့်တို့က စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းတာဝန်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၀ ရက် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြစ်ငယ်စက်ရုံတွင် လူစီးတွဲများအား DEMU အဖြစ် သုတေသနပြု တည်ဆောက်ခြင်းလုပ်ငန်းအား အဆင့်ဆင့် ဆောင်ရွက်ခဲ့မှုနှင့် နေပြည်တော်စက်ရုံ၌ အပြီးသတ်တည်ဆောက်ရန် လိုအပ်သည့် စက်အစိတ်အပိုင်းများအလိုက် တည်ဆောက်မှုများကို ဆက်လက်တည်ဆောက် ဆောင်ရွက်လျက်ရှိမှု၊ DEMU ရထားတွဲများ တည်ဆောက်ရန် လိုအပ်သည့်ဘိုဂီများ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

**အမြဲမပြတ်စစ်ဆေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ၏သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက် များစွာအထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ပင် ဖြစ်ကြောင်း၊ မီးရထားလမ်းများနှင့်မီးရထားစက်ခေါင်းတွဲများ၊လူစီးတွဲများကြံ့ခိုင်ကောင်းမွန်ရေးအတွက်အမြဲမပြတ်စစ်ဆေးပြုပြင်ဆောင်ရွက်နေရန်လိုကြောင်း၊ သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ နှစ်ပိုင်းရှိပြီး မီးရထားတည်ဆောက်ရေးအပိုင်းနှင့် မီးရထားဘူတာများ စနစ်တကျရှိစေရေး၊ မီးရထားလမ်းဘေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပနေစေရေး၊ ရထားလမ်းမြေများကို စနစ်တကျ အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် မီးရထားတွဲများ၊ ရထားလမ်းများနှင့် ပတ်သက်၍ နည်းပညာများကို အမြဲမပြတ်လေ့လာနိုင်ရေး Research and Development လုပ်ငန်းများကိုဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

သွားရန်လိုကြောင်း၊ မြန်မာ့မီးရထားကို တစ်ခေတ်ပြောင်းနိုင်ရန် ကြိုးစားကြရမည် ဖြစ်ကြောင်း၊ DEMU တွဲများကို ပြည်တွင်း၌ အောင်မြင်စွာ တည်ဆောက်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နောင်အခါတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်သည်အထိ မျှော်မှန်းလုပ်ဆောင်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လျှပ်စစ်ရထားလမ်းများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး ဘူတာများ၌ ပြင်ဆင်ရန် လိုအပ်သည့်အခြေအနေများ၊ ရထားလမ်းခုံးကျော်တံတားများ ပြင်ဆင်ရန် လိုအပ်သည့် အခြေအနေများကို ကြိုတင်စဉ်းစားတွက်ချက် ဆောင်ရွက်ထားရန် လိုကြောင်း၊ ရန်ကုန်-ပြည် လမ်းပိုင်းနှင့် နေပြည်တော်-မန္တလေးလမ်းပိုင်းကို ဦးစားပေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားများပြေးဆွဲရာတွင် ရထားအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် အမြန်နှုန်းများအတိုင်းပြေးဆွဲနိုင်ရေး၊ ရထားလမ်းများကြံ့ခိုင်နေစေရေးနှင့် အမြဲကောင်းမွန်နေစေရေး သတ်မှတ်ထားသည့် စံနှုန်းများအတိုင်း ဖြစ်အောင် ဆောင်ရွက်နေရန်လိုကြောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက် အမှန်တကယ် အကျိုးရှိသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်တစ်ခုဖြစ်ခြင်းကြောင့် ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားကို အသုံးပြု၍ ပို့ဆောင်မှုကြောင့် လောင်စာဆီများ သုံးစွဲရမှု သက်သာခြင်းနှင့် အချိန်ကုန်ကျမှုကို လျော့နည်းစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် အဓိကကျသည့် မီးရထားလမ်းများ၌ ကုန်စည်များ အမြဲမပြတ်ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေရန်လိုကြောင်း၊ မြို့ပတ်ရထားများနှင့်ပတ်သက်၍လည်း ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ မီးရထားတွဲများ ကြံ့ခိုင်ရေး ဆောင်ရွက်နေရန်နှင့် ရထားတွဲသစ်များကို ဆက်လက် တည်ဆောက် ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားမြေများကိုလည်း အကျိုးရှိစွာဖြင့် အသုံးချသွားရန်လိုကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြစဉ်။

အလားတူ မီးရထားနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး သုတေသနပြုဆောင်ရွက်နေရန်လိုကြောင်း၊ ပြည်သူများ အနေဖြင့် အကုန်အကျ သက်သာသည့် ရထားစီးနင်းခနွန်းထားများဖြင့် သွားလာနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မီးရထားသည် နိုင်ငံအတွက် များစွာအကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သဖြင့် မြန်မာ့မီးရထားအားယခုထက် ပိုမိုတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

## ချီးမြှင့်ငွေပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက် (နေပြည်တော်) သို့ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားပြတိုက် (နေပြည်တော်)၊ Mini Theater၌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တောင်ငူ ကေတုမတီမြို့ဟောင်းနှင့်ပတ်သက်သည့် သမိုင်းကြောင်းများ၊ သမိုင်းမှတ်တမ်းများ၊ ယဉ်ကျေးမှုဆိုင်ရာများ၊ ရှေးဟောင်းနယ်မြေများ၊ မြို့ရိုးများနှင့် အဆောက်အဦများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မန္တလေးနန်းမြို့ရိုး၊ ရေကျုံးနှင့်တံတားများ တည်ဆောက်ထားရှိမှု၊ ဒုတိယကမ္ဘာစစ်အတွင်း တံတားများ ပျက်စီးခဲ့မှုနှင့် ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့မှု၊ မင်္ဂလာတံတားတစ်ခုဖြစ်သည့် စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်(နေပြည်တော်)၏ သမိုင်းကြောင်းဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပို့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အမျိုးသားပြတိုက်(နေပြည်တော်) ၌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တောင်ငူကေတုမတီမြို့ဟောင်းနှင့် ပတ်သက်သည့် သမိုင်းကြောင်းများနှင့် အဆောက်အဦများကို ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးမြထွန်းဦး က တောင်ငူမြို့ရှောင် ရထားလမ်း တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့၏သမိုင်းကြောင်းအရအထင်ကရရှိခဲ့သည့် ဘုရင့်နန်းတော်များအား အဖြစ်နိုင်ဆုံး ဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ရန် လိုကြောင်း၊ တောင်ငူနန်းတော်ရာနေရာနှင့် ကေတုမတီမြို့ရိုးအား ပြန်လည်ဖော်ထုတ်နိုင်ရေးဆောင်ရွက်ရန်နှင့် ပြောင်းရွှေ့ရန် လိုအပ်သည့် ဝန်ကြီးဌာနအဆောက်အဦများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သာသနိက အဆောက်အဦများကို လက်ရှိအချိန်တွင် ပြောင်းရွှေ့ခြင်း မပြုရန် လိုကြောင်း၊ ကျုံးကိုလည်း ပြန်လည်ထိန်းသိမ်း ဆောင်ရွက်ရန် လိုကြောင်း၊ ကေတုမတီမြို့ရိုးများ ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ဖြစ်နိုင်ဖွယ်ရာ အချက်အလက်များနှင့် အညီ ဆောင်ရွက်သွားရန် လိုကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အဦများကို ပြန်လည်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးနန်းတော်ရှိ မင်္ဂလာတံတား တစ်စင်းဖြစ်သည့် စည်ရှည်တံတားနှင့် ပတ်သက်၍ပြန်လည်တည်ဆောက်ရန် အတွက် လိုအပ်သည့် အချက်အလက်များနှင့် အထောက်အထားများ ပြည့်စုံအောင် ပြုစုဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ရှေးမူမပျက် မူလပုံစံအတိုင်းတည်ဆောက်သွားနိုင်ရန်လိုကြောင်း၊ အလားတူ တံတားနှင့်ဆက်စပ်လျက်ရှိသည့် လမ်းများကိုလည်းကောင်းမွန်အောင်ပြင်ဆင် ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံသားအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကို တန်ဖိုးထား ထိန်းသိမ်းသွားရန် လိုကြောင်း၊ တောင်ငူဘူတာ တည်ဆောက်ရန်အတွက် လျာထားသည့် မြေမှ လယ်ယာမြေများအား ကြိုတင်ဖော်ထုတ်ပေးရန် လိုကြောင်း၊ တိုးချဲ့မြို့သစ်ကို စနစ်တကျ ပုံစံထုတ်လုပ်ပြီးမှ ဆောင်ရွက်ရန် လိုကြောင်း၊ တောင်ငူမြို့ရှောင် ရထားလမ်း တည်ဆောက်ရာတွင်လည်း ရေရှည်အတွက် စဉ်းစား၍ ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားပြတိုက် (နေပြည်တော်) အတွင်း ပြခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားပြတိုက်(နေပြည်တော်)အတွင်း ပြခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

## ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကျင်းပ
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှာစကားပြောကြား

# လူငယ်များကို စနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်

၂၀၂၄ခုနှစ်၊အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်



များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်ဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် နှစ်တိုင်း ဩဂုတ် ၁၂ ရက်တွင်

ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ မိမိတို့မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များ ပိုမိုပူးပေါင်းပါဝင်လာစေရန်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို လူငယ်လူရွယ်များ ပိုမိုသိရှိပြီး ပါဝင်ဆင်နွှဲလာကြစေရန်နှင့် လူငယ်များ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း။

**အဓိကအခန်းကဏ္ဍမှ ပါဝင်လာစေရန်လို**

ကုလသမဂ္ဂအဖွဲ့က ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ချမှတ်ပေးထားသည့်ဆောင်ပုဒ်မှာ **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး" (From Clicks to Progress: Youth Digital Pathways For Sustainable Development)** ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် လူငယ်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာစေရန် လိုအပ်ကြောင်း တိုက်တွန်းအသိပေးလိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း။

**နည်းပညာရှင်လူငယ်များ မွေးထုတ်**

မိမိတို့နိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုလုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရန်အတွက် Polytechnic University (၈) ခုကို ယခု ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီသည့် နည်းပညာရှင်လူငယ်များမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာကျွမ်းကျင်သည့် လူငယ်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မသဲဝါအား ဂုဏ်ပြုဆုပေးအပ်စဉ်။

ယခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ယခင်နှစ်များနှင့် မတူဘဲ တိုင်းဒေသကြီးများနှင့်ပြည်နယ်များမှလူငယ်ကိုယ်စားလှယ်များကိုဖိတ်ကြားပြီး လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်များကို ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း။

၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံစုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်သည် လူငယ်များဖြစ်ကြောင်း သိရှိရသည့်အတွက်မြန်မာနိုင်ငံသည် လူငယ်ထုအင်အား၊ တစ်နည်းအားဖြင့်လုပ်သားအင်အားများပြားသည့်အခြေအနေကောင်းကိုရရှိပိုင်ဆိုင်ထားကြောင်း၊ ယနေ့လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့်သူများ ဖြစ်ပြီး အနာဂတ်လူ့ဘောင်ကိုဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ့အရင်းအမြစ်များဖြစ်ကြကြောင်း၊ တစ်နည်းအားဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များပင် ဖြစ်ကြောင်း။

**လေ့ကျင့်ပျိုးထောင်**

လူငယ်များကိုစနစ်တကျမှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကိုမြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည် ဖြစ်ကြောင်း၊ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့်လူငယ်များဖြင့်သာ နိုင်ငံကိုကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန်နှင့်ပြည့်စုံအောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာဆေးဘက်ဆိုင်ရာ ဇီဝဓါတုဗေဒပညာရပ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မကြယ်စင်လင်းလက်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် CAHYA MATA Malaysian Open Championships 2024 (14th-16th)June 20000 m Walk ရွှေတံဆိပ်ရရှိခဲ့သည့် မဇင်မေထက်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် University Games တွင် လုံတံပစ်အားကစားနည်းဖြင့် ရွှေတံဆိပ်ရရှိခဲ့သည့် မောင်နန်းထက်မောင်အား ဂုဏ်ပြုဆုပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လှည်ကြည့်ရှုစဉ်။

လေ့ကျင့်ပျိုးထောင်သွားကြရန် မှာကြားလိုကြောင်း။

**အထူးအလေးထား ဆောင်ရွက်ပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်(၃)ရပ်အနက်တတိယ အချက်ဖြစ်သည့် **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန် နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန်လူငယ် ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး"** ဟု ချမှတ်ထားရှိကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူး အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူငယ်များ ဘက်စုံထူးချွန်ပြီး အတတ်ပညာရှင်၊ အသိပညာရှင်များ ထွက်ပေါ်လာစေရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်ကိုရောက်ရှိစေပြီးနိုင်ငံတော်ကိုအကျိုးပြုမည့်နိုင်ငံ့သား ကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်လူငယ်ရေးရာကော်မတီတို့ကို ဖွဲ့စည်းထားရှိပေးပြီးလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သည့် အနာဂတ် လူ့ဘောင်အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ တွေးခေါ်နိုင်စွမ်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သည့်၊ စိတ်ဓာတ် စည်းကမ်း ကောင်းမွန်သည့် လူကောင်းလူတော်များဖြင့်သာ ဖန်တီးဖော်ဆောင်ပေးနိုင်မည် ဖြစ်သောကြောင့် နိုင်ငံ၏ အနာဂတ်အတွက် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ကော်မတီများနှင့်တာဝန်ရှိသူအားလုံးက ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစွာဖြင့် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

**ဂါရဝပြု ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရထူးချွန်လူငယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက်မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လှည်ကြည့်ရှုစဉ်။

အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားသည်။

**Video Clip အား ကြည့်ရှု**

ယင်းနောက် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း Video Clip အားကြည့်ရှုကြသည်။

ထို့နောက် လူငယ်ဂုဏ်ပြုတေးသီချင်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရထူးချွန်လူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းသတင်းရရှိသည်။

သတင်းစဉ်

❖ ၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်းစာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်သည် လူငယ်များဖြစ်ကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံသည် လူငယ်ထုအင်အား၊ တစ်နည်းအားဖြင့် လုပ်သားအင်အား များပြားသည့် အခြေအနေကောင်းကို ရရှိပိုင်ဆိုင်ထား

❖ ယနေ့ လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့်သူများဖြစ်ပြီး အနာဂတ်လူ့ဘောင်ကိုဖန်တီးတည်ဆောက်ကြမည့်နိုင်ငံ့အရင်းအမြစ်များအဖြစ်၊ တစ်နည်းအားဖြင့် တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များပင်ဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

## အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိအောင် ကြိုးစားဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ဇွန် ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားဆိုသည့်ဝေါဟာရကို နိုင်ငံတကာအဘိဓာန်များက "**ယှဉ်ပြိုင်မှုရှိသောရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှုပုံစံအားလုံးကို အားကစား**" ဟု အဓိပ္ပာယ်ဖွင့်ဆိုကြကြောင်း၊ အားကစား၏ ရည်မှန်းချက်သည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုကို ရေးရှုသည်ဆိုသော်လည်း ယခုအခါအားကစားသည် တစ်ဦးချင်းယှဉ်ပြိုင်ရသည့်ပြိုင်ပွဲမှသည်လူပေါင်းရာထောင်ချီပါဝင်သည့်ပြိုင်ပွဲများ၊ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့် ချီသည့် အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိနေပြီဖြစ်ကြောင်း၊ အားကစား အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေခြင်းဖြစ်သည့်အတွက် "**အားကစားပြိုင်ပွဲများကို လက်နက်မပါသောတိုက်ပွဲများ**" ဟု တင်စားလာနေကြပြီ ဖြစ်ကြောင်း။

### အားကစား အဆင့်အတန်း မြင့်မားရေး ဖြည့်ဆည်း ဆောင်ရွက်ပေး

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားကစားအဆင့်အတန်းမြင့်မားဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်က အားပေးပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေး

လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း **“အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့်ပတ်သက်ပါက အားပေး ဆောင်ရွက်ရမည်”** ဟု လမ်းညွှန်ထားရှိကြောင်း၊ ယခုပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရည်ရွယ်ချက် (၅) ရပ် သတ်မှတ်ပြီး ကျင်းပခြင်းဖြစ်သည့်အတွက် ယနေ့အစည်းအဝေးကိုတက်ရောက်လာကြသည့်တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲကြီး အောင်အောင်မြင်မြင်နှင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက် သွားကြရမည် ဖြစ်ကြောင်း။

### ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို ဖော်ညွှန်းသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့၊ မျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံ့အရေးတို့ကို ဖော်ကျူးသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကဲ့သို့ နိုင်ငံတော်အဆင့်အခမ်းအနားကြီးများကိုအောင်အောင်မြင်မြင် ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့သလို ဘာသာ သာသနာတော်နှင့်စပ်လျဉ်း၍လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထား ကိုးကွယ်မှုကိုလည်း ကမ္ဘာသိကျက်သရေမင်္ဂလာနှင့် တင့်တယ်သော ဂုဏ်ထူးဝိသေသများနှင့်အတူ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းသော မျိုးဆက်သစ်ပညာတတ်လူငယ်လူရွယ်များ အနာဂတ်နိုင်ငံတော်တွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နိုင်ရေး ရည်ရွယ်လျက် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားအားကစားပွဲတော်ကြီးကိုလည်း ယခင်ကျင်းပခဲ့သည့်နိုင်ငံတော်အဆင့် အခမ်းအနားများနည်းတူ ခမ်းနားထည်ဝါစွာ ကျင်းပရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်

❖ အားကစား၏ ရည်မှန်းချက်သည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှုကို ရေးရှုသည်ဆိုသော်လည်းယခုအခါအားကစားသည်တစ်ဦးချင်းယှဉ်ပြိုင်ရသည့်ပြိုင်ပွဲမှသည်လူပေါင်းရာထောင်ချီပါဝင်သည့်ပြိုင်ပွဲများ၊ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသည့် အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက် ရှိနေပြီဖြစ်၊ အားကစားအောင်မြင်မှုသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေခြင်း ဖြစ်သည့်အတွက် “ အားကစားပြိုင်ပွဲများကို လက်နက်မပါသော တိုက်ပွဲများ ” ဟု တင်စားနေကြပြီဖြစ်

အတွက် ယခုအစည်းအဝေးကို တက်ရောက်လာကြသည့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှတာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် ကော်မတီများမှ တာဝန်ရှိသူများက လိုအပ်သည့် အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ပြိုင်ပွဲတစ်ခုလုံးနှင့်ပတ်သက်သည့် ကုန်ကျစရိတ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား၊ ပြိုင်ပွဲပုံစံ၊ ပြိုင်ပွဲအားကစားနည်းများနှင့် အထိမ်းအမှတ်အရုပ်သတ်မှတ်ရေးစသည့် ကိစ္စရပ်များကို ယခုအစည်းအဝေးတွင် ဆွေးနွေးသွားကြရန် လိုကြောင်း၊ အလားတူအမျိုးသား အားကစားပွဲတော်တွင် မသန်စွမ်းအားကစားပြိုင်ပွဲများနှင့် ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိသူများကို ဆုချီးမြှင့်ရာတွင် ဆုတံဆိပ်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင်ပေးအပ်လေ့ရှိသည့်လာဘ်ကောင် (MASCOT)ကို ပူးတွဲပေးအပ်နိုင်ရေး တို့ကိုလည်း မူအနေဖြင့် ရရှိပြီးဖြစ်၍ဆွေးနွေးပေးကြရန် လိုကြောင်း။

### အောင်မြင်မှုများရရှိအောင် ကြိုးစားဆောင်ရွက်

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်သည် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာရေး ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် ချမှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်၊ အသက်ကန့်သတ်ချက်နှင့် အားကစားနည်းစနစ်များကိုအသေးစိတ်လေ့လာပြင်ဆင်ဆောင်ရွက်ကြရန်၊ ပြိုင်ပွဲများ ယှဉ်ပြိုင်သည့်အခါ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရရှိအောင် ကြိုးစားဆောင်ရွက်သွားရန်နှင့် ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးကိုယ်စားပြုအသင်းများမှ တာဝန်ရှိသူများကလည်း အားကစားနည်းများအလိုက် စနစ်တကျလေ့ကျင့်ပေးရန်လိုကြောင်း၊ အလားတူ ပြိုင်ပွဲများကိုကြီးကြပ်ဆောင်ရွက်ကြမည့် ဒိုင်၊ ဂျူရီများအနေဖြင့် ဘက်လိုက်မှုကင်းကင်းနှင့်တရားမျှတစွာဆုံးဖြတ်ဆောင်ရွက်ကြရန်၊ အားကစားပြိုင်ပွဲများ ပြိုင်ဆိုင်မှုပြင်းထန်သည့်အတွက် အငြင်းပွားဖွယ်ရာ ကိစ္စရပ်များ ပေါ်ပေါက်လာပါက ခုံသမာဓိအဖွဲ့များက စနစ်တကျ ကြီးကြပ် ဆုံးဖြတ်နိုင်ရေး စီမံဆောင်ရွက်ထားကြရန် လိုကြောင်း။

❖ **အမျိုးသားအားကစားပွဲတော်ကြီးကျင်းပနေဆဲကာလအတွင်းလုံခြုံရေးကျိုးပေါက်မှုမရှိစေရေးသည် အရေးကြီးဆုံးဖြစ်သည့်အတွက် အားလုံးကလုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့်အလေးထားလိုက်နာဆောင်ရွက်ကြရန် လိုအပ်၊ ပြိုင်ပွဲကာလအတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ တည်းခိုကြမည့်နေရာများတွင် စနစ်တကျရှိစေရေး၊စိတ်အေးချမ်းသာစွာပါဝင်ယှဉ်ပြိုင်နိုင်ရေး၊နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး စသည့်ကိစ္စရပ်များတွင် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများ အနေဖြင့်အသေးစိတ်စီမံဆောင်ရွက်သွားကြရန်လို**

အမျိုးသားအားကစားပွဲတော်ကြီး အနှစ်သာရ ရှိရှိ၊ ရည်မှန်းချက်များအတိုင်း အောင်မြင်စွာကျင်းပနိုင်ရေးဦးစီးကော်မတီ၊လုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာဆပ်ကော်မတီများနှင့်ဝန်ကြီးဌာနများ၊ပြည်နယ်နှင့်တိုင်းဒေသကြီးများအနေဖြင့် အလေးထား လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ပြင် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပနေဆဲ ကာလအတွင်း လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးသည် အရေးကြီးဆုံးဖြစ်သည့်အတွက် အားလုံးက လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် အလေးထား လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြိုင်ပွဲကာလအတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ တည်းခိုကြမည့်နေရာများတွင် စနစ်တကျရှိစေရေး၊ စိတ်အေးချမ်းသာစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးစသည့် ကိစ္စရပ်များတွင် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများအနေဖြင့် အသေးစိတ်စီမံ ဆောင်ရွက်သွားကြရန် လိုကြောင်း။

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ဦးချင်းတစ်ယောက်ချင်းကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေး အသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊တာဝန်ယူဆောင်ရွက်ကြမည့်လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် စီမံချက်ပါ လုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်စေရေးကြိုးပမ်းဆောင်ရွက်သွားရန်နှင့် မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း အရန်အနေဖြင့် ဖြေရှင်းနိုင်ရန် စီမံချက်တွင် ထည့်သွင်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက်ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ပြိုင်ပွဲအမျိုးအစား သတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကို ခေတ်ကာလနှင့်လျော်ညီစွာနိုင်ငံတော်အဆင့်ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေးအတွက်ဆောင်ရွက်သွားမည့် အစီအစဉ်လျာထားချက်များနှင့် အမျိုးသားအားကစားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

## ရှင်းလင်းဆွေးနွေး

ဆက်လက်၍ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီနှင့် ခုံသမာဓိဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် အစီအမံများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက်ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး မိုလ်ချုပ်ကြီး မြထွန်းဦး ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းရှိ သီလဝါဆိပ်ကမ်းတံတားများနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းများကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မိုလ်ချုပ်ကြီးမြထွန်းဦးသည်ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းသီလဝါဆိပ်ကမ်းဧရိယာရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကြီးကြပ်စီမံခန့်ခွဲလျက်ရှိသည့် သီလဝါဆိပ်ကမ်းတံတားများနှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနလက်အောက်မှ ဦးစီးဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ဖြည့်ဆည်းပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါဆိပ်ကမ်းဧရိယာရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း-သီလဝါ (Myanmar International Terminal Thilawa- MITT) သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းလွင်က သီလဝါဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ MITT ဆိပ်ကမ်းနှင့် အခြားဆိပ်ကမ်းတံတားကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရေကြောင်းကုန်သွယ်မှုသည် နိုင်ငံ့လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောရိုးမဏ္ဍိုင်ဖြစ်၍ ရေကြောင်းကုန်သွယ်မှုများ လွယ်ကူ အဆင်ပြေ ချောမွေ့စေရန် အစိုးရဌာနအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများဖြေလျှော့ပံ့ပိုးပေးနေသကဲ့သို့ဆိပ်ကမ်းအာဏာပိုင်နှင့်အတူ လက်တွဲဝန်ဆောင်မှုပေးနေကြသည့် ပုဂ္ဂလိကဆိပ်ကမ်းတံတားများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါသဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းဖြစ်ပေါ်ပြောင်းလဲမှုများကို မျက်ခြည်မပြတ်စောင့်ကြည့် လေ့လာသုံးသပ်ပြီး အစိုးရ-ပုဂ္ဂလိက အကျိုးမျှတစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထား ဆောင်ရွက်ကြရန် မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးသည်။



**လှည့်လည်ကြည့်ရှု စစ်ဆေး**

ဆက်လက်၍ MITT ဆိပ်ကမ်းတံတား၏ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်ကိုင်တွယ်နိုင်မှုနှင့် ဆိုက်ကပ်လာသည့် သင်္ဘောများပေါ်မှ ဓာတ်မြေဩဇာများ ချယူနေမှု၊ Wilmar Myanmar ဆိပ်ကမ်းတံတား၌ စားသုံးဆီနှင့် ကောက်ပဲသီးနှံ ကိုင်တွယ်နိုင်မှုနှင့် သင်္ဘောများပေါ်သို့ ပြောင်းဆန်ပို့ကုန်များ တင်ဆောင်နေမှု၊ Thilawa MPA International Terminal (TMIT)

ဆိပ်ကမ်းတံတား၏ကုန်သေတ္တာနှင့်အထွေထွေကုန်စည် ကိုင်တွယ်နိုင်မှု၊ ပိတောက်ရွှေဝါကုမ္ပဏီ စက်သုံးဆီ ဆိပ်ခံတံတား၏ စက်သုံးဆီ ချယူ ဖြန့်ဖြူးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။



**လိုအပ်သည်များ မှာကြား**

ထိုမှတစ်ဆင့် သန်လျင်မြို့ရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့၊ သင်ကြားရေးဌာနမှူးများ၊ ဆရာဆရာမများနှင့် တွေ့ဆုံကာ နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီသော ရေကြောင်းပညာရပ်များ သင်ကြားပို့ချ၊ လေ့ကျင့်ပေးနိုင်ရေး၊ တက္ကသိုလ်သို့ လာရောက် ပညာသင်ကြားနေကြသည့် ကျောင်းသားကျောင်းသူများ နေထိုင်မှု၊ သင်ကြားမှု၊ လေ့ကျင့်မှုတို့တွင် အဆင်ပြေချောမွေ့စေရေး၊ အမျိုးသားရေးစိတ်ဓာတ်ပြည့်ဝသည့် အနာဂတ်မျိုးဆက်သစ်များအဖြစ် ပျိုးထောင်ပေးနိုင်ရေးကို မှာကြားပြီး တက္ကသိုလ်၏ ခေတ်မီစာကြည့်တိုက်၌ စီစဉ်ပေးထားသော e-Library စနစ်၊ စာအုပ်စာတမ်းများ ထိန်းသိမ်းကိုင်တွယ်မှုစနစ်များနှင့် ရေကြောင်းဆိုင်ရာ လေ့ကျင့်ရေး Simulator ခန်း၏ လက်တွေ့လေ့ကျင့်သင်ကြားမှုစနစ်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးတွင် ရန်ကုန်မြို့၌ အခြေစိုက်သော ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ အကြီးအမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဝန်ထမ်းများအားလုံး နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြရေး၊ ရုံးခန်းများ၊ ရုံးအဆောက်အအုံနှင့် ရုံးပတ်ဝန်းကျင်တို့ကို သန့်ရှင်းသပ်ရပ်၊ စနစ်တကျရှိစေရေး၊ မျိုးဆက်သစ်ဝန်ထမ်းငယ်များကိုလည်း ဌာန၏ ဘာသာရပ်ဆိုင်ရာစာတမ်း၊ စာပေများကိုဖတ်ရှု၊ လေ့လာ ဆည်းပူး မှတ်သား၍ အရည်အချင်း ပိုမိုပြည့်ဝသူများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရေး၊ ဌာန၏ လုပ်ငန်းတာဝန်များကို အဖွဲ့စနစ် (Team Work) ဖြင့် ဖြေရှင်းဆောင်ရွက်တတ်စေရေးတို့ကို မှာကြားသည်။




**ခင်မင်ရင်းနှီးစွာ နှုတ်ဆက်**

ထိုမှတစ်ဆင့် ဗိုလ်တထောင်မြို့နယ်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူများက Integreted Vessel Monitoring and Tracking System ဆိုင်ရာ တင်ပြမှုအပေါ် အခြားဆက်စပ်ဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း၍ အကျိုးရှိစွာ အသုံးချရေးမှာကြားပြီး ဝန်ထမ်းများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ဆက်လက်၍ ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ရုံးအဆောက်အအုံနှင့် ရုံးခန်းများ၊ ပုဇွန်တောင်ချောင်းကမ်းပါးတွင် ဌာနပိုင်ရေကြောင်းပြရေယာဉ်များနှင့်သောင်တူးသင်္ဘောများလွှန်းတင်ပြင်ဆင်နိုင်ရေး တိုးချဲ့တည်ဆောက်နေသည့် ဘိုးပိုင်အခြေပြုသံကူကွန်ကရစ်လွှန်းကျင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် (၂၀၂၁–၂၀၃၀)ကို ကဏ္ဍကြီး (၈) ရပ်၊ လုပ်ငန်းစဉ်ပေါင်း ၁၀၈ ခုတို့ဖြင့် ရေးသားပြုစုချမှတ်ထားပြီးဖြစ်**





အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council-NRSC)၏တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီးကောင်စီအဖွဲ့ဝင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

## ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်

ဦးစွာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးနောက် တတိယအကြိမ် ကျင်းပသည့် အစည်းအဝေး ဖြစ်ကြောင်း၊ယခင်နှစ် ၂၀၂၃ ခုနှစ်အတွင်းနိုင်ငံနှင့်အဝန်းဖြစ်ပေါ်ခဲ့သည့်ယာဉ်တိုက်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးပြီး ယခုနှစ်စီမံဆောင်ရွက်သင့်သည့်အချက်များ၊ ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးအတွက် မြန်မာနိုင်ငံ၏ National Road Safety Action Plan (2021-2030) လုပ်ငန်းစီမံချက်ပါ အဓိကရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအတိုင်း မျက်ခြည်မပြတ် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ယခင်နှစ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ယခင်နှစ်များထက် ပိုမိုတိုးတက် အောင်မြင်အောင် ကြိုးပမ်းသွားရမည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်ချမှတ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း။

## ရေတို/ရေရှည်လုပ်ငန်းစီမံချက်များ အထူးအလေးထားဆောင်ရွက်

မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၌ ရေရှည်အထောက်အကူပြု လွှမ်းခြုံဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း စီမံ

ချက် (၂၀၂၁- ၂၀၃၀) ကိုကဏ္ဍကြီး(၈)ရပ်၊ လုပ်ငန်းစဉ်ပေါင်း ၁၀၈ ခုတို့ဖြင့် ရေးသား ပြုစုချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ NRSC က ချမှတ်ထားသည့် Quick Win အစီအစဉ်(၅) ရပ်နှင့် လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၃၀) တို့သည် ကမ္ဘာလုံးဆိုင်ရာယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး မဏ္ဍိုင်ကြီး (၅) ရပ်ဖြစ်သည့် ယာဉ်အန္တရာယ်၊လမ်းအန္တရာယ် ကင်းရှင်းရေးကြီးကြပ်မှု (Road Safety Management)၊ ပိုမိုအန္တရာယ်ကင်းသော လမ်းများနှင့် ယာဉ်သွားလာမှု (Safer Road and Mobility)၊ ပိုမိုအန္တရာယ်ကင်းသော ယာဉ်များ (Safer Vehicles)၊ ပိုမိုအန္တရာယ် ကင်းသည့် လမ်းအသုံးပြုသူများ (Safer Road Users)နှင့် ယာဉ်တိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှု (Post- Crash Response) တို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြုစုထားသည့် Global Road Safety Plan ပါ Voluntary Targets(၁၂) ချက်ကိုပါ အခြေခံ၍ ပြုစုရေးဆွဲချမှတ်ထားခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အတွက်ဆပ်ကော်မတီများ၊တိုင်းဒေသကြီး/ ပြည်နယ်ကောင်စီများအနေဖြင့် လုပ်ငန်း Guidelines သဖွယ်ဖြစ်သည့် Quick Win အစီအစဉ်များနှင့် Action Planပါရေတို/ရေ ရှည်လုပ်ငန်း စီမံချက်များကို အထူးအလေး ထား ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွား ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်း နောင်တို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်း အန္တရာယ်ကင်းရှင်းရေးစီမံချက် National Road Safety Action Plan (2021-2030) ပါ ရည်ရွယ်ချက်၊ ရည်မှန်းချက်လုပ်ငန်းစဉ် များနှင့် Quick Win အစီအစဉ်(၅) ရပ် အပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ သည့်လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင် ရွက်သွားမည့်လုပ်ငန်းအစီအစဉ်များကိုဆွေး နွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန် ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက ၂၀၂၃ ခုနှစ် အမျိုးသားယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာနှင့် Global Status Report on Road Safety (2023)ပါ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တ ရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှု လေ့လာတင်ပြချက်များကို သုံးသပ်လျက် ကမ္ဘာတစ်ဝန်းယာဉ်တိုက်မှုကြောင့် သေဆုံး မှုသည် ၂၀၁၈ ခုနှစ်နောက်ပိုင်းကျဆင်းလာ သကဲ့သို့ မြန်မာနိုင်ငံ၌လည်း ၂၀၁၇ ခုနှစ် နောက်ပိုင်းမှစ၍နှစ်စဉ်ဆက်တိုက်ကျဆင်း လျက်ရှိကြောင်း၊လူဦးရေတစ်သိန်းလျှင်ယာဉ် တိုက်မှုကြောင့် သေဆုံးမှုကြိတ်နှုန်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ် တွင် ၁၅ဦးနှုန်းအထိ ကျဆင်းခဲ့ပြီးမြန်မာနိုင်ငံ ၌၅ဒသမ၇၁ဦးနှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်း နှစ်ဘီး၊ သုံးဘီးတပ် ယာဉ် တိုက်မှုကြောင့်သေဆုံးမှုသည် ၂၁ ရာခိုင်နှုန်း သာရှိသော်လည်းအရှေ့တောင်အာရှဒေသ နိုင်ငံများ၌ ၄၈ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံ၌ ၄၅ ရာခိုင်နှုန်းရှိနေကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးပထမ ၁၀ စုနှစ် ဖြစ်သော ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကာလအတွင်း ရည်မှန်းချက်ဖြစ်သည့်တွက် ချက်မှု အခြေခံနှစ် ၂၀၁၀ ပြည့်နှစ်၏ ယာဉ် တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရမှုနှုန်းအား ၂၀၂၀ ပြည့်နှစ်တွင် ၅၀ ရာခိုင်နှုန်းအထိ လျော့ချရေး ရည်မှန်းချက် ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံပေါင်း ၁၀ နိုင်ငံသာရှိပြီး မြန်မာနိုင်ငံ အပါအဝင်ကျန်နိုင်ငံအများစုမှာပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ကမ္ဘာ့ကျန်း မာရေးအဖွဲ့ (WHO) ၏ Five Key Risk Factors နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက် လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲရေးကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ် ကော်မတီ၊ သုတေသနပြုရေးနှင့်ကျန်းမာရေး ဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်မကော်မတီ တို့မှ အတွင်းရေးမှူးများက ဆပ်ကော်မတီ အလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် NRSC ၏ ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆပ်ကော်မတီများ အလိုက် ဆောင်ရွက်ပြီးစီးမှုများကိုလည်း ကောင်း၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တိုင်း ဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက NRSC ၏ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် Quick Win အစီ အစဉ် (၅) ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အစည်းအဝေးသို့တက်ရောက် လာကြသူများက ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းဖောက်ဖျက်မှု၊ စနစ်တကျ စောင့်ကြည့် မှု၊ အရေးယူဆောင်ရွက်မှု၊ ပြည်သူများအား အသိပညာပေးမှု၊ ယာဉ်အန္တရာယ်ဖြစ်ပွားပါ ကအရေးပေါ်ဆောင်ရွက်ရမည့် အချက်များ အား ပြည်သူများသိရှိနိုင်ရေး အသိပညာပေး ဆောင်ရွက်ထားရှိမှုရေးဦးပြုစုခြင်းသင်တန်း များ ဖွင့်လှစ်ပေးမှုနှင့် ယာဉ်၊လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်မှု၊ လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြ များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များ ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး မိုလ်ချုပ်ကြီး မြထွန်းဦး ရန်ကုန်-ပဲခူး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများနှင့် ပဲခူးမြို့အခြေစိုက် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မိုလ်ချုပ်ကြီးမြထွန်းဦးသည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်ဘူတာကြီး မြို့ပတ်ရထား ရပ်နား၊ ထွက်ခွာသည့်စင်္ကြံအား DEMU ရထားတွဲဆိုင်းများဖြင့် လိုက်လျောညီထွေဖြစ်စေရေး ပြန်လည်မွမ်းမံတည်ဆောက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေး၊ ခရီးသည်များ ရထားပေါ်တက်/ဆင်းမှုအဆင်ပြေစေရေး၊စင်္ကြံ၌ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု စနစ်တကျ ဖြစ်စေရေး လိုအပ်ချက်များကို မှာကြားသည်။

**မောင်းနှင်နိုင်မှုကို စစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်- မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ အဆင့် (၁) လုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန်အတွက် ရန်ကုန်ဘူတာကြီးမှ ပဲခူးဘူတာသို့ RBE အထူးရထားဖြင့်အဆန်လမ်းမှလိုက်ပါစီးနင်းပြီးစီမံကိန်းပြီးစီးမှုအခြေအနေကြောင့်ရထားအမြန်နှုန်း တိုးမြှင့်မောင်းနှင်နိုင်မှုကို စစ်ဆေးသည်။

ထို့နောက် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တိုင်းအဆင့်တာဝန်ရှိသူများကို ခရီးလမ်းတစ်လျှောက် ရထားလမ်းဘေးဝဲယာတွင် အမှိုက်များ ကင်းစင်ရေးကိစ္စ၊ ကျူးကျော်တဲများ ရှင်းလင်းရေးကိစ္စတို့ကို မှာကြားခြင်း၊ တိုးကြောင်ကလေးဘူတာတွင် ခရီးသည် အတက်/အဆင်းများ စနစ်တကျဖြစ်ရေး မှာကြားခြင်း၊ ကျောက်တန်းဘူတာတွင်စီမံကိန်းအရတပ်ဆင်ထားသောရထားထိန်းချုပ်စေလွှတ်သည့် Relay Interlocking System ကိုင်တွယ်ထိန်းသိမ်းမှုကို စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ပဲခူးဘူတာမှ RBE အထူးရထားစီးနင်းကာ မကြာမီက ပဲခူးဘူတာနှင့် ရွှေလှေဘူတာအကြား ရထားလမ်းပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်း၍ ငမိုးရိပ်ချောင်းရေလျှံပြီး ရေကျော်ခဲ့မှုကြောင့် ရထားလမ်းပျက်စီးခဲ့သည့် နေရာများသို့ သွားရောက်ကြည့်ရှု စစ်ဆေးကာနောင်ကာလတွင်ဤသို့ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးစေရေး ဆောင်ရွက်သင့်သည့် လုပ်ငန်းကို ဆွေးနွေးညှိနှိုင်းကြသည်။

**နေ့လယ်စာ အတူတကွ သုံးဆောင်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးဘူတာ ယာဒ်ဝင်းအတွင်း စီမံကိန်းအားဖြင့် တပ်ဆင်ပြီးစီးနေသည့် မော်တာ

အသုံးပြုရထားလမ်းလွှဲ၊ လမ်းကူးဆောင်ရွက်သည့်ကိရိယာ (Electronic Interlocking System)နှင့် ဘူတာယာဒ်ဝင်းအတွင်း ရထားထိန်းချုပ်သည့် ခေတ်မီနည်းစနစ် တပ်ဆင်အသုံးပြုပုံတို့ကို စစ်ဆေးကြည့်ရှုပြီး စနစ်တကျကိုင်တွယ်ထိန်းသိမ်းရေးလိုအပ်ချက်များ မှာကြားပြီး မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ပဲခူးမြို့၌ တာဝန်ထမ်းဆောင်လျက်ရှိနေသည့် ဝန်ကြီးဌာနလက်အောက်ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့တော်ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံ့အကျိုးစီးပွားအတွက် ဝန်ထမ်းကောင်းများ ပီသစွာဖြင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြစေရေး၊ ရာထူးအလိုက် တာဝန်ဝတ္တရားများကို သိရှိ နားလည်၊ တတ်ကျွမ်းအောင် လေ့လာဆည်းပူးကြပြီး ကိုယ့်အရည်အချင်းကို တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြစေရေး၊ စာကြည့်တိုက်များ ထူထောင်၍ စာဖတ်သည့် အလေ့အကျင့် ရှိစေရေး၊ ဌာနအလိုက်ပုံမှန်ဆန္ဒဖော်ထုတ်ပွဲများဆောင်ရွက်ကာဝန်ထမ်းများ၏အခက်အခဲတင်ပြမှုများအားဖြေရှင်းဆောင်ရွက်ပေးရေးကိစ္စများကို မှာကြားပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာလက်ဆောင်များပေးအပ်သည်။ ယင်းနောက် ပဲခူးမြို့ရှိ မြန်မာ့စာတိုက်လုပ်ငန်း တိုင်းမန်နေဂျာရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့် မိသားစုဝင်များကို ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်၍ စာပို့လုပ်ငန်း စွမ်းဆောင်နိုင်မှုများ တင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။



**ညီနှင်းပေါင်းစပ်**

မွန်းလွဲပိုင်းတွင် ပဲခူးဘူတာမှ RBE အထူးရထားဖြင့် လိုက်ပါ၍ ပဲခူး-ရန်ကုန် အစုန်လမ်းပိုင်းအတွင်း စီမံကိန်းအားဖြင့် ရထားလမ်းနှင့် တံတားများပြီးစီးနေမှုအခြေအနေ၊ မိုင်နှုန်းတိုးမြှင့် မောင်းနှင်နိုင်မှု အခြေအနေတို့ကို စစ်ဆေးကြည့်ရှုကာ ဘူတာများ စနစ်တကျဖြစ်စေရေးကိစ္စ၊ ရထားလမ်းလုံခြုံရေး၊ ကျူးကျော်ရှင်းလင်းရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် ကိစ္စများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့စာတိုက်လုပ်ငန်းမှ "Peacock Pansy" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးခဲ့




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ်မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် "Peacock Pansy" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုးအား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီ ၃၀ မိနစ်အချိန်မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးခဲ့ပြီး အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၃၁) ရက်နေ့တွင်ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်းအား ကွန်ပျူတာစနစ်ရေးဆွဲတည်ဆောက်ခြင်းအတွက် သဘောတူစာချုပ် ချုပ်ဆို




ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် "ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းအား ကွန်ပျူတာစနစ် ရေးဆွဲတည်ဆောက်ခြင်း" ကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၆/၂၀၂၄ က သဘောတူခွင့်ပြုချက်ဖြင့် ဌာနနှင့် Secure Link Co., Ltd. တို့အကြား သဘောတူစာချုပ် ချုပ်ဆိုခြင်းအခမ်းအနားကို ဩဂုတ် ၉ ရက်၊ နေ့လည် ၁ နာရီတွင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူနှင့် Secure Link Co., Ltd. အမှုဆောင်အရာရှိချုပ် ဦးထွန်းထွန်းဝင်းတို့က သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ်အရ စနစ်တည်ဆောက်ရေးကာလ ၆ လ ပြီးပါက ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းလုပ်ငန်းများအနက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်း၊ လုပ်ငန်းလိုင်စင်ပြင်ဆင်ပြောင်းလဲခြင်းလုပ်ငန်းတို့ကို ရန်ကုန်တိုင်းဒေသကြီးရုံးနှင့် မန္တလေးတိုင်းဒေသကြီးရုံးတို့တွင် ကနဦး စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် ကွန်ပျူတာစနစ် တည်ဆောက်ရေးကာလ ၆ လ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးအားလုံးတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းများကို Website, Web Portal , Mobile( IOS/ Android) တို့မှတစ်ဆင့် လျှောက်ထားဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်သူ ပြည်သူလူထုများအနေဖြင့် ဌာနမှ ခွင့်ပြုထုတ်ပေးလျက်ရှိသည့် လုပ်ငန်းလိုင်စင်များကို Online မှ လျှောက်ထား ရယူသွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့(ပို/ဆက်)**

## မြန်မာ့စာတိုက်လုပ်ငန်းမှ အာဆီယံထူထောင်ခြင်း (၅၇) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးခဲ့




ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ၂၀၂၄ ခုနှစ် အာဆီယံထူထောင်ခြင်း (၅၇) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်(၁)မျိုးအား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၈) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း (၄) ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီ ၃၀ မိနစ်အချိန်မှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးခဲ့ပြီး အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ၂၀၂၄ ခုနှစ်၊ဩဂုတ်လ (၈) ရက်နေ့တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**

# ကမ္ဘာ့ ပင်လယ်ရေကြောင်းကုန်သွယ်ရေး အနာဂတ်အလားအလာ (အပိုင်း-၁)

ရွှေဘို ကိုသန်း



ကမ္ဘာပေါ်ရှိ အခြားအခြားသောကဏ္ဍများစွာကဲ့သို့ပင် ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း တိုးတက်မှုများ၊ စိန်ခေါ်မှုများ ဒွန်တွဲဖြစ်ပေါ်လျက်ရှိသည်။ ရေကြောင်းကုန်သွယ်ရေးကဏ္ဍတွင် ခေတ်မီနည်းပညာအသုံးပြုလာနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာအသုံးပြုသည့် အခြေခံအဆောက်အအုံဆိုင်ရာတိုးတက်မှု၊ ရေကြောင်းကုန်သွယ်မှုပမာဏ များပြားတိုးတက်လာခြင်းနှင့် လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစည်းမျဉ်းများ ပိုမိုတင်းကျပ်ချမှတ်နိုင်မှုစသည့် တိုးတက်မှုများရှိသကဲ့သို့ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါများနှင့် ပဋိပက္ခများကြောင့် ကုန်သွယ်ရေးလမ်းကြောင်း နှောင့်နှေးမှုများ၊ ပုံမှန်မဟုတ်သော ရာသီဥတုပြောင်းလဲခြင်းများ၊ ရေကြောင်းလုပ်သားပြဿနာများ၊ ဆိုက်ဘာတိုက်ခိုက်ခံရခြင်းများစသည့် စိန်ခေါ်မှုများကိုလည်း ကြုံတွေ့ရလျက်ရှိပါသည်။

ကမ္ဘာ့ပင်လယ်ရေကြောင်းကုန်သွယ်ရေး၏ အနာဂတ်အလားအလာကို လေ့လာနိုင်ရန် ပထမဦးစွာ ရေကြောင်းကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်ဆက်နွယ်နေသည့်အချက်များကို သိရှိရန်လိုပါသည်။ ပထဝီနိုင်ငံရေးဆက်နွယ်မှု၊ သဘာဝပတ်ဝန်းကျင်၊ သယံဇာတအရင်းအမြစ်၊ နည်းပညာနှင့် လူမှုရေးဆိုင်ရာစသည့် အချက် (၅) ချက်အား ရေကြောင်းကုန်သွယ်မှုအပေါ် သက်ရောက်လွှမ်းမိုးနေသည့် နယ်ပယ်ငါးရပ်အဖြစ် ပညာရှင်များက တွက်ချက်အသိအမှတ်ပြုထားကြသည်။

**ပထဝီနိုင်ငံရေးဆက်နွယ်မှု**

ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် ပထဝီနိုင်ငံရေး ဆက်နွယ်မှုသည် ရှုပ်ထွေးလွန်းလှပြီး ဤတစ်ခုတည်းမှပင် စီးပွားရေး၊ နည်းပညာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘက်ပေါင်းစုံမှ ဗျူဟာမြောက် အကြောင်းအချက်များ ရောနှောပါဝင်နေပါသည်။ ပင်လယ်ရေလမ်းကြောင်းများ၊ ဆိပ်ကမ်းအနေအထားများနှင့် ရေလမ်းကြောင်းအဟန့်အတားများစသည်တို့မှာ မဟာဗျူဟာမြောက် အရေးပါသောအချက်များ ဖြစ်ကြသည်။

ယနေ့ခေတ် ထောက်ပံ့ပို့ဆောင်ကွင်းဆက်များ၊ ကုန်သွယ်မှုမူဝါဒများနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဖွဲ့စည်းခြင်းများ၏ တစ်စိတ်တစ်ဒေသသည် ရေနံလုပ်ငန်းအကျိုးစီးပွားအပေါ် အခြေပြု၍ ပုံသွင်းထားကြကြောင်း လေ့လာသူများက ဆိုပါသည်။ ရေနံအများဆုံးထွက်ရှိရာ အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ဒေသတွင်းတင်းမာမှုများ၊ နိုင်ငံကြီးများ၏ ဈေးကွက်လက်ဝါးကြီးအုပ်လိုမှုများကြောင့် ဟော်လမုဇ်ရေလက်ကြား မတည်မငြိမ်ဖြစ်မှုများသည် ကမ္ဘာ့ရေနံဈေးကွက်နှင့် ရေနံသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို ထိခိုက်ပြောင်းလဲမှုများ ဖြစ်ပေါ်စေပါသည်။ နောင်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးချလာမှုနှင့်အတူ စွမ်းအင်စနစ် ဆန်းသစ်လာမှုများဖြစ်ပေါ်လာပါက နိုင်ငံများ၏ရေနံအသုံးပြုစွမ်းအင်အပေါ် အားထားနေရခြင်းများ လျော့ကျလာမည်ဖြစ်ရာ ကုန်သွယ်ရေးပုံစံ ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

အီဂျစ်နှင့် ပတ်ဝန်းကျင်နိုင်ငံများ၏ နိုင်ငံရေးမတည်ငြိမ်မှုများသည် ဥရောပ-အာရှ ဆက်သွယ်ရေး၏ အဓိကကျသည့် စူးအက်တူးမြောင်း ဖြတ်သန်းမှုကို ထိခိုက်စေပြီး သင်္ဘောသွားလာမှုအပေါ် သက်ရောက်မှုရှိသည်။ ထို့အတူ အတ္တလန္တိတ်နှင့် ပစိဖိတ်ရေပြင်ကို ဆက်သွယ်ပေးသည့် အရေးပါသော ပနားမားတူးမြောင်းကုန်သွယ်ရေးမှာလည်း ပနားမားနိုင်ငံ၏ ထိန်းချုပ်မှု၊ တူးမြောင်းစီမံခန့်ခွဲမှုဆိုင်ရာရှုပ်ထွေးမှုများကြောင့် သင်္ဘောသွားလာမှုများ မကြာခဏ ထိခိုက်ရပါသည်။

တောင်တရုတ်ပင်လယ်ပြင်ကို ဖြတ်သန်းသွားလာရသော ကမ္ဘာ့ရေကြောင်းကုန်သွယ်မှုတွင်လည်း တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အခြားနိုင်ငံများအကြား ရေပြင်ပိုင်နက်ဆိုင်ရာအငြင်းပွားမှုများကြောင့် ရေကြောင်းကုန်သွယ်မှုလုံခြုံရေးနှင့် လွတ်လပ်သောသင်္ဘောခုတ်မောင်းသွားလာမှုအပေါ် ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်သည်ကို စိုးရိမ်ပူပန်မှုများရှိကြပါသည်။

ရေခဲပြင်များ ဖုံးလွှမ်းမှုကြောင့် အချိန်ပိုင်းအလိုက် သွားလာရသော အာတိတ်ရေလမ်းကြောင်းမှာ ရေခဲပြင်များ အရည်ပျော်လာမှုနှင့်အတူ ရေလမ်းသွားလာနိုင်မှု အချိန်ပိုမိုရရှိလာနိုင်သည်ဖြစ်ရာ ရုရှား၊ အမေရိကန်၊ ကနေဒါနှင့် မြောက်ပိုင်းနိုင်ငံများအတွက် ကုန်သွယ်ရေးလမ်းကြောင်းများ ပိုမိုထွက်ပေါ်လာရန်လည်း ရှိသည်။

ယနေ့ဖြစ်ပေါ်လာနေသော အနေအထားများအရ နောင်တစ်ချိန်တွင် ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ပြိုကွဲခြင်း (Deglobalization) သို့ ရောက်ရှိရန် အလားအလာများ မြင်တွေ့နေရသည်ဟု ကောက်ချက်ချကြပါသည်။ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများ၏ တင်းကျပ်သောစံနှုန်းများ၊ အကျိုးစီးပွားအပေါ် အခြေခံသော ဘက်လိုက်စည်းမျဉ်းများကြောင့် ဒေသတွင်းအချင်းချင်း ချိတ်ဆက်မှုများ၊ အိမ်နီးချင်းကမ်းရိုးတန်းကုန်သွယ်မှုများ၊ ဒေသအလိုက် လွတ်လပ်သော ကုန်သွယ်မှုမူဝါဒများ ဖြစ်ပေါ်ချမှတ်လာကြခြင်းနှင့် နိုင်ငံတစ်ခု၏ အရေးကြီးသောကဏ္ဍများကို ကာကွယ်လိုမှုအတွက် ပေါ်လစီသီးသန့်ချမှတ်လာကြမှုများသည် အဆိုပါ အလားအလာများပင် ဖြစ်ကြသည်။

ထိုသို့ ဖြစ်ပေါ်လာပါက နောင်တွင်ဒေသတွင်း အကျိုးတူအဖွဲ့အစည်းငယ်များ ပိုမိုဖွဲ့စည်းပေါ်ပေါက်လာဖို့ ရှိပါသည်။ ကုန်သွယ်ရေး ရေကြောင်းခရီးလမ်းများသည်လည်း ထိုဖွဲ့စည်းမှုများကို လိုက်၍ အပြောင်းအလဲများဖြစ်ပေါ်လာနိုင်ပြီး အထူးသဖြင့် ချမ်းသာကြွယ်ဝသော ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၎င်းတို့၏ စီးပွားရေးတိုးတက်လာသော အနေအထားကို အသုံးချ၍ ဒေသတွင်းကုန်သွယ်မှုကွန်ယက်များ ထူထောင်လာမည့် အနေအထား ရှိပါသည်။

ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများမှာ ချမှတ်ထားသော အပြည်ပြည်ဆိုင်ရာစံနှုန်းများကို တိကျစွာ လိုက်နာနေကြရပါသည်။ နည်းပညာဆိုင်ရာနှင့် လုံခြုံဘေးကင်းရေးဆိုင်ရာစံနှုန်းများ များပြားရှုပ်


MMKH

Myanmar Kong Hua Port (Thilawa)



Terminal Data
- General Cargo Terminal
  Plot No.37, Kong Hua Port, Thilawa, Kyauktan Township, Yangon.
- Length of the Jetty Platform 200 Meters
  Breadth of Jetty Platform 17.5 Meters
  Length of Trestle 175.5 Meters
  Breadth of the Approach Trestles 10 Meters
- Draft 11.5m

Import / Export Service
- Construction Material, Coal, Fertilizer, Urea, Slag, Agriculture Products

Storage Service
- Standard Warehouse Capacity 12,000 Ton
  (Length x Breadth x Heigh – 400m x 300m x 7.7m)

One Station Logistic Service with
- Electronic weighing Scale
- 4 Sets of port trailers
- 1 Set of wheel loaders
- 1 Set of Excavator
- 6 Sets of Dumping –Truck ( 40 Tons)
- Fresh Water Tank (200,000 Ltrs)

ထွေးလာသည်နှင့်အမျှ သီးသန့်ဇရိယာများတွင်ပြေးဆွဲသောရေယာဉ်ငယ်များအတွက် ထိုပြောင်းလဲလာသော စံနှုန်းများကို အမီလိုက်နိုင်ရေးမှာ အဓိကစိန်ခေါ်မှုတစ်ရပ် ဖြစ်လာသည်။ ထို့ကြောင့် နိုင်ငံအလိုက်နှင့် ဒေသအလိုက် မိမိတို့ဇရိယာအတွင်း လိုက်နာရမည့်စံနှုန်း လျှော့ပေါ့သတ်မှတ်မှုများ ပေါ်ပေါက်လာနိုင်သည်။ အကျိုးဆက်အားဖြင့် ဒေသတွင်းကုန်သွယ်မှုကို ပိုမိုတွန်းအားပေးလာပြီး တင်းကျပ်သောစည်းမျဉ်းများကို ရှောင်ရှားရန် ကြိုးပမ်းလာကြနိုင်သည်။ ဆိပ်ကမ်းတစ်ခုချင်းစီသည် မိမိတို့ဆိပ်ကမ်းသို့ ဝင်ထွက်သွားလာမည့် ရေယာဉ်များအတွက် ကိုယ်ပိုင်စံနှုန်းများနှင့် လိုအပ်ချက်များကို သတ်မှတ်လာကြမည်ဖြစ်သည်။ ရေယာဉ်များမှာလည်း အရွယ်အစား ပို၍သေးငယ်လာပြီး ဒေသတွင်း ကူးလူးခုတ်မောင်းရန်အတွက်သာ ရည်ရွယ်တည်ဆောက်ကြမည်ဖြစ်ပြီး ခရီးရှည်သွား အရွယ်အစားကြီးမားသော သင်္ဘောကြီးများ အရေအတွက် ကျဆင်းလာနိုင်ပါသည်။ အိမ်နီးချင်းကုန်သွယ်မှုများ ပိုမိုပြုလုပ်လာကြမည်ဖြစ်သဖြင့် ရေကြောင်းခရီးလမ်းတာများသည် ပိုမိုတိုတောင်းလာနိုင်ပါသည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု**

ရာသီဥတုပြောင်းလဲလာမှုများ၊ ပင်လယ်ပြင်ညစ်ညမ်းမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစည်းမျဉ်းများ၊ ရေကြောင်းအသုံးချခေတ်မီနည်းပညာစသည့် အချက်များသည် ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုကို ဖြစ်ပေါ်စေမည့် အကြောင်းတရားများ ဖြစ်ပါသည်။ အနာဂတ်တွင် ကာဗွန်လျှော့ချမှုများ၊ လောင်စာနည်းပညာဆန်းသစ်မှုများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဆိုပါက ရေရှည်တည်တံ့ပြီးဖွံ့ဖြိုးသော အနာဂတ် ရေကြောင်းသယ်ယူပို့ဆောင်ရေးစနစ် ထွက်ပေါ်လာနိုင်ပါသည်။

> ကာဗွန်ဓာတ်ငွေ့လျှော့ချရေး ပါရီသဘောတူညီချက်အရ ၂၀၅၀ ခုနှစ်အရောက်တွင် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်မှုကို အသားတင် ပိုမိုမှု မရှိသည့် မျှခြေပမာဏ (Net-Zero) ရောက်ရှိရေး ရေကြောင်းကဏ္ဍမှလည်း ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်...

ကမ္ဘာ့ရေကြောင်းကုန်သွယ်မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်မှု၏ ၃ ရာခိုင်နှုန်းခန့်ကို ဖြစ်ပေါ်စေသည်ဟု တွက်ချက်မှန်းဆထားကြပါသည်။ ကာဗွန်ဓာတ်ငွေ့ လျှော့ချရေး ပါရီသဘောတူညီချက်အရ ၂၀၅၀ ခုနှစ်အရောက်တွင် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်မှုကို အသားတင် ပိုမိုမှု မရှိသည့် မျှခြေပမာဏ (Net-Zero)ရောက်ရှိရေး ရေကြောင်းကဏ္ဍမှလည်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပါရီသဘောတူညီချက်၏ အဓိကရည်ရွယ်ချက်မှာ ၂၀၅၀ ခုနှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်မှုပမာဏသည် လေထုမှ ဖယ်ရှားနိုင်သည့် ပမာဏထက် မများစေရန်ဖြစ်ပြီး ကမ္ဘာကြီးပူနွေးလာခြင်းကို ထိရောက်စွာ ဟန့်တားနိုင်ရန်လည်း ဖြစ်ပါသည်။

ဆောင်ရွက်ရမည့်နည်းလမ်းများမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များ ပြောင်းလဲအသုံးပြုခြင်း၊ စွမ်းအင်အသုံးချမှုကို အလေအလွင့်မရှိစေဘဲ ထိရောက်မှုရှိခြင်း၊ နည်းပညာများ တီထွင်အသုံးချခြင်း၊ ကာဗွန်စုပ်ယူမှုအရင်းအမြစ်များကို တိုးတက်စေမည့်နည်းလမ်းများဖြစ်သော သစ်တောများနှင့် စိမ့်မြေများကို ပြုစုပျိုးထောင်ခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုနည်းသော လူနေမှုပုံစံများကို ကျင့်သုံးမည့်မူဝါဒများကို အကောင်အထည်ဖော်ခြင်းတို့ ပါဝင်နိုင်သည်။

ကမ္ဘာကြီးပူနွေးလာမှုနှင့် ဂေဟစနစ်များ ပျက်စီးယိုယွင်းလာမှုများကြောင့် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များဖြစ်သော ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ သဘာဝကပ်ဘေးများအဖြစ်များလာခြင်း၊ ပြင်းထန်သော ရာသီဥတုဖောက်ပြန်မှုနှင့် ဇီဝမျိုးစုံ မျိုးကွဲများ ဆုံးရှုံးခြင်းကို ကြုံတွေ့ရင်ဆိုင်ရနိုင်သည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုများသည် ဆိပ်ကမ်းများ၊ သင်္ဘောကျင်းများ အပါအဝင် ကမ်းရိုးတန်း အခြေခံအဆောက်အအုံများကို ထိခိုက်နိုင်မည့် အန္တရာယ်ရှိပါသည်။ ဖြစ်ပွားသည့်အကြိမ်ရေ တိုးလာမည့် ပြင်းထန်သော မုန်တိုင်းများကြောင့် သင်္ဘောခရီးစဉ်များ ဖျက်သိမ်းရခြင်း၊ သင်္ဘောနှင့် ကုန်စည်၊ ဆိပ်ကမ်း အခြေခံအဆောက်အအုံများ ပျက်စီးနိုင်ခြင်း၊ သင်္ဘောခုတ်မောင်းသွားလာမှုအန္တရာယ်နှင့် ကုန်ကျစရိတ်များ ပိုမိုကုန်ကျလာနိုင်ခြင်းစသည်တို့ ကြုံတွေ့လာရနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO) သည် ရေယာဉ်အင်ဂျင်များမှ ထွက်သော ဆာလဖာအောက်ဆိုဒ်နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်ဓာတ်ငွေ့များကို လျှော့ချရေး စည်းမျဉ်းများ သတ်မှတ်ထားပါသည်။ ထို့ကြောင့် နောင်တွင် သန့်ရှင်းဇီဝလောင်စာများ၊ အိတ်ဇောစစ်ထုတ်မှုနည်းပညာများ၊ အခြားစွမ်းအင်အရင်းအမြစ်များပေါ်ထွက်လာရန် ရှိသည်။ ရေယာဉ်ဟန်ချက်ထိန်း ထည့်သွင်းရေများတွင် ပါဝင်လာမည့် ဒေသခြား ရေနေမျိုးစိတ်များပြန့်ပွားမှုနှင့် ဒေသတွင်းရေနေဂေဟစနစ်များ မပျက်စီးခြင်းမှ ကာကွယ်ရန် ရေယာဉ်ဟန်ချက် ထိန်းရေစီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှု (Ballast Water Management) စည်းမျဉ်းများလည်း သတ်မှတ်ထားသည်။ ထို့အပြင် မတော်တဆမှုနှင့် ရေယာဉ်ခုတ်မောင်းခြင်းမှ ပင်လယ်တွင်းသို့ ဆီ

ယိုဖိတ်မှုများ၊ ရေယာဉ်ပေါ်မှစွန့်ပစ်အမှိုက်များကြောင့် ပင်လယ်ပြင် ရေထုညစ်ညမ်းမှုများမှ ကာကွယ်ရန်လည်း သက်ဆိုင်ရာစည်းမျဉ်းများ ရှိပါသည်။

**သဘာဝအရင်းအမြစ်များဆိုင်ရာ သက်ရောက်မှု**

သဘာဝအရင်းအမြစ်များနှင့် တူးဖော်ထုတ်လုပ်ရာ ဒေသများသည် ရေကြောင်းသယ်ယူပို့ဆောင်ရေးအပေါ်တွင် အရေးပါသော သက်ရောက်မှု ရှိပါသည်။ ၎င်းတို့ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူခြင်း၊ သုံးစွဲခြင်းတို့မှ ကုန်သွယ်ရေးလမ်းကြောင်းဖြစ်ပေါ်မှုများ၊ ကုန်သွယ်မှုပုံစံအမျိုးအစားများနှင့် ပထဝီနိုင်ငံရေးတို့ကို ဖြစ်ပေါ်လာစေပြီး အနာဂတ်တွင်လည်း ဆက်လက်၍ အရေးပါနေဦးမည် ဖြစ်ပါသည်။

ရေနံစိမ်း၊ ရေနံထွက်ပစ္စည်းများ၊ သဘာဝဓာတ်ငွေ့ရည်ကဲ့သို့ စွမ်းအင်ထုတ်ကုန်များကို ရေကြောင်းဖြင့်သယ်ယူပို့ဆောင်ခြင်းများအတွက် စွမ်းအင်ထောက်ပံ့လမ်းကြောင်းများနှင့် ကုန်သွယ်မှုပမာဏတို့မှာ ကမ္ဘာ့စီးပွားရေးအပေါ် ပုံဖော်နေသော အချက်များ ဖြစ်ပါသည်။ ၎င်းတို့ထွက်ရှိရာ အရှေ့အလယ်ပိုင်းနိုင်ငံများမှသည် စွမ်းအင်အသုံးချမှု အများဆုံးနိုင်ငံများဖြစ်သည့် တရုတ်၊ အမေရိကန်၊ ဥရောပနိုင်ငံများနှင့် ကုန်သွယ်ရေးလမ်းကြောင်းများသည် ရေကြောင်းကုန်သွယ်မှုကိုသာမက မဟာဗျူဟာမြောက်စွမ်းအင်ထောက်ပံ့ဈေးကွက်လည်း ဖြစ်ပါသည်။

ထို့ပြင် တွင်းထွက်နှင့် သတ္တုရိုင်းလုပ်ကွက်များရှိသော ဩစတေးလျ၊ ဘရာဇီး၊ တောင်အာဖရိကတို့မှ သတ္တုရိုင်းများကို တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်ရာ ဂျပန်၊ တရုတ်၊ ဥရောပနိုင်ငံများသို့ တင်ပို့ခြင်းမှာလည်း အဓိကကုန်စည်စီးဆင်းမှု လမ်းကြောင်းတစ်ခု ဖြစ်ပါသည်။ ယင်းကုန်သွယ်မှုလမ်းကြောင်းများတွင် ရှိသော ကုန်သွယ်မှုပမာဏနှင့် ရေယာဉ်လိုအပ်ချက်များသည်လည်း ကမ္ဘာ့ရေကြောင်းကုန်သွယ်ရေး ထောက်ပံ့ကွင်းဆက်၏ ထင်ရှားသော အချက်အလက်များ ဖြစ်သည်။

ဆန်၊ ဂျုံ၊ ပဲမျိုးစုံ၊ ပြောင်းနှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များအတွက် အဓိကထွက်ရှိရာ အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနား၊ အရှေ့တောင်အာရှနိုင်ငံအချို့မှ ကုန်စည်တင်ပို့မှုများသည်လည်း ကမ္ဘာ့စားနပ်ရိက္ခာထောက်ပံ့လမ်းကြောင်းတစ်ခုဖြစ်ပါသည်။ ရာသီအလိုက် ထွက်ရှိသည့် သစ်သီးဝလံများနှင့် စိုက်ပျိုးရေးထုတ်ကုန်တင်ပို့ရာ ကုန်သွယ်ရေးလမ်းကြောင်းများ၊ ငါးနှင့်ပင်လယ်စာထွက်ကုန်တင်ပို့မှု လမ်းကြောင်းများသည်လည်း ကမ္ဘာ့ရေကြောင်းကုန်သွယ်ရေးတွင် ကုန်စည်စီးဆင်းရာ အရေးပါသော လမ်းကြောင်းများ ဖြစ်ကြသည်။

ပထဝီနိုင်ငံရေးအခြေအနေများကြောင့် ရေနံစွမ်းအင်ကုန်သွယ်မှုထိခိုက်၍ကမောက်ကမဖြစ်လာခြင်းများသည် တစ်ဖက်တွင် စွမ်းအင်နည်းပညာသစ်များ ရရှိရေးကို ပိုမိုတွန်းအားပေးလာနိုင်သည်။ ကမ်းလွန်လေစီးကြောင်း၊ ဒီရေနှင့်ပင်လယ်လှိုင်းများစသည့် အသစ်အသစ်သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ် အသုံးချမှုများ ပိုမိုပေါ်ပေါက်လာနိုင်မည်လည်း ဖြစ်သည်။ ထိုအရင်းအမြစ်အသစ်များကြောင့်ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းများသည် ပိုမို၍ မဟာဗျူဟာကျလာကာ ပြိုင်ဆိုင်မှု ပိုမိုများပြားလာနိုင်သည်။

လေရဟတ်တာဘိုင်နှင့် နေရောင်ခြည်သုံး လျှပ်စစ်ထုတ်လုပ်မှုသည်လည်း အခြားစွမ်းအင်အရင်းအမြစ်များကဲ့သို့ တိုးတက်လာနိုင်သည်ဟု ခန့်မှန်းထားကြပါသည်။ ကမ်းလွန်လေစီးကြောင်း အသုံးချမှုသည် ယခုအခါ အလျင်မြန်ဆုံး တိုးတက်လာသော စွမ်းအင်နည်းပညာဖြစ်လာနေပြီး ကမ်းလွန်ရေလှိုင်းနှင့် ဒီရေအတက်အကျမှ လျှပ်စစ်ထုတ်လုပ်မှုနည်းပညာသည်လည်း ဖွံ့ဖြိုးတိုးတက်လာနေပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ပုံစံသစ်များ ပေါ်ထွက်ရန်ဤသို့ကြိုးပမ်းခြင်းသည် ကာဗွန်လျှော့ချခြင်းကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်သော နည်းလမ်းတစ်ခု ဖြစ်ပါသည်။

အထက်ပါ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များအပြင် ရေရှည်တည်တံ့သော သန့်ရှင်းစွမ်းအင်ရင်းမြစ်များဖြစ်သည့် ဟိုက်ဒရိုဂျင်၊ မက်သနော၊ ဇီဝလောင်စာ၊ နျူကလီးယားစသည့် လောင်စာအမျိုးအစားများကို ဆန်းသစ်သော နည်းပညာများဖြင့် တီထွင်ဖန်တီးအဆင့်မြှင့်တင်လာကြပါသည်။ စိမ်းလန်းမိုးနီးယား (Green Ammonia) နှင့် မက်သနောထုတ်လုပ်မှု နည်းပညာများသည် ယခုအခါ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပြီး ရှေ့ပြေးပရောဂျက်ပေါင်းများစွာကို လက်ရှိတွင် လုပ်ဆောင်နေကြပါသည်။ ဟိုက်ဒရိုဂျင်လောင်စာနှင့် ဟိုက်ဒရိုဂျင်သယ်ဆောင်သည့် သင်္ဘောများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုသည် လာမည့်ဆယ်စုနှစ်များအတွင်း ဖြစ်ပေါ်လာနိုင်သည်ဟုလည်း မျှော်လင့်ရပါသည်။

ထို့အပြင်ရေနက်ပိုင်းပင်လယ်ကြမ်းပြင်သတ္တုတူးဖော်ခြင်းသည်လည်း အရေးပါသော တွင်းထွက်အရင်းအမြစ်တစ်ခုအဖြစ် ပေါ်ထွက်လာဖွယ် ရှိသည်။ ယင်းမှာ ပင်လယ်ရေကြောင်းစီးပွားရေးအတွက် အခွင့်အလမ်းသစ် ထုတ်ပေးမည့်အရာအဖြစ် မျှော်လင့်နိုင်မည် ဖြစ်သော်လည်းဆက်စပ်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နိုင်မှုများကိုမှန်ကန်စွာ ထည့်သွင်းစဉ်းစားရန် လိုအပ်မည် ဖြစ်သည်။ ရေနက်ပိုင်းပင်လယ်ကြမ်းပြင် သတ္တုတူးဖော်ခြင်းသည် ပင်လယ်ကြမ်းပြင်ရှိ ဇီဝမျိုးစိတ်များ မျိုးသုဉ်းစေခြင်း၊ ရေနက်ဂေဟစနစ်များကို ဖျက်ဆီးခြင်း၊ ရေစီးကြောင်း ပြောင်းလဲစေခြင်းစသည့် အန္တရာယ်များ ဖြစ်ပေါ်စေနိုင်သည့် အပြင် ထွက်ပေါ်လာမည့် အနယ်အနှစ်များက သတ္တုတွင်းလုပ်ကွက်နှင့် ဝေးကွာသောနေရာရှိ သက်ရှိမျိုးစိတ်များကိုပင် ထိခိုက်စေနိုင်မည် ဖြစ်ပါသည်။

**ကိုးကား-**

(၁) Global Maritime Trends 2050 by The Economist Group-2023

(၂) အင်တာနက်

ရွှေဘို ကိုသန်း



# ခွဲခွာခြင်း ဒဏ်ရာ

မိုးမိုး (မိုးရထား)

အိပ်ရာကအနိုး မျက်လုံးဖွင့်ကြည့်လိုက်တဲ့အချိန် အလင်းရောင်လေးသန်းနေပေမယ့် နာရီကိုကြည့်လိုက်တော့ မနက် ၆ နာရီကျော်ကျော်ပဲရှိသေးတယ်၊ရုံးဖွင့်ရက်တွေမှာတော့မနက်(၅) နာရီအိပ်ရာထ ချက်ပြုတ်ပြီးရင် ဘုရားဆွမ်းတော်ကပ်၊ ဘုရားရှိခိုး၊ ဘုန်းကြီးဆွမ်းလောင်း၊ အားလုံးပြီးရင် ရေမိုးချိုး၊ ရုံးသွားဖို့ ပြင်ဆင်ပြီး ဖယ်ရီကားဆီသွား၊ အဲဒါကတော့ ကျွန်မရဲ့ တစ်မနက်တာ ဖြတ်သန်းမှုပေါ့နော်၊ ဒီနေ့ကတော့ စနေနေ့ ရုံးပိတ်ရက်ဖြစ်တာကြောင့် အိပ်ရာကမထသေးပဲ ဆောင်းရာသီရဲ့ နံနက်ခင်းလေးမှာ ဂွမ်းကပ်လေးရဲ့ အနွေးဓာတ်နဲ့ ဆက်ကွေးနေတဲ့ ကျွန်မ၊ ငှက်ကလေးတွေရဲ့အသံကို နားထောင်ရင်း သူတို့ဘာတွေပြောနေကြပါလိမ့်ဆိုတာ သိချင်မိတယ်၊ ဘယ်တော့မှရိုးမသွားတဲ့ သူတို့အသံလေးတွေက ကျွန်မရဲ့ နံနက်ခင်းတွေတိုင်းကို နိုးကြားစေခဲ့သလို ကျွန်မရဲ့ အိပ်ခန်းလေးရယ်၊ သူတို့ရဲ့ အသံချိုချိုလေးတွေက ကျွန်မအတွက် အားအင်အပြည့်နဲ့ နိုးထစေဖို့ လှပတဲ့မနက်ခင်းတိုင်းကို ဖန်တီးပေးပါတယ်။ ကြည်နူးမှုနှင့်အတူ ပြုံးမိရာက သြော် မကြာခင် ငါချစ်တဲ့အရာတွေနဲ့ ခွဲခွာရတော့မှာပါလားဆိုတဲ့ အသိကြောင့် လျော့ရဲသွားတဲ့ အပြုံးကို သတိထားမိရင်း ဝဲလာတဲ့မျက်ရည်ကို အသာပုတ်ခတ်ပြီး မျက်လုံးကိုပြန်မှိတ်လိုက်တဲ့အခါ ဒီဝန်ထမ်းအိမ်ရာလေးမှာ နေထိုင်ခဲ့တဲ့ကာလအတွင်း ကြုံတွေ့ခဲ့ရတဲ့ အမှတ်တရလေးတွေက မှိတ်ထားတဲ့ မျက်ဝန်းအိမ်ထဲမှာ ပြန်လည်မြင်ယောင်လာမိပါတော့တယ်။

ကျွန်မကမြန်မာ့မီးရထား၊သွားလာပို့ဆောင်ရေးဌာနက ဝန်ထမ်းတစ်ဦးအဖြစ် လက်ရှိ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေသူတစ်ယောက်ပါ။ ရုံးက နေပြည်တော်ဘူတာမှာဖြစ်ပြီး မီးရထားဝန်ထမ်းအိမ်ရာမှာနေပါတယ်၊ကျွန်မနေတဲ့ဝန်ထမ်းတိုက်လေးကအခန်း (၂၄) ခန်းနဲ့ ဖွဲ့စည်းထားပြီး လေးထပ်အမြင့်ရှိ တိုက်ရဲ့မြေညီထပ်အခန်းလေးက ကျွန်မရရှိတဲ့ အိမ်ခန်းလေးပေါ့။ဘုရားခန်း၊ အိပ်ခန်း (၂) ခန်း၊ မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာစသည်ဖြင့် နေချင်စဖွယ် ဖန်တီးပေးထားပါတယ်။ ကျွန်မ ဒီအိမ်လေးမှာ နေထိုင်လာတာ ယခုဆိုလျှင် (၁၆) နှစ်ရှိပြီဖြစ်လို့ ဒီတိုက်မှာနေထိုင်တဲ့ သူတွေနဲ့လည်း ရင်းနှီးကျွမ်းဝင်လာတာ နှစ်အတန်ကြာခဲ့ပြီလို့ ဆိုရမှာပေါ့နော်၊ စပြီးနေကတည်းက ခုချိန်ထိ နေထိုင်နေတဲ့သူတွေလည်း ရှိသလို လူပြောင်းတွေပြောင်းပြီး နောက်ထပ်အသစ်ပြောင်းလာတဲ့သူတွေလည်းရှိတာကြောင့် ကျွန်မတို့တိုက်ကလေးက အမြဲစည်ကားနေခဲ့ပါတယ်။ ကလေးတွေရော၊ ခွေးတွေရော ဆူညံနေတဲ့ဒီတိုက်လေးမှာ ကျွန်မနေရတာ အလွန်ပျော်ပါတယ်။ ဒီတိုက်ကလူတွေ အားလုံးကိုလည်း ကျွန်မ ချစ်တယ်။ သူတို့ကလည်း ကျွန်မကိုချစ်ကြတယ်၊ ကျွန်မဘဝအတွက် နွေးထွေးတဲ့ဒုတိယမိသားစုလို့ ဆိုချင်ပါတယ်။ ကျွန်မရဲ့မိသားစုက ရန်ကုန်မှာဖြစ်တာကြောင့် ဒီမှာကျွန်မတစ်ယောက်ထဲ နေရတာပါ၊ မိသားစုကပိတ်ရက်ရှည်မှသာ လာကြတာမို့ တစ်ယောက်ထဲ ဖြတ်သန်းနေရတဲ့ ကျွန်မဘဝမှာ ဝိုင်းပြီး စောင့်ရှောက်ကြတဲ့ ဒီတိုက်ကလူတွေကြောင့်သာ အခုလို နှစ်တွေအကြာကြီး ပျော်ပျော်ရွှင်ရွှင် နေနိုင်တာပေါ့၊ ကျွန်မလိုအပ်တဲ့ အကူအညီတိုင်းကို သူတို့ပေးသလို သူတို့အတွက်လည်း ကျွန်မတတ်နိုင်တဲ့ဘက်က ကူညီရင်း နေထိုင်လာခဲ့ကြပါတယ်၊ မကြာခင်ကာလအတွင်းမှာ ရန်ကုန်ကို ပြောင်းရွှေ့ရမယ့် ကျွန်မအတွက်တော့ ကိုယ့်မွေးရပ်မြေကို ပြန်ရလို့ဝမ်းသာမိပေမယ့် ဒီ (၁၆) နှစ်တာကာလအတွင်းမှာ မိသားစု

လို သံယောဇဉ်ဖြစ်မိတဲ့သူတွေနဲ့ ခွဲရမှာမို့ စိတ်မကောင်းဖြစ်မိသလို သူတို့ကလည်း ကျွန်မကို မပြောင်းစေချင်ကြဘူး၊ ဒါပေမယ့်လည်း တွေ့၊ ကြုံ၊ ဆုံ၊ ကွဲ ဓမ္မတာတရားကို လက်ခံရမှာပါ၊ ရေစက်ပါလို့ ဆုံဆည်းခဲ့ကြပြီး အမုန်းမဖက် အချစ်တွေနဲ့ ခွဲခွာရတာကိုပဲ ကျွန်မ ကြည်နူးကျေနပ်မိပါတယ်။ သူတို့တွေက ကျွန်မဘဝ တစ်သက်တာအတွက် အမှတ်တရအဖြစ် ရင်ထဲမှာအမြဲတမ်းရှိနေမှာပါ၊ ကျွန်မထက် အရင်တာဝန်ကျရာ မြို့တွေကို ပြောင်းရွှေ့သွားရတဲ့သူတွေနဲ့ဆိုရင်လည်း ခုချိန်ထိ အခင်အမင်မပျက် အဆက်အသွယ်ရှိနေပြီး မိသားစုအရေးကိစ္စတွေကအစ တိုင်ပင်ဆွေးနွေးကာ အပြန်အလှန် အကြံဉာဏ်ပေးကြရင်း တကယ့်ဆွေမျိုးသားချင်းပမာ သံယောဇဉ်ရှိနေကြဆဲပါ၊ ကျွန်မအပေါ် လေးစားတန်ဖိုးထားပြီး ဆက်ဆံပေးကြတဲ့ ဒီလိုမိတ်ဆွေကောင်းတွေကို ရရှိခဲ့တဲ့ ကျွန်မအတွက်တော့ ဘာနဲ့မှတန်ဖိုးမဖြတ်နိုင်အောင်ပါပဲ၊ မိသားစုတစ်စုစီတိုင်းမှာ ပြဿနာဆိုတာ ရှိတတ်ကြစမြဲမို့ စိတ်အခန့်မသင့်လို့ စကားများရန်ဖြစ်တဲ့အသံတွေကြားရင် ကျွန်မလည်း စိတ်မကောင်းဖြစ်ခဲ့သလို သူတို့ပြန်အဆင်ပြေသွားရင်လည်း ထပ်တူဝမ်းသာခဲ့ရပါတယ်၊ ရုံးမှာဆိုရင်လည်း ကျွန်မရဲ့ဌာနက အထက်အရာရှိတွေရော၊ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းတွေရော ကျွန်မအပေါ် ခင်မင်နွေးထွေးမှုပေးကြတဲ့အတွက်လည်း ကျွန်မ ကျေနပ်ပျော်ရွှင်ခဲ့ရပါတယ်၊ ကျွန်မအခက်အခဲတွေ့ကြုံတိုင်း၊ စိတ်အားငယ်ဝမ်းနည်းခဲ့ရတဲ့ အချိန်တွေတိုင်းမှာ အားပေးဖေးမခဲ့ကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ရပါတယ်၊ စိတ်အခန့်မသင့်တဲ့အခါမျိုးတွေ တစ်ခါတစ်ရံရှိခဲ့ပေမယ့်လည်း ကျွန်မဘယ်သူ့အပေါ်မှာမှ မကောင်းတဲ့စိတ်၊ မကောင်းတဲ့အတွေး၊ မကောင်းတဲ့အကြံအစည်မျိုး ဘယ်တုန်းကမှ မရှိခဲ့ဖူးပါ၊ တစ်ယောက်ချင်းစီတိုင်းကိုလည်း ကျွန်မအပေါ် ကျေးဇူးရှိဖူးတဲ့သူအဖြစ် သတ်မှတ်ထားတဲ့အတွက် အားလုံးက ကျွန်မရဲ့ ကျေးဇူးရှင်တွေအဖြစ် ရင်ထဲမှာအမြဲရှိနေခဲ့တယ်ဆိုတာ ကျွန်မရဲ့မှန်သောသစ္စာစကားပါ၊ ကျွန်မ ဒီနေပြည်တော်ဆိုတဲ့မြို့လေးမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလတစ်လျှောက်လုံး ပျော်ရွှင်ခဲ့ရတယ်၊ လုံခြုံနွေးထွေးမှုတွေ ရရှိခဲ့တယ်၊ မိတ်ဆွေကောင်းတွေနဲ့ ဆုံတွေ့ခဲ့ရတယ်ဆိုတာ ကျွန်မအတွက် ကောင်းသောရေစက်လို့ပဲဆိုချင်ပါတယ်။

ကျွန်မနေထိုင်ခဲ့တဲ့ကာလအတွင်းမှာ အမှတ်တရပေါင်းများစွာလည်း ရှိခဲ့ပါတယ်။ အဲဒီအထဲကမှ ထင်ထင်ရှားရှား အမှတ်ရစရာအဖြစ်အပျက်လေး သုံးခု ရှိခဲ့ဖူးပါတယ်......။

ကျွန်မက တိရစ္ဆာန်မွေးရတာ ဝါသနာမပါသလို တိရစ္ဆာန်တွေကို သနားပေမယ့် သိပ်မချစ်တတ်ဘူး၊ သူတို့ကို မထိရဲ၊ မကိုင်ရဲသလို သူတို့က လာထိရင်လည်း ကျွန်မ ထွက်ပြေးရော၊ ကျွန်မ မေမေကိုယ်တိုင်ကိုက တိရစ္ဆာန်ကြောက်တတ်တာ၊ မေမေက ကြောင်ဆိုရင် ထိဖို့နေနေသာသာ အဝေးက မြင်တာတောင် ကြောက်တယ်၊ တိရစ္ဆာန်အမွေးတွေနဲ့လုပ်ထားတဲ့အသုံးအဆောင်ပစ္စည်းဆိုရင်လည်းဘာမှ မကိုင်ရဲဘူး၊ ဒါကြောင့် ကျွန်မ ငယ်ငယ်လေးကတည်းက ဘယ်တိရစ္ဆာန်နဲ့မှ ရင်းနှီးကျွမ်းဝင်မှုမရှိခဲ့ဘူး၊ ဒါပေမယ့် ခွေးလေးတစ်ကောင်နဲ့ ပတ်သက်ပြီး ကျွန်မကြုံတွေ့ခဲ့ရတဲ့ မှတ်မှတ်ရရ အကြောင်းအရာလေးတစ်ခုတော့ ဒီတိုက်လေးမှာ ရှိခဲ့ဖူးပါတယ်။

ကျွန်မတို့ တိုက်ရဲ့ဘေးမှာ တိုက်အသစ်တွေ လာဆောက်တော့ ဆိုဒ်သမားတွေ နေကြတယ်၊ တိုက်ဆောက်လို့လည်း ပြီးရော ဆိုဒ်ပြောင်းသွားပေမယ့် သူတို့နဲ့ပါလာတဲ့ ခွေးလေးကို ပြန်မခေါ်သွားဘဲထားခဲ့ကြတယ်၊ အဲဒီခွေးလေးကို တိုက်က လူတွေက သနားလို့ဝိုင်းပြီး ကျွေးမွေးစောင့်ရှောက်ထားကြရာက ကျွန်မတို့တိုက်မှာပဲ သူနေဖြစ်ခဲ့ပါတယ်၊ အဲဒီအချိန်အထိ ကျွန်မအတွက်တော့ သူက သာမန်မြင်တွေ့နေကျ ခွေးလေးတစ်ကောင်ပါပဲ၊ သူ့ကို ဂရုတစိုက်လည်း မရှိခဲ့ဖူးဘူး၊ အဲဒီလိုနဲ့ ကျွန်မ သူ့ကို တစ်နေ့သတိထားမိတာက ကျွန်မတို့တိုက်က အိမ်ပြောင်းမယ့်အိမ်ကိုကျွန်မတို့တွေပစ္စည်းတွေဝိုင်းသယ်ပေးကြတော့ သူကလည်း ဝိုင်းကူသလို အမူအရာနဲ့ ပစ္စည်းသယ်တဲ့သူတွေနဲ့အတူ ဝင်လိုက်ထွက်လိုက် မသိရင် သူကပဲ သယ်နေသယောင်၊ အဲဒီကစလို့ သူ့ကို မှတ်မှတ်ရရ သတိထားမိခဲ့တယ်၊ ဧည့်သည်တွေလာရင်လည်း ဧည့်သည်တွေအော်တဲ့ အသံနေအသံထားအတိုင်း လိုက်အော်လို့ ဧည့်သည်တွေက သူ့ကိုသဘောကျကြတယ်၊ တိုက်က လူတွေကိုလည်း သူက စနောက်တတ်သေးတယ် ကလေးတွေနဲ့လည်း အတူရောကစားပြီး ကလေးတွေကလည်း သူ့ကို ချစ်ကြတယ်၊ မဲမဲလုံးလုံးလေးမို့ သူ့ကို မဲလုံးလို့ နာမည်ပေးထားကြပါတယ်၊ သူရှိလို့ တိုက်အတွက်လည်း လုံခြုံမှုရှိတယ်၊ ကျွန်မအမိုက်ကန်မှာ အမှိုက်သွားပစ်တဲ့အခါတွေမှာလည်း ကျွန်မနဲ့ ခပ်ခွာခွာကနေ အဖော်အဖြစ်လိုက်ပြီး စောင့်ရှောက်ပေးတယ်။

အဲဒီလိုနဲ့ နေလာရင်း သူကိုကြည့်ရတာ တစ်နေ့တစ်ခြားပိန်ပိန်လာတယ်၊ အစားလည်း သိပ်မစားတော့ဘူး၊ လမ်းလည်း ကောင်းကောင်း မလျှောက်နိုင်တော့ဘူး၊ တိုက်က ညီမလေးတစ်ယောက်ကို မေးကြည့်တော့ “ဟုတ်တယ် မကြီး၊ ဘာဖြစ်တာလဲ မသိဘူး၊ သူက ပေါင်မုန့်ကြက်ဥကြော်ဆိုရင် အရမ်းကြိုက်တာ၊ အရင်ကဆို ပေါင်မုန့်ကြက်ဥကြော်နံ့ရရင် ပြေးလာပြီး အငမ်းမရစားတာ၊ အခု မစားတော့ဘူး” လို့ ပြောနေတဲ့အချိန် ကျွန်မတို့ ရပ်စကားပြောတဲ့နေရာကို ဒယိုင်းဒယိုင်နဲ့ ရောက်လာပြီး ကျွန်မတို့မျက်နှာကို အကူအညီတောင်းတဲ့ မျက်လုံးနဲ့ မော့ကြည့်နေရှာတဲ့ သူ့အပြုအမူကြောင့် ကျွန်မ ရင်ထဲနင့်ကနဲ ခံစားလိုက်မိတယ်၊ ဒီလိုနဲ့ တိုက်ကလူတွေလည်း သူကြိုက်တတ်တဲ့ အစားအစာလေးတွေ ကျွေး၊ ဆေးတွေ တိုက်နဲ့ တတ်သလောက်မှတ်သလောက်လုပ်ပေးကြပါတယ်၊ ဒါပေမယ့် တိုးတက်မလာတဲ့သူ့ပုံစံကို ကြည့်ပြီး အားလုံးစိတ်မကောင်းဖြစ်ရုံက လွဲပြီး ဘာမှမတတ်နိုင်ခဲ့ဘူး၊ ကျွန်မအခန်းရှေ့က လှေကားအောက်လေးမှာ အဝတ်လေးခင်းပြီး သူနေဖို့ လုပ်ပေးထားကြတယ်၊ ပန်းကန်ပြားတစ်ချပ်၊ ရေခွက်လေးတစ်ခွက်နဲ့ သူ့အတွက် စားစရာ သောက်စရာလေးတွေကို ထည့်ကျွေးခဲ့ကြပေမယ့် ဟုတ်တိပတ်တိ မစားနိုင်ရှာဘူး၊ ညဘက်တွေဆို ဝေဒနာကြောင့် တစ်ညလုံး အော်ညီးနေရှာတဲ့ မဲလုံးလေးကိုကြည့်

ပြီး နာခြင်းတရားရဲ့ ကြောက်စရာကောင်းမှုကိုလည်း မျက်ဝါးထင်ထင် မြင်ခဲ့ရပါတယ်၊ တစ်နေ့မှာ မဲလုံးရဲ့ကံတရားလို့ပဲ ပြောရမလား သူ့အတွက် ကူညီမဲ့သူတွေ ရောက်ရှိလာခဲ့တယ်၊ အရွယ်ငယ်ငယ် ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် သူ့ကို လာကြည့်တယ်၊ နေ့တိုင်း လမ်းလျှောက်ထွက်ရင်း မဲလုံးနဲ့ ရင်းနှီးနေတဲ့ သူတွေလို့ သူများပြောစကားအရ သိရပါတယ်၊ ခွေးကို တရင်းတနှီး ပွေ့ပိုက်ကာ မရွံမရှာ မျက်ချေးတွေ သုတ်ပေး၊ တယုတယနဲ့ ပြုစုပေးကြတာကိုကြည့်ပြီး ကျွန်မအံ့သြမိတယ်၊ သူ့ကို ဆေးခန်းပြဖို့ ဆေးခန်းစုံစမ်းပြီးရင် လာခေါ်မယ်လို့ကျွန်မကိုပြောကာပြန်သွားကြပါတယ်၊ အဲဒီနေ့ညနေဘက် သူ့ကိုဆေးခန်းပြပေးပြီးပြန်လာတော့ သူအိပ်တဲ့ လှေကားအောက်လေးမှာ မဲလုံးကို နွေးအောင် စောင်နဲ့ ပတ်ပေး၊ ညဘက် အလင်းရောင်ရအောင် မီးလုံးလေးပါ သွယ်ပေးသွားကြတယ်၊ ခွေးအတွက် အားဆေးတွေရော ဓာတ်စာတွေရော နေ့တိုင်း ပုံမှန်လာတိုက် လာကျွေးကြနဲ့ သူတို့ရဲ့ ပေါင်ပေါ်တင်ပြီး ပြုစုနေတာကို မဲလုံးက ကျေးဇူးတင်တဲ့မျက်လုံးလေးနဲ့ ကြည့်နေရှာတယ်။

ဒီလိုနဲ့တစ်ရက်မှာတော့ အဲဒီကောင်လေးနဲ့ ကောင်မလေးက "မန္တလေးမှာ တည်ထောင်ထားတဲ့ ခွေးဂေဟာပိုင်ရှင် အစ်မတစ်ယောက်က နေပြည်တော်ကိုရောက်နေတယ်၊ အဲဒါ မဲလုံးလေးအတွက် အကူအညီတောင်းကြည့်တော့ သူတို့အပြန်မှာ မဲလုံးကို မန္တလေးက သူ့ရဲ့ ခွေးဂေဟာခေါ်သွားပြီး ဆေးကုပေးမယ်တဲ့၊ ဒါကြောင့် ထည့်ပေးလိုက်မယ်နော်လို့" ကျွန်မတို့ဆီက ခွင့်တောင်းခဲ့ပါတယ်၊ တိုက်က သူတွေကလည်း မဲလုံးလေးရဲ့ ဝေဒနာခံစားနေရတာကို မကြည့်ရက်တော့တာကြောင့် ခွင့်ပြုခဲ့ကြပါတယ်၊ နောက်နေ့မှာ ခွေးဂေဟာပိုင်ရှင်က သူတို့ရဲ့ ကိုယ်ပိုင်ကားလေးနဲ့ လာခေါ်သွားကြတဲ့မြင်ကွင်းလေးက မဲလုံးကို နောက်ဆုံးတွေ့လိုက်ရတာပါပဲ၊ ကြိုးစားပြီး ကုပေးကြပေမယ့် မဲလုံးလေးဆုံးသွားပြီဆိုတဲ့ သတင်းစကားကို ကျွန်မတို့ကို လှမ်းအကြောင်းကြားခဲ့တဲ့ အဲဒီညီမလေးရဲ့ တုန်ယင်နေတဲ့အသံက ဘယ်လောက်စိတ်ထိခိုက်နေလဲဆိုတာ ခန့်မှန်းမိပါတယ်၊ သူတို့ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာတော်လဲ ကျွန်မမသိပါ၊ ဒါပေမယ့် ကျွန်မ သိလိုက်တာကတော့ အသက်အရွယ်ငယ်ပေမယ့် သူတို့မှာရှိတဲ့ တိရစ္ဆာန်လေးတွေပေါ် ထားတဲ့ သာမန်ထက်ပိုတဲ့ ကြင်နာစိတ်၊ စာနာစိတ်၊ မေတ္တာစိတ်၊ ကရုဏာစိတ်တွေကိုပါ၊ ကိုယ်မလုပ်နိုင်တဲ့အရာကို လုပ်နိုင်တဲ့အတွက် ချီးကျူး၊ လေးစား တန်ဖိုးထားမိသလို သူတို့နှစ်ယောက်ရဲ့ ဘာအရောင်၊ ဘာမျှော်လင့်ချက်မှမပါတဲ့ ဒီဒါနလေးအတွက် ကျွန်မ သာဓုအကြိမ်ကြိမ်ခေါ် ဆိုခဲ့မိပါတယ်။ ဒီအဖြစ်အပျက်လေးက ကျွန်မရင်ထဲမှာ မှတ်မှတ်ရရ ရှိစေခဲ့တဲ့ အမှတ်တရလေး တစ်ခုအဖြစ် ရှိနေခဲ့ပါတယ်၊ နောက်ထပ် အမှတ်ရစရာ တစ်ခုကတော့……

ရုံးဖွင့်ရက်ဆိုရင် မနက် (၅) နာရီ အိပ်ရာက ထနေကြပေမယ့်

OUTDOOR-INDOOR
ADVERTISING

*OUR SERVICES*

- **Billboard Rental & Construction**
- **Out Of Home & Indoor Media Rental**
- **Out Of Home & Indoor Media Buying**
- **Mobile Advertising (Bus, Taxi & Tuk Tuk)**
- **Modern Trade Advertising**
- **Airport Advertising**
- **LED Display Supply, Installation & Construction**

**MYANMAR Outdoor-Indoor Advertising Co., Ltd.**
No. 44/300, Aung Thukha Street, Ward (28), North Dagon Township, Yangon, Myanmar.
+ 95 9 2500 69930, + 95 9 269 000 112
moiadvertisingmkt2@gmail.com, kazylucas.official@gmail.com
www.facebook.com/myanmaroutdoorindoor

**Show Your BRAND**
**Get Your GOALS!**

အဲဒီနေ့မနက်ကတော့ (၅) နာရီ မထိုးခင်ကတည်းက နိုးနေတာကြောင့် အိပ်မရတော့တဲ့အတူတူ အိပ်ရာက ထပြီး ထမင်းအိုးတည် အိမ်ရှေ့ခန်းမီးကို မဖွင့်သေးဘဲ အိမ်ရှေ့ပြတင်းပေါက်ကို အဖွင့် ကျွန်မတို့ တိုက်ရဲ့လမ်းမမှာ ဆိုင်ကယ်တစ်စီးနဲ့ လူတစ်ယောက်ကို တွေ့တယ်။ သူ့ဆိုင်ကယ်သူ စက်နှိုးနေတာပဲလေ ဆိုပြီး အမှုမဲ့အမှတ်မဲ့ ရပ်ကြည့်နေမိတယ်။ ကြည့်နေတုန်းမှာပဲ သူက ထိုင်ပြီး ဆိုင်ကယ်ကို တစ်ခုခုဖြုတ်နေသလိုကြောင့် စိတ်ထဲမှာ မသင်္ကာဖြစ်ပြီး သူခိုးလားဆိုတဲ့ အတွေးတစ်ခု ခံစားမိလာတယ်။ အော်ဖို့ကျတော့လည်း သူခိုးမဟုတ်မှာ စိုးတာရော အောက်ထပ်မှာနိုးတာဆိုလို့ ကျွန်မတစ်ယောက်ထဲဆိုတော့ အန္တရာယ်ပြုမှာစိုးလို့ မအော်ရဲဘူး။ သူက လမ်းမမှာဆိုတော့ အော်ရင်လည်း အပြင်ထွက်အော်မှရမှာ၊ အဲဒါနဲ့ ကျွန်မတို့တိုက်က ဖုန်းနံပါတ် အလွယ်တကူ ရှာလို့ရတဲ့နှစ်ဦးကို ဖုန်းဆက်ပြီးတဲ့အချိန်မှာပဲ လူတစ်ယောက် နောက်ထပ်ဆိုင်ကယ်တစ်စီးနဲ့ရောက်အလာ၊ ဆိုင်ကယ်ကလည်း စက်နှိုးလို့ရပြီး မောင်းထွက်သွားကြတာကို ကျွန်မဖုန်းဆက်လို့သိတဲ့ အပေါ်ထပ်က ညီမတစ်ယောက်ရယ် ကျွန်မရယ် နှစ်ယောက်သား မြင်လိုက်ကြပေမယ့် အဲဒီအချိန်အထိလည်း သူခိုးဟုတ်/မဟုတ်၊ ကိုယ့်တိုက်က ဆိုင်ကယ်ဟုတ်/မဟုတ် သေချာမသိသေးဘူး။ တခြားလူတွေ နိုးလာတော့မှ ပျောက်သွားတဲ့ ပိုင်ရှင်ကိုသိရတာ၊ ကျွန်မပြတင်းပေါက်ဖွင့်တဲ့အချိန်မှာတိုက်ထဲကနေ ဆိုင်ကယ်တွန်းသွားတာ တွေ့မိရင်တော့ သူခိုးဆိုတာ ကျိန်းသေတဲ့အတွက် ဘာပဲဖြစ်ဖြစ် အော်မိမှာပဲ၊ တွေ့တဲ့အချိန်က လမ်းမမှာဆိုတော့ တွေဝေသွားခဲ့မိတာပါ။ အဲဒီအတွက်လည်း စိတ်သောကရောက်ပြီး ခံစားနေရတဲ့အချိန် တစ်ချို့က တစ်ယောက်ထဲဆိုတော့ ဘယ်အော်ရဲမလဲလို့ နှစ်သိမ့်ကြပေမယ့် တစ်ချို့ကတော့ ဘာပဲဖြစ်ဖြစ် အော်လိုက်ရမှာလို့ဆိုတဲ့အတွက် ကိုယ့်ကိုယ်ကို အပြစ်တင်မိရင်း အရမ်းစိတ်မကောင်းဖြစ်မိတယ်။ ဆိုင်ကယ်ပိုင်ရှင် ကလေးမလေးက ကျွန်မနေမကောင်းတုန်းက ဒီဆိုင်ကယ်လေးနဲ့ ဆေးခန်းလိုက်ပို့ပေးဖူးတယ်။ သူ့ဆိုင်ကယ်လေးကို နှမြောပြီး ငိုနေတာတွေ့ရတော့ ကျွန်မ ပိုခံစားရတယ်။ အဲဒီရက်တွေမှာ ဆိုင်ကယ်ပိုင်ရှင်ကလေးမလေးကိုလည်း အရမ်းအားနာမိတဲ့စိတ်ကြောင့် အိမ်အပြင်တောင် သိပ်မထွက်ဖြစ်ခဲ့ဘူး။ အဲဒီရက်တွေမှာနေ့စဉ်ပြုလုပ်နေကျကုသိုလ်ကောင်းမှုတွေကိုလည်း ဒီထက်ပိုလုပ်ဖြစ်ပြီး "ဆိုင်ကယ်လေးပိုင်ရှင်လက်ထဲ အမြန်ဆုံးပြန်ရောက်ပါစေ၊ ဒီကိစ္စကြောင့် ဖြစ်ပေါ်နေတဲ့ တပည့်တော်မရဲ့ သောကတွေလည်း ငြိမ်းအေးရပါလို၏ အရှင်ဘုရား" လို့ အထပ်ထပ် ဆုတောင်းနေခဲ့မိပါတယ်။

အဲဒီလိုနဲ့ တစ်နေ့မှာရုံးဆင်းချိန် ဖယ်ရီကားက ပျက်ကားအစားပေးတာ စောင့်စီးရတော့ အိမ်အပြန်နောက်ကျတယ်။ ကားစီးလာရင်း လမ်းတစ်ဝက်ရောက်တော့ ဖုန်းဝင်လာလို့ ကိုင်လိုက်တဲ့အခါ ကျွန်မနဲ့အတူ စိတ်မကောင်းဖြစ်ခဲ့ရတဲ့ အပေါ်ထပ်က ညီမဆီက ဖြစ်နေပြီး "မကြီးရေ ဝမ်းသာစရာပြောမလို့ ဆက်တာ၊ ဆိုင်ကယ်ပြန်ရပြီ သူခိုးလည်းမိပြီ၊ ရဲတွေက အဲဒီသူခိုးကိုပါခေါ်ပြီးကားနဲ့လာကြတာ၊ ကျွန်မတောင် ကားနားသွားကြည့်လိုက်သေးတယ်၊ ဟုတ်တယ်၊ အဲဒီနေ့က တွေ့လိုက်တဲ့ သူပုံစံပဲ" လို့ ဆိုတာကြောင့် ကျွန်မနားကြားများ လွဲသလားလို့တောင် ထင်မိတယ်။ မမျှော်လင့်ထားပဲ ပြန်ရတဲ့အတွက် ပြောမပြတတ်အောင်ပါပဲ၊ အတိုင်းမသိ ဝမ်းသာရပါတယ်၊ ထီပေါက်ရင်တောင် အဲဒီလောက် ဝမ်းသာမိမယ် မထင်ဘူး။ ကားပေါ်ကဆင်းပြီးပြီးချင်း ဆိုင်ကယ်ပိုင်ရှင်ကလေးမလေးကို တွေ့လိုက်တာနဲ့ ဝမ်းသာပြီး ငိုချလိုက်တဲ့ ကျွန်မကို သူက ပြန်ပြီး နှစ်သိမ့်ရတယ်။ ကျွန်မဆန္ဒလေး ပြည့်ဝစေခဲ့တဲ့ ကံတရားကိုလည်း အထူးကျေးဇူးတင်ခဲ့ရပါတယ်။ အဲဒီအဖြစ်အပျက်လေးကလည်း အမှတ်တရပေါင်းများစွာထဲက အထင်ကရဖြစ်စေခဲ့တဲ့ အမှတ်တရလေးပေါ့နော်။

နောက်တစ်ခုကတော့ တစ်နေ့ ကျွန်မမီးဖိုချောင်ထဲမှာ ချက်ပြုတ်ဖို့ ပြင်ဆင်နေတုန်း ဖားလေးတစ်ကောင် ရေခဲသေတ္တာနောက်က နံရံမှာ ကပ်နေတာ တွေ့တယ်။ မီးဖိုဘက်လှည့်ရပ်နေတဲ့ ကျွန်မနဲ့ဆိုရင် ရေခဲသေတ္တာက ကျွန်မရဲ့ နောက်ကျောဘက်ပေါ့။ ကြားမှာလည်း သောက်ရေအိုးစင်ရော၊ ပုဂံစင်ရော ခံနေပြီး မီးဖိုနဲ့ ဖားလေးရှိနေတဲ့နေရာက တခြားစီပါ။ သူ့ဖာသာသူပဲ တစ်ခြားနေရာ ထွက်သွားမှာပါလေဆိုတဲ့ အတွေးနဲ့အတူ ငါးကြော်ဖို့ ဒယ်အိုးနီထဲကို ဆီထည့်ပြီး ဆီပူအောင် စောင့်နေတုန်းမှာပဲ မထင်မှတ်ထားတဲ့အပြုအမူတစ်ခုကြောင့် ကျွန်မအတွက် များစွာတုန်လှုပ် ခြောက်ခြားစေခဲ့ပါတယ်။ အဲဒီဖားလေးက သူကပ်နေတဲ့ နံရံကနေ တစ်ပတ်ပြည့်အောင် မြန်မြန်ဆန်ဆန်နဲ့ တစ်ဆတ်ဆတ်ခုန်လာပြီး ဆီပူအောင်တည်ထားတဲ့ ဒယ်အိုးထဲကို သူကိုယ်တိုင်ခုန်ဆင်းလိုက်သလို ပြုတ်ကျသွားလို့ ရှဲကနဲ မြည်လိုက်တဲ့အသံက ကျွန်မရဲ့ အမြင်အာရုံတွေတောင် မှောင်မိုက်သွားစေခဲ့ပါတယ်။ မီးမိန်းကို ပြေးချလိုက်ကာ တစ်ကိုယ်လုံးတုန်ခါနေလို့ မတ်တပ်တောင် မရပ်နိုင်တော့တဲ့ ကျွန်မ ဒယ်အိုးထဲကိုလည်း သွားမကြည့်ရဲဘူး၊ နောက်မှ မရဲတရဲနဲ့ သွားကြည့်တော့ ဒယ်အိုးထဲမှာ ဆီပူနဲ့ကြော်ခံထားရလို့ မဲနေတဲ့ဖားလေးရဲ့ မြင်ကွင်းက ကျွန်မရင်ကို အတော်ထိခိုက်စေခဲ့သလို သူ့ရဲ့ပေးဆပ်ရတဲ့ ဝဋ်ကြွေးတစ်ခုပါလားဆိုတဲ့အသိက ကျွန်မဘဝမှာ သံဝေဂရစရာ အမှတ်တရလေးအဖြစ် အမြဲတမ်းအမှတ်ရနေစေခဲ့ပါတယ်။

"ပဲပြုတ်၊ နံပြား၊ အီကြာကွေး" ဆိုတဲ့ ဈေးသည်အော်သံကြောင့် အတွေးရေယဉ်ကြောမှာ နစ်မျောနေတဲ့ ကျွန်မ မျက်လုံးဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ မိုးစင်စင်လင်းနေခဲ့ပါပြီ။ အိပ်ရာမှအသာထ၊ အိပ်ရာသိမ်း၊ မျက်နှာသစ်၊ သွားတိုက်၊ ဘုရားရှိခိုးပြီးတာနဲ့ တစ်နေ့တာ ဝေယျာဝစ္စ အိမ်မှုကိစ္စတွေလုပ်နေရင်း မေမေ့ရဲ့ ဆုံးမစကားလေးတွေကို ကျွန်မပြန်အမှတ်ရနေမိပါတယ်........

သံသရာက မလွတ်နိုင်သေးသရွေ့တော့ ကောင်းတာတွေရော ဆိုးတာတွေရော ကြုံနေရမှာပဲ။ အဲဒါတွေအားလုံးက ကိုယ်ပြုခဲ့တဲ့ ကံတွေပေါ့၊ သံသရာကိုမရှည်စေနဲ့သမီး၊ လူ့ကားဆိုတာ အမြင့်ကိုတက်ဖို့အဓိကထားပေးထားတာလေ၊ ဘဝမှာ အမြင့်ကိုတက်ဖို့ဆိုရင် စိတ်ကို အတတ်နိုင်ဆုံး ပြုပြင်နိုင်ရမယ်၊ စိတ်ဆိုတဲ့ မူလသဘာဝက

အဖြူရောင်ပါပဲ။ အဲဒီစိတ်မှာ အရောင်အမျိုးမျိုးတွေ စွန်းထင်းပြီးကံတွေ၊ ဘဝတွေလည်း အမျိုးမျိုးပြောင်းလဲနေကြတာ၊ စိတ်ကိုပြုပြင်ရာမှာ သူ့နေရာမှာငါသာဆိုရင် ဆိုတဲ့ကိုယ်ချင်းစာစိတ်ရယ်၊ သူတစ်ပါးအပေါ် အကောင်းမြင်တတ်တဲ့စိတ်ရယ်၊ အဆိုးတွေ ဘယ်လောက်ကြုံကြုံ သြော် ဒီ့ထက်ဆိုးတဲ့ဘဝတွေရှိသေးတာပဲ၊ ငါ ဒီလောက်ထိဆိုးမသွားတာ ကံကောင်းတာပေါ့ဆိုတဲ့ အဆိုးထဲက အကောင်းကိုရှာတတ်တဲ့စိတ်ရယ် ထားနိုင်ရင် အခက်အခဲတွေကို အလွယ်တကူကျော်ဖြတ်နိုင်မှာပါ၊ တစ်ချို့က ပြောကြတယ်၊ ငါတို့ကတော့ မှန်လိုပဲကျင့်တယ်၊ သူပြုံးရင် ကိုယ်ပြုံးမယ်၊သူမဲ့ရင် ကိုယ်မဲ့ရုံပဲပေါ့တဲ့ အဲဒါမှားတယ်သမီး၊ သူပြုံးရင်တော့ မှန်လိုကျင့်ပေါ့၊ သူမဲ့ရင်တော့ မျက်မမြင်လို ကျင့်ရမယ်၊ မျက်စိမမြင်တဲ့သူက သူမဲ့တာကို မမြင်ရတော့ ကိုယ်က မမဲ့ဖြစ်တော့ဘူးလေ၊ သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါဆိုတဲ့ဆောင်ပုဒ်လိုလည်း မကျင့်ရဘူး၊ သင် ကောင်းကောင်း မကောင်းကောင်း ကျွန်ုပ်မဆိုးပါဆိုမှ မှန်မှာပေါ့၊ ကိုယ်ပြုလုပ်ပေးလိုက်တဲ့အရာတစ်ခုအတွက် ဘာမျှော်လင့်ချက်မှမထားရင် စေတနာဟာ လူတိုင်းနဲ့တန်ပါတယ်၊ အဲဒီလိုစိတ်တွေ ထားနိုင်ဖို့ဆိုရင် သည်းခံနိုင်ရမယ်၊ ရောင့်ရဲနိုင်ရမယ်၊ ကိုယ်ကောင်းတာပဲ လုပ်လုပ် ဆိုးတာပဲလုပ်လုပ် တစ်ခြားဘယ်သူမှမသိတောင် ဘုရားသိတယ်၊ ကိုယ့်ကိုယ်ကို သိတယ်၊ ကိုယ့်ကိုယ်စောင့်နတ်သိတဲ့အတွက် ကိုယ့်လိပ်ပြာလုံနေဖို့လိုတယ်သမီးဆိုတဲ့ မေမေ့ရဲ့ ဆုံးမစကားတွေက ကျွန်မအတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ အမွေတွေပါပဲ။ ဒါကြောင့်မေမေ့ရဲ့ဆုံးမစကားတွေအတိုင်း နေထိုင်နိုင်အောင် ကျွန်မအတတ်နိုင်ဆုံး ကြိုးစားနေဆဲပါ။

“အပူအပင်ကင်းတဲ့ ကလေးလေးဘဝသာ တစ်ခါပြန်ပြီးရချင်သေးတယ်၊ အပြစ်မသိသေးတဲ့ ကလေးလေးဘဝကို တစ်ခါပြန်ပြီးရောက်ချင်သေးတယ်” အတွေးတွေနဲ့အတူ ရုတ်တရက်ဆိုသလိုအပေါ်ထပ်အခန်းက ဖွင့်လိုက်တဲ့ စိုင်းထီးဆိုင်ရဲ့ ပျောက်ဆုံးနေသောနိဗ္ဗာန်ဘုံဆိုတဲ့ သီချင်းသံလေးကို ကြားလိုက်ရချိန် ကျွန်မကြိုက်တဲ့သီချင်းလေးမို့ သီချင်းစာသားလေးကို လိုက်ညည်းရင်းသေချာနားထောင်ကြည့်လိုက်တဲ့အခါ အပြစ်မသိသေးတဲ့ကလေးလေးဘဝသာ တစ်ခါပြန်ပြီး ရချင်သေးတယ်ဆိုတော့ သံသရာကိုလည်စေတဲ့သဘောလို့ အဓိပ္ပာယ်ဖွင့်ဆိုမိသလို သီချင်းနာမည်လေးက ပျောက်ဆုံးနေသော နိဗ္ဗာန်ဘုံဆိုတော့ သံသရာမှာကျင်လည်နေသမျှတော့ နိဗ္ဗာန်ဘုံဆိုတာ ပျောက်ဆုံးနေမှာပဲဆိုတဲ့ သီချင်းစာသားနဲ့ သီချင်းခေါင်းစဉ်လိုက်ဖက်မှုကို သဘောကျမိခြင်းနှင့်အတူ သာမန်နားထောင်နေကျ သီချင်းလေးတစ်ပုဒ်ဆီက ကျွန်မအတွက် သံသရာကို တိုအောင် ကြိုးစားရမယ်ဆိုတဲ့ တန်ဖိုးရှိတဲ့ အသိတရားတစ်ခုရလိုက်တယ်လို့ ခံစားလိုက်မိပါတယ်။

“
တိုတောင်းလွန်းတဲ့
လူ့ဘဝမှာ သံသရာလည်နေ
သရွေ့ ရေစက်ကြောင့်
ဆုံကြတယ်ဆိုပေမယ့်
အဲဒီတွေ့ဆုံခြင်းက
ကောင်းသော
တွေ့ဆုံခြင်း ဖြစ်ဖို့လို...
”

ဒါကြောင့် တိုတောင်းလွန်းတဲ့ လူ့ဘဝမှာ သံသရာလည်နေသရွေ့ ရေစက်ကြောင့် ဆုံကြတယ်ဆိုပေမယ့် အဲဒီတွေ့ဆုံခြင်းက ကောင်းသော တွေ့ဆုံခြင်း ဖြစ်ဖို့လိုပါတယ်။ မေတ္တာပေးမှ မေတ္တာရမယ်ဆိုတဲ့အတိုင်း ခွဲခွာရတဲ့အခါမှာလည်း ကောင်းသောခွဲခွာခြင်းကသာ ဘဝမှာ အကောင်းဆုံးနေထိုင်နည်းလို့ ထင်ပါတယ်။ ခွဲခွာခြင်းနှင့် ပတ်သက်ပြီး လူအများက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြပါတယ်။ ချစ်ခြင်းဖြင့်ခွဲခွာခြင်း၊ မုန်းခြင်းဖြင့်ခွဲခွာခြင်း၊ နာကျင်ခြင်းဖြင့်ခွဲခွာခြင်း၊ ဘယ်တော့မှ မဆုံဆည်းနိုင်တော့သော သေခြင်းဖြင့် ခွဲခွာခြင်းစတဲ့ ရှင်ခွဲ၊ သေခွဲ ဘယ်လိုခွဲခွာခြင်းမျိုးမဆို ပေးစွမ်းနိုင်သောတစ်မျိုးတည်းသော ရသကတော့ ပူလောင်မှုပါပဲ။ နာကျည်းမုန်းတီးခြင်းဖြင့် ခွဲခွာသွားသူ နှစ်ယောက်အတွက်တော့ ဒဏ်ရာတစ်ခုဟာ ပိုပြီးနက်လေ အမာရွတ်က ပိုပြီး ထင်ကျန်လေစမြဲမို့ အမုန်းတွေကို သတိရမိတာနဲ့ အမုန်းစိတ်တွေ တိုးပွားစေပါတယ်။ တစ်ချို့က ကံမကုန်ရင် ပြန်ဆုံကြတယ်၊ တစ်ချို့က ဘယ်တော့မှ ပြန်မဆုံနိုင်တော့ပဲခွဲခွာကြရတယ်၊ တစ်ချို့က ၃ နဲ့ ၄ လို ကျောချင်းကပ်နေပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ကွဲကွာနေကြရတယ်။ ဘာကြောင့်ပဲကွဲကွာကွဲကွာ အမုန်းတွေမရှိဘဲ အချစ်နဲ့လမ်းခွဲခြင်းက အကောင်းဆုံးခွဲခွာခြင်းလို့ ဆိုချင်ပါတယ်၊ ကျွန်မအတွက်တော့ စစ်မှန်တဲ့မေတ္တာတရားနဲ့အတူ ချစ်ခင်နွေးထွေးမှုပေးခဲ့ကြတဲ့သူတွေနဲ့ ကွဲကွာသွားခဲ့ရင်တောင် ဘယ်လောက်ပဲ ဝေးကွာနေပါစေ ရင်ဘတ်ချင်း အမြဲတမ်းနီးနေမယ်လို့ ကျွန်မယုံကြည်နေပါတယ်။

**မီးမီး(မီးရထား)**



# ပြောင်းလဲတိုးတက်လာသော ရေယာဉ်တည်ဆောက်မှုလုပ်ငန်းနှင့် သမားရိုးကျ သံဂဟေတွဲဆက်မှုနည်းပညာ

ရွှေတိုး (မြန်မာ့သင်္ဘောကျင်းလုပ်ငန်း)

လူတို့သည် ရှေးလွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ရေကြောင်းကုန်စည်ပို့ဆောင်ရေးအတွက် ပင်လယ်သမုဒ္ဒရာများကို လှေများအသုံးပြု၍ ဖြတ်သန်းသွားလာခဲ့ကြောင်း ဗုဒ္ဓဝင်ဇာတ်တော်များ အပါအဝင် သမိုင်းအထောက်အထားများ အထင်အရှား ရှိခဲ့ပါသည်။ ထိုအချိန်က သစ်သားဖြင့်တည်ဆောက်ထားသည့် လှေများကို တွင်ကျယ်စွာ အသုံးပြုခဲ့ပြီး ခရစ်နှစ် ၁၅၀၀ ခန့် ကာလများတွင် ဥရောပတိုက်သားများသည် ရွက်လှေကြီးများ တည်ဆောက်ကာ နယ်မြေသစ်ရှာဖွေခြင်းနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြပါသည်။

အင်္ဂလန်နိုင်ငံမှ စတင်ခဲ့သည့် စက်မှုတော်လှန်ရေးကြီး ပေါ်ပေါက်ပြီးနောက် သံသတ္တုများ ထုတ်ယူသုံးစွဲလာနိုင်ပြီး ၎င်းအချိန်မှစ၍ ရေယာဉ်တည်ဆောက်ရာတွင် သစ်သားအစား သံသတ္တုများကို ပြောင်းလဲ အသုံးပြုခဲ့ကြသည်။ သံကိုယ်ထည်ရေယာဉ်များသည် အရွယ်အစား ပိုမိုကြီးမားစွာ တည်ဆောက်နိုင်ပြီး ခိုင်ခံ့ခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ခြင်းစသည့် အားသာချက်များစွာ ရှိပါသည်။ ၁၉ ရာစု အလယ်ပိုင်းအချိန်က သံကိုယ်ထည်ရေယာဉ်များ တည်ဆောက်ရာတွင် သံပြားများတွဲဆက်ခြင်းအတွက် လေပစ် (Rivet) နည်းစနစ်ဖြင့် တွဲဆက်ခဲ့ကြပြီး ပထမဆုံး Rivet ရေယာဉ်ကို ၁၈၄၃ ခုနှစ်တွင် ရေချအသုံးပြုနိုင်ခဲ့သည်။ ရေယာဉ်တည်ဆောက်ခြင်းတွင် Rivet တွဲဆက်နည်းစနစ်ကို နှစ် ၁၀၀ ခန့် တွင်ကျယ်စွာ အသုံးပြုခဲ့ကြပြီး ၎င်းနောက်ပိုင်းကာလတွင် ဝက်အူရစ်ဖြင့် တွဲဆက်ခြင်း (Bolt & Nut) နည်းစနစ်ကို အသုံးပြုခဲ့ကြသည်။



သစ်သားကိုယ်ထည်ဖြင့် တည်ဆောက်ထားသည့် ရှေးဟောင်းရွက်လှေ




Rivet Type ဖြင့် တည်ဆောက်ထားသော ရေယာဉ်တစ်စင်း

၂၀ ရာစု အစောပိုင်းတွင် လျှပ်စစ်ဓာတ်အားသုံးစွဲလာနိုင်မှုနှင့်အတူ ဂဟေတွဲဆက်ခြင်းနည်းပညာ ပေါ်ပေါက်လာခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် ရေယာဉ်ကိုယ်ထည်သံပြားများကို ဂဟေတွဲဆက်ခြင်းဖြင့် တည်ဆောက်ခဲ့သည့် **MS Carolinian** ရေယာဉ်အားစတင်အသုံးပြုနိုင်ခဲ့သည်။ ရေယာဉ်ကိုယ်ထည်သံပြားများအား Rivet စနစ်ဖြင့် တွဲဆက်ပါက သံပြားနှစ်ချပ်အား ထပ်တွဲဆက်ရသော်လည်း ဂဟေဖြင့် တွဲဆက်ပါက သံပြားများအားထပ်စရာမလိုဘဲ တေ့ဆက်ကာတွဲဆက်နိုင်သဖြင့် ကုန်ကြမ်းလိုအပ်ချက် လျှော့ချနိုင်ပါသည်။ ဂဟေတွဲဆက်ခြင်းသည် အချိန်တိုအတွင်း တွဲဆက်နိုင်သည့်အပြင် ခိုင်ခံ့ကောင်းမွန်သော အဆက်ရရှိပြီး ရေလုံမှု (Watertight Integrity) တွင် ပို၍စိတ်ချရပါသည်။ ပြုပြင်ထိန်းသိမ်းရာတွင် Rivet စနစ် ရေယာဉ်များထက် ဂဟေဖြင့် တွဲဆက်သည့် ရေယာဉ်က များစွာသာလွန်မှု ရှိပါသည်။ ထို့ကြောင့်ရေယာဉ်တည်ဆောက်ရာတွင် Rivet စနစ်အစား သမားရိုးကျဂဟေတွဲဆက်ခြင်းစနစ်ကိုပြောင်းလဲအသုံးပြုခဲ့ပါသည်။ သမားရိုးကျ ဂဟေတွဲဆက်ခြင်းနည်းပညာထွန်းကားလာမှုသည် ရေယာဉ်တည်ဆောက်ခြင်းနယ်ပယ်အား သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲစေခဲ့ပါသည်။

သမားရိုးကျ ဂဟေတွဲဆက်ခြင်း စနစ်သည် ရိုးရှင်းပြီးဂဟေစက်၊ဂဟေကြိုး၊ဂဟေဂေါက်နှင့် သံဂဟေချောင်းတို့ကို အသုံးပြုပါသည်။ တွဲဆက်မည့် သံပြားကို ဂဟေစက်၏ အမငုတ်နှင့်လည်းကောင်း၊ဂဟေကြိုး၊ ဂဟေဂေါက်နှင့် ဂဟေချောင်းများကို အဖိုငုတ်နှင့်လည်းကောင်း ဆက်သွယ်ထားပါသည်။ ဂဟေစက်အား လျှပ်စစ်ဓာတ်အား ပေးလိုက်သောအခါ ဂဟေချောင်းနှင့် တွဲဆက်သံပြားတို့ ထိနေသဖြင့် လျှပ်စီးပတ်လမ်း ဖြစ်ပေါ်သွားပါသည်။ ထိုအချိန်တွင် ဂဟေတွဲဆက်သူက ဂဟေချောင်းအား တွဲဆက်သံပြားနှင့် အနည်းငယ်ခွာလိုက်သောအခါဂဟေချောင်းမှ သံပြားသို့ လျှပ်စစ်များခုန်ကူးပြီး အပူချိန် ၅၀၀၀ ဒီဂရီစင်တီဂရိတ်ကျော် မြင့်မားသည့် လျှပ်စစ်လျှပ်ပန်း (arc) ဖြစ်ပေါ်လာပြီး အကျိုးအားဖြင့် ဂဟေချောင်းနှင့် သံပြားတို့သည် အရည်ပျော်ပေါင်းစပ်သွားကြပါသည်။ဂဟေတွဲဆက်သူမှ ဂဟေချောင်းအား ရှေ့သို့ဆက်၍ဆွဲသွားသောအခါမူလကအရည်ပျော်နေသောသံရည်များအေးခဲသွားပြီးဂဟေဆက်

ဂဟေတွဲဆက်ရာ၌
လွန်စွာအရေးကြီးသည့်အချက်မှာ
သံရည်ပျော်နေချိန်တွင်
ပြင်ပမှလေများ(အောက်ဆီဂျင်၊
နိုက်ထရိုဂျင်) သံရည်အတွင်းသို့
မဝင်ရောက်စေရေး
ကာကွယ်ရန်ဖြစ်...

AQUARIUS MERCURY
TRAINING CENTRE
Dawbon Dockyard, Dawbon Township, Yangon.
Mail - aquariusmercury.mm@gmail.com.Office Tel : 09 792 236 855, 09 792 236 863.

အောက်ပါသင်တန်းများကို ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။

a. R III/4 (96) Hrs သင်တန်း
b. R III/5 (240)Hrs (Theory) သင်တန်း
c. R III/5 (284)Hrs (Fitter) သင်တန်း
d. OEW Workshop Skills (802)Hrs သင်တန်းများဖြစ်ပါသည်။

မှတ်ချက် ။ ။ R III/4 (96) Hrs သင်တန်း၊ R III/5 (240)Hrs (Theory) သင်တန်း၊ R III/5(284)Hrs (Fitter) သင်တန်းတို့၏ သင်တန်းတက်ရောက်ခွင့်ပြုစာ (Eligible) ရရှိရန် သင်တန်းသားကိုယ်စား သင်တန်းကျောင်းမှ DMA သို့ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပေးပို့လျှောက်ထားပေးပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ - ၀၉-၇၉၂၂၃၆၈၅၅/၀၉-၇၉၂၂၃၆၈၆၃

ကြောင်းတစ်ခု ဖြစ်ပေါ်လာပါသည်။ တွဲဆက်သံပြားသည်လည်းတစ်သားတည်းဖြစ်သွားပါသည်။

ဂဟေတွဲဆက်ရာ၌ လွန်စွာအရေးကြီးသည့်အချက်မှာ သံရည်ပျော်နေချိန်တွင် ပြင်ပမှလေများ (အောက်ဆီဂျင်၊ နိုက်ထရိုဂျင်) သံရည်အတွင်းသို့ မဝင်ရောက်စေရေး ကာကွယ်ရန်ဖြစ်သည်။ ထို့သို့ ကာကွယ်ရန် သံဂဟေချောင်း၏ ဘေးတစ်လျှောက်လုံးတွင် ကယ်ဆီယံကာဗွန်နိတ်၊ ဆယ်လူးလို့စ်၊ တိုက်တေနီယံဒိုင်အောက်ဆိုဒ် အစရှိသောပစ္စည်းများ ဖုံးအုပ်ထားပါသည်။ ထို့ကြောင့် ၎င်းဂဟေချောင်းကို သတ္တုချော်ကာဂဟေချောင်းဟုလည်း ခေါ်ပါသည်။ ဂဟေတွဲဆက်စဉ် ၎င်းသတ္တုချော်များ လောင်ကျွမ်းပြီး ဂဟေသံရည်ပတ်ဝန်းကျင်တွင် မီးခိုးငွေ့များ ဖြစ်ပေါ်ကာ ပြင်ပလေများသံရည်အတွင်းသို့ မဝင်ရောက်ရန် ကာကွယ်ပေးပါသည်။ ထိုသို့ ဂဟေချောင်းမှ ပြင်ပလေကို ကိုယ်တိုင်ကာကွယ်သဖြင့် Shielded metal arc welding (SMAW) ဟု ခေါ်ပါသည်။ ၎င်းစနစ်၏ အားသာချက်များမှာ သံပြားအထူမျိုးစုံ တွဲဆက်နိုင်ခြင်း၊ အသုံးပြုပုံရိုးရှင်းလွယ်ကူခြင်း၊ အလွယ်တကူ ရွှေ့ပြောင်းအသုံးပြုနိုင်ခြင်း၊ အဆက်နည်းပုံစံမျိုးစုံ တွဲဆက်နိုင်ခြင်းတို့ ဖြစ်ပါသည်။ သို့ရာတွင် ဂဟေတွဲဆက်ရာ၌ ဂဟေချောင်းကို ဖြုတ်/တပ်ရ၍ အဆက်မပြတ် တွဲဆက်၍ မရခြင်းနှင့် တွဲဆက်နှုန်းနှေးကွေးခြင်းတို့ကြောင့် အလုပ်ပြီးမြောက်မှုနည်းပါစေပါသည်။ ၎င်းပြင် လုပ်သားများ၏ ကျွမ်းကျင်မှု အထူးလိုအပ်ပါသည်။

**သမားရိုးကျ ဂဟေတွဲဆက်ခြင်းစနစ် (SMAW) သရုပ်ပြပုံ**




ယနေ့အချိန်တွင် ရေကြောင်းကုန်သွယ်မှု ကြီးမားစွာ ဖွံ့ဖြိုးလာသည်နှင့်အတူ ခေတ်မီရေယာဉ်များ အရေအတွက်များစွာ တည်ဆောက်လျက်ရှိပါသည်။ ထို့ကြောင့် သမားရိုးကျ ဂဟေတွဲဆက်နည်း SMAW Welding အစား ပိုမိုမြန်ဆန်သည့် ခေတ်မီဂဟေတွဲဆက်နည်းပညာများကို တီထွင်အသုံးပြုနေပြီ ဖြစ်ပါသည်။

ရွှေတိုး(မြန်မာ့သင်္ဘောကျင်းလုပ်ငန်း)



# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း (ပို့ဆောင်ရေး)ကချင်ပြည်နယ်အတွင်း ဝန်ကြီးဌာနအောက်ရှိ ဌာန / အဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ဩဂုတ်လ ၁၆ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဧရာဝတီရိပ်သာ အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနလက်အောက်ရှိဌာနအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ဌာနအလိုက် တာဝန်ရှိသူများမှ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက တင်ပြချက်များအား ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကျန်းမာရေးအား အထူးအလေးထားဂရုစိုက်ကြရန်၊ ဝန်ထမ်းကောင်းမှနိုင်ငံကောင်းမည်ဟူသည့်ဆောင်ပုဒ်နှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းကျင့်ဝတ် စည်းမျဉ်း/စည်းကမ်းများ၊ ညွှန်ကြားချက်များ၊ အထက်မှပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့်ဌာနအချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန်၊ ဌာနတာဝန်ခံများအနေဖြင့် မိမိဝန်ထမ်းများအား သက်သာချောင်ချိရေးကိုအလေးထားဆောင်ရွက်ပေးရန်၊ မိမိရုံးဌာနနှင့် ပတ်ဝန်းကျင်အား အစဉ်အမြဲ သန့်ရှင်းသာယာလှပစေရေးနှင့် လုံခြုံရေး ဂရုပြုဆောင်ရွက်ကြရန် ပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးသည် မြစ်ကြီးနားမြို့တွင် တာဝန်ထမ်းဆောင်နေသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများအား ဆန်၊ ဆီ၊ ကြက်ဥ၊ ကုလားပဲ၊ ကြက်သွန်နီအစရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေး၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ ကမ်းနားလမ်းတစ်လျှောက် ဧရာဝတီမြစ်ရေ လမ်းကြောင်း ကောင်းမွန်ရေးနှင့် ကမ်းပြို/ကမ်းထိန်းကာကွယ်ရေး လျာထားလုပ်ငန်းအစီအမံများနှင့် မြစ်ကမ်းလမ်းကြောင်းထိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လျာထားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခဲ့ပြီးစီတာပူရပ်ကွက်ရှိအင်ဂျန်းချောင်းအတွင်းနှင့် မနော်ကွင်းအနီး ဧရာဝတီမြစ်ရေတိုက်စားမှုနှင့် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဧရာဝတီမြစ်ရေကြီးမှုမှကာကွယ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအပေါ် အရည်အသွေးပြည့်မီစွာ အချိန်မီ ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိပြီး လေကြောင်းဖြင့် ခရီးသွားလာလျက်ရှိသော ခရီးသွားလုပ်သားပြည်သူများ၊ ခရီးသည်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆိုက်ရောက်/ထွက်ခွာမှု အခြေအနေများ၊ လေဆိပ်တွင် အသုံးပြုလျက်ရှိသော X-ray စက်၊ CCTV များ ကောင်းမွန်မှု ရှိ/မရှိ အခြေအနေများ၊ လေကြောင်းထိန်းမျှော်စင်၏ ဆက်သွယ်ရေးစက်များ၊ လေကြောင်းထိန်းစနစ်များ ကောင်းမွန်မှု ရှိ/မရှိ အခြေအနေများ၊ လေယာဉ်ပြေးလမ်းနှင့် ပြေးလမ်း၏ ဝဲယာတွင် ပန်းနှမ်းပင်များ စိုက်ပျိုးရန် လျာထားသည့် မြေနေရာများနှင့် လေယာဉ်အရေးပေါ် အသက်ကယ်မီးသတ်ရုံတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးအောင်ကျော်ထွန်းသည် ဩဂုတ်လ ၁၇ ရက် နံနက်ပိုင်းတွင် ပူတာအိုခရိုင်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနလက်အောက်ရှိဌာန/အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံခဲ့

သည်။

ထိုသို့တွေ့ဆုံရာတွင် ဌာနအလိုက် တာဝန်ရှိသူများမှ လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ဖြေကြားရှင်းလင်း ဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများ၏ မိသားစုများအပါအဝင် ကျန်းမာရေး အထူးအလေးထား ဂရုစိုက်ကြရန်၊ တာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းကျင့်ဝတ် စည်းမျဉ်း/စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ အထက်မှပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် ဌာနအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန်၊ ဌာနတာဝန်ခံများအနေဖြင့် မိမိဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် ခံစားခွင့်ကိစ္စရပ်များကို လစ်ဟင်းမှုမရှိစေဘဲ တတ်နိုင်သမျှ အလေးထားဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အခက်အခဲများနှင့် တွေ့ကြုံရပါက သက်ဆိုင်ရာတာဝန်ရှိသူ အဆင့်အဆင့်သို့ တင်ပြ သတင်းပို့ ဆောင်ရွက်သွားကြရန်၊မိမိရုံးဌာနနှင့် ပတ်ဝန်းကျင်အား အစဉ်အမြဲ သန့်ရှင်းသာယာလှပစေရေး ပုံမှန်ဆောင်ရွက်သွားကြရန်၊ အောက်ခြေဝန်ထမ်းများအထိ လုံခြုံရေးအသိ၊ အမြင်များရှိစေရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး ပူတာ



အိုမြို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများကို ဆန်၊ ဆီ၊ ကြက်ဥ၊ ကုလားပဲ၊ ကြက်သွန်နီ အစရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက်ဒုတိယဝန်ကြီးသည်တာဝန်ရှိသူများနှင့်အတူ ဝန်ကြီးဌာနအောက်ရှိဌာန/အဖွဲ့အစည်းများ၏ ရုံးအဆောက်အဦများ၊ နေထိုင်စားသောက်မှု အခြေအနေများနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပူတာအိုလေဆိပ်သို့ ရောက်ရှိပြီး လေကြောင်းဖြင့် ခရီးသွားလာလျက်ရှိသော ခရီးသွားလုပ်သားပြည်သူများ၊ ခရီးသည်များ အဆင်ပြေချောမွေ့စေရေး အတွက် ဆိုက်ရောက်/ထွက်ခွာမှု အခြေအနေများ၊ လေဆိပ်တွင် အသုံးပြုလျက်ရှိသော X-rayစက်၊CCTVများကောင်းမွန်မှု ရှိ/မရှိ အခြေအနေများ၊ လေယာဉ်ပြေးလမ်းမီးအခြေအနေများ၊လေကြောင်းထိန်းမျှော်စင်၏ ဆက်သွယ်ရေးစက်များ၊ လေကြောင်းထိန်းစနစ်များ ကောင်းမွန်မှု ရှိ/မရှိ အခြေအနေများ၊ လေယာဉ်ပြေးလမ်းနှင့် ပြေးလမ်း၏ ဝဲယာ မြက်ပင်ရှည်ခြုံနွယ်များ ပုံမှန်ရှင်းလင်းထားရှိမှုအခြေအနေများနှင့် ပန်းနှမ်းပင်များ စိုက်ပျိုးရန် လျာထားသည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းအဖွဲ့(ပို့/ဆက်)








# ကိုယ်ရည်ကိုယ်သွေး တိုးတက်ရေး ကြိုးပမ်းခြင်း (အပိုင်း-၂)

သူရိန်စံ

## ဆက်ဆံရေးတည်ဆောက်ခြင်း

ဆက်ဆံရေးတည်ဆောက်ခြင်းသည် ခိုင်မာသော လူအချင်းချင်း ကျွမ်းကျင်မှုနှင့် ကွန်ရက်များ ပြုစုပျိုးထောင်ခြင်းတို့ ပါဝင်သောကြောင့် ပရော်ဖက်ရှင်နယ် အောင်မြင်မှု၏ အရေးပါသောကဏ္ဍတစ်ခုဖြစ်သည်။ ဤစွမ်းရည်များကို မြှင့်တင်ခြင်းဖြင့် တစ်ဦးချင်းစီသည် လုပ်ဖော်ကိုင်ဖက်များ၊ ဖောက်သည်များနှင့် အခြားသော ကျွမ်းကျင်ပညာရှင်များနှင့် အဓိပ္ပာယ်ရှိသော ချိတ်ဆက်မှုများကို ထူထောင်နိုင်ပါသည်။ ၎င်းသည် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယုံကြည်မှုနှင့် လုပ်ငန်းခွင်အတွင်း တိုးတက်မှုအတွက် အခွင့်အလမ်းများ တိုးပွားလာစေနိုင်သည်။ ထိရောက်သော ကွန်ရက်ချိတ်ဆက်ခြင်းသည် ပရော်ဖက်ရှင်နယ်နယ်ပယ်တွင် ၎င်းတို့၏လက်လှမ်းမီမှုကို ချဲ့ထွင်ရန်၊ ၎င်းတို့၏နယ်ပယ်အတွင်းရှိ အခြားသူများထံမှ သင်ယူနိုင်စေရန်နှင့် လုပ်ငန်းဆိုင်ရာ ခေတ်ရေစီးကြောင်းများအကြောင်း အသိပေးနေခြင်း ဖြစ်ပါသည်။ ထို့အပြင် ခိုင်မာသော ပေါင်းသင်းဆက်ဆံရေးစွမ်းရည်ရှိခြင်းသည် လူတစ်ဦးချင်းစီအား ထိထိရောက်ရောက် ပြောဆိုဆက်ဆံနိုင်ခြင်း၊ ပဋိပက္ခများကို ထိရောက်စွာ ဖြေရှင်းနိုင်ပြီး အခြားသူများနှင့် ဆက်ဆံရေး တည်ဆောက်နိုင်စေပါသည်။ အဆုံးစွန်အားဖြင့် ပရော်ဖက်ရှင်နယ် အခြေအနေတစ်ခုတွင် ဆက်ဆံရေးတည်ဆောက်ခြင်းကို ဦးစားပေးခြင်းသည် အပြုသဘောဆောင်သော အလုပ်ပတ်ဝန်းကျင်ကို မြှင့်တင်ပေးနိုင်သည်။ ကုန်ထုတ်စွမ်းအား မြှင့်တင်ရန်နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဖြစ်နိုင်ခြေအသစ်များအတွက် တံခါးဖွင့်ပေးနိုင်သည်။ ယနေ့ခေတ် ပြိုင်ဆိုင်မှုရှိသော စီးပွားရေးအခင်းအကျင်းတွင် ကြီးပွားတိုးတက် အောင်မြင်ရန်အတွက် လူတစ်ဦးချင်းစီသည် ဤအရည်အချင်းများကို ပြုစုပျိုးထောင်ရန် အချိန်နှင့် ကြိုးစားအားထုတ်မှု လိုအပ်ပါသည်။

တစ်ဦးနှင့်တစ်ဦးအကြား ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန်နားလည်မှုကို တိုးပွားစေသောကြောင့် ပရော်ဖက်ရှင်နယ် အောင်မြင်မှု၏ အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်များ၊ ဖောက်သည်များနှင့် သက်ဆိုင်သူများနှင့် တက်ကြွစွာ ထိတွေ့ဆက်ဆံခြင်းဖြင့် ပရော်ဖက်ရှင်နယ်လုပ်ငန်းဆောင်ရွက်သူများသည် အဖွဲ့အစည်းအတွင်း ကုန်ထုတ်စွမ်းအားနှင့် ဆန်းသစ်တီထွင်မှုကို တွန်းအားပေးသည့် အဓိပ္ပာယ်ရှိသော ချိတ်ဆက်မှုများကို ဖွံ့ဖြိုးတိုးတက်စေနိုင်သည်။ ဆက်ဆံရေးတည်ဆောက်ရာတွင် ထိရောက်သော ဆက်သွယ်မှု၊ တက်ကြွသော နားထောင်မှု၊ စာနာမှုနှင့် အခြားသူများ၏ အမြင်များကို စစ်မှန်သော စိတ်ဝင်စားမှုများ ပါဝင်ပါသည်။ မတူညီသော နောက်ခံများနှင့်ကိုယ်ရည်ကိုယ်သွေးများမှ တစ်ဦးချင်းစီနှင့် ဆက်ဆံရေးထူထောင်ရန် စိတ်ရှည်မှုနှင့် ဖွဲလုံ့လ လိုအပ်ပါသည်။ ဆက်ဆံရေးတည်ဆောက်ခြင်းဖြင့် ကျွမ်းကျင်ပညာရှင်များသည် ပံ့ပိုးကူညီမှုကွန်ရက်တစ်ခုကို ဖန်တီးနိုင်သည် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပရော်ဖက်ရှင်နယ်တိုးတက်မှုအတွက် အခွင့်အလမ်းများကို အသုံးချကာ ပူးပေါင်းဆောင်ရွက်မှုနှင့် အဖွဲ့လိုက်လုပ်ဆောင်မှုကို အားပေးသည့် အပြုသဘောဆောင်သော အလုပ်ပတ်ဝန်းကျင်ကို မွေးမြူနိုင်သည်။ ဤကွန်ရက်ချိတ်ဆက်မှုများကို မွေးမြူရာတွင် အချိန်နှင့်ကြိုးစားအားထုတ်မှု ရင်းနှီးမြှုပ်နှံခြင်းဖြင့် မိမိတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ အောင်မြင်မှုနှစ်ခုလုံးကို အကျိုး

ပြသည့် ရေရှည်တည်တံ့သော လက်တွဲဖော်များအတွက် လမ်းခင်းပေးနိုင်ပါသည်။

**ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှု၏ အရေးပါမှု**

အောက်တွင်ဖော်ပြထားသည့် အကြောင်းရင်းများစွာအတွက် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုသည် လူတစ်ဦးချင်းစီအတွက် အရေးကြီးလှပါသည်-

(က) **အသက်မွေးဝမ်းကြောင်းတိုးတက်ခြင်း**။ ကျွမ်းကျင်မှု အသစ်များ ဖော်ထုတ်ခြင်းနှင့် အသိပညာများ ချဲ့ထွင်ခြင်းသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ၊ ရာထူးတိုးခြင်းနှင့် ဝင်ငွေတိုးပွားစေမည့် အလားအလာများကို ဖြစ်ပေါ်စေပါသည်။

(ခ) **ကိုယ်ရည်ကိုယ်သွေး တိုးတက်ကြီးထွားမှု**။ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ခြင်းသည် လူတစ်ဦးချင်းစီကို ပိုမိုသိရှိနားလည်လာစေရန်၊ ယုံကြည်ချက်နှင့် ပြည့်စုံလာစေကာ ပိုမိုမြင့်မားသော ဘဝအရည်အသွေးကို ရရှိစေပါသည်။

(ဂ) **လိုက်လျောညီထွေရှိမှု**။ လျင်မြန်စွာပြောင်းလဲနေသော ကမ္ဘာကြီးတွင် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှု ကြိုးပမ်းမှုများသည် လူတစ်ဦးချင်းစီတွင် လိုက်လျောညီထွေရှိရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေသည်။

(ဃ) **တိုးတက်သောပေါင်းသင်းဆက်ဆံရေး**။ လူအချင်းချင်း ကျွမ်းကျင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်ကို မြှင့်တင်ခြင်းသည် မိသားစု၊ သူငယ်ချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များနှင့် ပိုမိုခိုင်မာပြီး အဓိပ္ပာယ်ရှိသော ဆက်ဆံရေးကို ဖြစ်ပေါ်စေပါသည်။

(င) **အလုံးစုံသောချမ်းသာသုခ**။ ရုပ်ပိုင်းဆိုင်ရာ၊ ခံစားမှုပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာကို အာရုံစိုက်ခြင်းသည် လူတစ်ဦးချင်းစီ၏ အလုံးစုံ ကျန်းမာရေးနှင့် ပျော်ရွှင်မှုကို တိုးတက်စေနိုင်သည်။

**ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်သော မဟာဗျူဟာများ**

ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ၏ အောင်မြင်မှုကို သေချာစေရန် တစ်ဦးချင်းစီသည် အောက်ပါဗျူဟာများကို ထည့်သွင်းစဉ်းစားရပါမည်-

(က) တိကျသော၊ တိုင်းတာနိုင်သော၊ အောင်မြင်နိုင်သော၊ သက်ဆိုင်ရာသော အချိန်ကန့်သတ်ချက် (SMART) ပန်းတိုင်များ သတ်မှတ်ခြင်း။

(ခ) Personalized Development Plan တစ်ခု ဖန်တီးခြင်း။

(ဂ) ပတ်ဝန်းကျင်၏ မိမိအပေါ် တုံ့ပြန်မှု (အကောင်း/အဆိုး) နှင့် လမ်းညွှန်မှုရယူခြင်း။

(ဃ) စဉ်ဆက်မပြတ် သင်ယူမှုကို လက်ခံကျင့်သုံးခြင်း။

(င) မိမိ၏ နေ့စဉ်ဆောင်ရွက်နေကျ အလေ့အကျင့်များအား ပြန်လည်သုံးသပ်ခြင်းနှင့် မိမိကိုယ်ကို အကဲဖြတ်ခြင်း၊ဆန်းစစ်ခြင်း။



(စ) ကိုယ်ရည်ကိုယ်သွေး တိုးတက်မှုနှင့် ပရော်ဖက်ရှင်နယ် တိုးတက်မှုကို ပေါင်းစပ်ခြင်း။

(ဆ) မိမိဘဝ၏ အောင်မြင်မှုမှတ်တိုင်များနှင့် တိုးတက်မှုများအတွက်ပတ်ဝန်းကျင်၏အသိအမှတ်ပြုမှုမရသည့်တိုင် မိမိကိုယ်ကို မိမိဂုဏ်ပြုဆု ချီးမြှင့်ခြင်း။

## နိဂုံး

ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများသည် လူတစ်ဦးချင်းစီအတွက် အနာဂတ် အလားအလာများ အပြည့်အဝရရှိရန် တစ်ဦးချင်း၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကိုတိုးတက်လာစေရန်နှင့်ပြီးပြည့်စုံသောဘဝများကိုဦးဆောင်နိုင်ရန် အရေးကြီးပါသည်။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာတိုးချဲ့မှု၊ အမူအကျင့်ပြောင်းလဲမှုများ၊ ကိုယ်ရောစိတ်ပါ ကျန်းမာရေးနှင့် ဆက်ဆံရေးတည်ဆောက်ခြင်းတို့ကို အာရုံစိုက်ခြင်းဖြင့် တစ်ဦးချင်းစီသည် စဉ်ဆက်မပြတ် တိုးတက်မှုနှင့် တိုးတက်မှု ခရီးလမ်းကို စတင်နိုင်မည်ဖြစ်သည်။ SMART ပန်းတိုင်များ သတ်မှတ်ခြင်း၊ မိမိ၏ ကိုယ်ပိုင်ပုဂ္ဂိုလ်ရေးဆန်သော ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ ဖန်တီးခြင်းနှင့် မိမိကိုယ်ကိုပြန်လည်သုံးသပ်ခြင်းတို့ကို လေ့ကျင့်ခြင်းကဲ့သို့သော ထိရောက်သော မဟာဗျူဟာများကို ချမှတ်ခြင်းသည် အဆိုပါ ကြိုးပမ်းအားထုတ်မှုများ၏ အောင်မြင်မှုကို သေချာစေနိုင်ပြီး မိမိအတွက်၊ မိမိပတ်ဝန်းကျင် လူမှုဘဝအတွက်သာမက နိုင်ငံအတွက်ပါကောင်းကျိုးချမ်းသာကိုပါပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။



## REFERENCES

1.Allen, D. (2015). Getting Things Done: The Art of Stress-Free Productivity. Penguin Books.

2.Covey, S. R. (2004). The 7 Habits of Highly Effective People: Powerful Lessons in Personal Change. Free Press.

3.Kolb, D. A. (2014). Experiential Learning: Experience as the Source of Learning and Development. FT Press.

4.Knowles, M. S., Holton, E. F., & Swanson, R. A. (2015). The Adult Learner: The Definitive Classic in Adult Education and Human Resource Development. Routledge.





5.Goleman, D. (1995). Emotional Intelligence: Why It Can Matter More Than IQ. Bantam Books.

6.Dweck, C. S. (2006). Mindset: The New Psychology of Success. Random House.

7.Kabat-Zinn, J. (1990). Full Catastrophe Living: Using the Wisdom of Your Body and Mind to Face Stress, Pain, and Illness. Delacorte.

8.Siegel, D. J. (2010). The Mindful Therapist: A Clinician's Guide to Mindsight and Neural Integration. W. W. Norton & Company.

9.Carnegie, D. (1936). How to Win Friends and Influence People. Simon and Schuster.

10.Brown, B. (2012). Daring Greatly: How the Courage to Be Vulnerable Transforms the Way We Live, Love, Parent, and Lead. Gotham Books.

11.Robbins, A. (2001). Awaken the Giant Within: How to Take Immediate Control of Your Mental, Emotional, Physical and Financial Destiny. Free Press.

12.Seligman, M. E. P. (2002). Authentic Happiness: Using the New Positive Psychology to Realize Your Potential for Lasting Fulfillment. Free Press.

13.SMART Goals: Doran, G. T. (1981). There's a S.M.A.R.T. way to write management's goals and objectives. Management Review, 70(11), 35-36.

14.Feedback and Mentorship: Goldsmith, M. (2009). What Got You Here Won't Get You There: How Successful People Become Even More Successful. Hyperion.

15.Continuous Learning: Senge, P. M. (2006). The Fifth Discipline: The Art & Practice of The Learning Organization. Doubleday.

16.Reflection and Self-Evaluation: Schön, D. A. (1983). The Reflective Practitioner: How Professionals Think in Action. Basic Books.

17.Integrate Personal and Professional Growth: Drucker, P. F. (2008). Managing Oneself. Harvard Business Review Press.

**သုရိန်စံ**

ခိုင်မာသောပေါင်းသင်း
ဆက်ဆံရေးစွမ်းရည်ရှိခြင်းသည်
လူတစ်ဦးချင်းစီအားထိထိ
ရောက်ရောက်ပြောဆိုဆက်ဆံ
နိုင်ခြင်း၊ ပဋိပက္ခများကို
ထိရောက်စွာ ဖြေရှင်းနိုင်...



# ရှုမငြီးဖွယ် ခရီးနှယ်သို့

■ ကြည်



ဦးထီ၊ ဇနီးဒေါ်ဖြူနှင့် သားမောင်ဖွေးတို့ မိသားစု သုံးဦး အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်လျက်... ဒေါ်ဖြူက ဦးထီကို "ဖေကြီး ကျွန်မတို့ ဒီနွေရာသီ အညာဘက်ကို ဘုရားဖူးထွက်ကြရအောင်ရှင့်"

ထိုအခါ ဦးထီက "ကောင်းသားပဲ . . . အညာဘက် မရောက်တာ၊ ဟော့ ဒီသားကြီး မောင်ဖွေး ဆယ်နှစ်သားလောက်တည်းက၊ အခုသားကြီးတောင် အသက် ၂၀ ပြည့်ပြီး သွားပြီမို့ ကိုယ်လည်း သွားချင်နေတာနဲ့ အတော်ပဲဗျ" ဟု ဆိုသည်။

သားကြီးမောင်ဖွေးက "ဝိုး... သားငယ်ငယ်က ပုဂံဒေသကို ဘုရားဖူးထွက်တုန်းက လမ်းခရီးတစ်လျှောက် ဖေဖေပဲ ကားမောင်းခဲ့ရတာ...အခုသားက "ခ" ယာဉ်မောင်းလိုင်စင်ရထားပြီမို့ ခရီးတစ်လျှောက်လုံး သားပဲ မောင်းပါရစေ ဖေဖေ" ဟု ပြောသည်။

ဒေါ်ဖြူက "အိုကွယ်... သားက ယာဉ်မောင်းလိုင်စင်ရထားတာလဲ မကြာသေးဘူး . . . ဟိုင်းဝေးလည်း သိပ်မမောင်းဘူးတော့ မေမေ စိတ်မချဘူး၊ ဖေဖေပဲ မောင်းပါစေသားရယ်" ဟု ဝင်ပြောသည်။

မောင်ဖွေးက "မေမေကလဲဗျာ စိုးရိမ်တတ်လိုက်တာလွန်ပါရော" သားက "ယာဉ်မောင်းလိုင်စင်မရခင်တည်းက အိမ်က ကားကို ဟိုနားဒီနား မောင်းပေးနေတာလေ..." ဒေါ်ဖြူက "ဟုတ်တာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် သားက ခရီးဝေးတစ်ခါမှ မမောင်းဖူးဘူးလေ"

"ကဲကဲ... သားအမိနှစ်ယောက် အပြန်အလှန် အချေအတင် မပြောကြနဲ့တော့"ဟု ဦးထီက ဝင်တားပြီး . . .။

" ဒီလိုရှိတယ် ကားမောင်းတယ်ဆိုတာ အတွေ့အကြုံ ရှိရှိ/မရှိရှိ ခရီးဝေးမောင်းဘူးဖူး၊ မမောင်းဘူးဖူး" ယာဉ်မောင်းသူရဲ့ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းလိုက်နာမှု၊ယာဉ်မောင်းရာမှာ လောဘ၊ ဒေါသ၊ မောဟ (တစ်နည်း) စိတ်ကောင်းမေတ္တာထားမှုအပေါ်မှာ မူတည်တာ . . ."

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တတ်သိနားလည်ပြီး လောဘ၊ဒေါသ၊မောဟ ဖြစ်လျက်မောင်းနှင်လျှင် ယာဉ်မတော်တဆမှု ဖြစ်တတ်သလို၊ လောဘ၊ ဒေါသ၊ မောဟ မဖြစ်ပေမယ့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာဘဲ၊ မသိဘဲ မောင်းနှင်မယ်ဆိုလျှင်လည်း ယာဉ်မတော်တဆမှုဖြစ်တတ်တာပဲလေ . . ." ဒါကြောင့် ယာဉ်လမ်းစည်းကမ်းတွေကို စိတ်ကောင်းမေတ္တာနဲ့တွဲဖက်ပြီး မောင်းနှင်မယ်ဆိုလျှင် ဖြောင့်ဖြူးတဲ့ ခရီးကောင်းတစ်ခုကို ရောက်ရှိစေမှာပါ. . . "ကဲကဲ ဒါဆို ဖေကြီးက သားကို မောင်းခွင့်ပြုတယ်ပေါ့" ဟု ဒေါ်ဖြူကဆိုသည်။

"မောင်းခွင့်ပြုတယ်ဆိုရာမှာ ငါက ကားခေါင်းခန်းက သားကြီးဘေးက ထိုင်ရင်း သား

ကြီးရဲ့မောင်းနှင်မှုကို အကဲဖြတ်မယ်လေ...” ဟု ဦးထီက ပြော၍ အညာဒေသ ဘုရားဖူး ခရီးစဉ်တစ်လျှောက် သားကြီးကို မောင်းခွင့် ပြုလိုက်ကြလေတော့သည်။

ခရီးထွက်မည့်နေ့မတိုင်ခင်ကပင်

“ကားကိုခြေနင်းလက်စွဲဘရိတ်၊ရှေ့မီး ကြီးအပါဝင် ဘရိတ်မီး၊အချက်ပြမီးနှင့်အခြား မီးများ၊ ရောင်ပြန်များ၊ ဘီးနှင့် ဘီးခွေများ၊ ယာဉ်လက်ကိုင်စနစ်(စတီယာရင်)၊အောက်ခံ သံဘောင်(ဖရိန်)၊ ကိုယ်ထည်၊ လေး၊ ရှော့၊ အိတ်ဇောဘားနှင့် အခြားဒဏ်ခံစနစ်များ၊ စက်၊ဂီယာနှင့်ဆက်စပ်ပစ္စည်းများ၊လေကာ မှန်၊ နောက်ကြည့်မှန်နှင့် ဘေးမှန်များ၊ ရေ သုတ်ကိရိယာ၊ဟွန်း၊စက်သံထိန်းသောအိပ် ဇောဆိုင်လင်ဇာ၊ အမြန်နှုန်းပြကိရိယာနှင့် လျှပ်စစ်သွယ်တန်းမှုများ၊ ထိုင်ခုံခါးပတ်နှင့် ဆက်စပ်ပစ္စည်းများ လောင်စာဆီကန်နှင့် ဆက်စပ်ပစ္စည်းများ ကောင်း မကောင်း၊ တာ ယာများလေညီ/မညီစသည်တို့ကိုသားအဖ နှစ်ဦး ဂရုပြု၍ စစ်ဆေးကြလေသည်။

> “ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တတ်သိနားလည်ပြီး
> လောဘ၊ ဒေါသ၊ မောဟဖြစ်လျက် မောင်းနှင်လျှင်
> ယာဉ်မတော်တဆမှု ဖြစ်တတ်သလို၊
> လောဘ၊ ဒေါသ၊ မောဟမဖြစ်ပေမယ့်လည်း
> ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာဘဲ၊ မသိဘဲ
> မောင်းနှင်မယ်ဆိုလျှင်လည်း
> ယာဉ်မတော်တဆမှု ဖြစ်တတ်တာပဲလေ...”



ခရီးထွက်မည့်နေ့ မနက်အစောပိုင်း မိသားစုသုံးဦး ဘုရားဖူးခရီး စတင်ထွက်ခွာကြလေပြီ။

ကားမောင်းမည့် သားကြီးက ဒရိုင်ဘာနေရာမှနေ၍ထိုင်ခုံခါးပတ်ကို ပတ်၍စတင်မောင်းနှင်လေပြီ။ ဦးထီက ကားခေါင်းခန်း ဒရိုင်ဘာဘေးခုံတွင် ထိုင်လျက် ထိုင်ခုံခါးပတ် မပတ်ဘဲ နေကြည့်မိလိုက်သည်။

ထိုအခါ သားကြီးက "ဖေဖေ ထိုင်ခုံခါးပတ် ပတ်လိုက်ပါဦး"ဟု ချက်ချင်းအသိပေးလေသည်။ ဦးထီလည်း ထိုင်ခုံခါးပတ်ပတ်ပြီး လိုက်ပါလာခဲ့သည်။

ခရီးလမ်းတစ်လျှောက်မြို့တွင်းဇရိယာတွင် တစ်နာရီ ၄၈ ကီလိုမီတာ မိုင်အားဖြင့် ၃၀ မိုင်၊ မြို့ပြင်တစ်နာရီ ၈၀ ကီလိုမီတာ မိုင်အားဖြင့် ၅၀ မိုင်နှုန်းဖြင့် မောင်းနှင်ကြောင်း၊ အမြန်နှုန်းပြကိရိယာ (ဒိုင်ကွက်) ကို ဦးထီက လှမ်းကြည့်နေခြင်းဖြင့် မြင်တွေ့ရလေသည်။

သာမာန်အားဖြင့် ယာဉ်ကို လက်ယာဘက်သို့ ကပ်မောင်းပြီး၊ နှေးနှေးမောင်းလျှင်လည်း လက်ယာဘက်မှ ကပ်မောင်းသည်ကိုတွေ့ရသည်။

ရှေ့ယာဉ်နှင့် သင့်လျော်သော အကွာအဝေးမှ ခွာမောင်းခြင်း၊ လိုအပ်သည့်နေရာ၌ အချက်ပြမီးတို့ဖြင့် ကြိုတင်အချက်ပြခြင်း၊ နောက်ကြည့်မှန်ကို အသုံးပြုခြင်း၊ ယာဉ်မောင်းနေစဉ် နောက်လှည့်စကားမပြောခြင်း၊ လက်ကိုင်ဖုန်း အသုံးမပြုခြင်း၊ ယာဉ်ကို အန္တရာယ်ဖြစ်လောက်အောင် (တစ်နည်း) မထိန်းသိမ်းနိုင်လောက်အောင် မမောင်းခြင်း၊ ယာဉ်တစ်စီးနှင့် တစ်စီး အလုအယက်ကျော်တက်မမောင်းခြင်း၊ ယာဉ်ကြောအတိုင်း စနစ်တကျ မောင်းနှင်သဖြင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ခြင်း၊ ရထားလမ်းဖြတ်သောအခါဂီယာနိမ့်ဖြင့် ဖြတ်ကူးခြင်း၊ ဖြတ်ကူးစဉ် ဂီယာ မပြောင်းခြင်းစသည့်ယာဉ်မောင်းရာ၌လိုက်နာရမည့်အချက်များအတိုင်း မောင်းနှင်ခြင်းဖြင့် လိုက်နာရမည့်အချက်များအတိုင်း မောင်းနှင်နေသူ သားဖြစ်သူ၏ ယာဉ်မောင်းခြင်းဆိုင်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအပေါ် ဖခင်ဖြစ်သူအနေဖြင့် ဂုဏ်ယူဝမ်းသာရပေသည်။

ဤသို့နယ်မောင်းနှင်လာရင်းနေ့လယ်အချိန်အရောက်တွင် လမ်းဘေးစားသောက်ဆိုင်တစ်ဆိုင်တွင် ခေတ္တဝင်နား၍နေ့လယ်စာ စားကြလေသည်။

စားသောက်ဆိုင်တွင်ဦးထီက သားဖြစ်သူကို "သားကြီး မင်း တစ်ခါတစ်ရံ ဘီယာသောက်တတ်တာကိုဖေဖေသိတယ်။ ဒီအချိန်မှာတော့ မသောက်ပါနဲ့ဦးနော်. . . ။"

"ဟုတ်ကဲ့ပါဖေဖေ၊ဘီယာဆိုတာအရက်မဟုတ်ဘူးလို့ ဆိုနိုင်ပေမယ့်၊ အဲ့ဘီယာထဲမှာ သင့်တင့်တဲ့ Alcoholအရက်ပါဝင်မှုပမာဏတော့ပါနေတာမို့ ဘီယာများများ သောက်မိရင်လည်း အရက်ပမာဏများများကိုသောက်မိသလို ဖြစ်စေမှာမို့ သား လုံးဝ မသောက်ပါဘူး ဖေဖေ. . . ။"

သားတို့ လိုရာခရီးရောက်မှ ဘီယာသောက်ပြီး အနားယူအပန်းဖြေပါ့မယ်။

ထိုအခါဒေါ်ဖြူက "သားကြီးကားမောင်းတာကို နောက်ခန်းက ထိုင်ကြည့်ပြီး စီးလာရတာစိတ်ချမ်းသာလိုက်တာ သားရယ်။ သားကယာဉ်စည်းကမ်း၊လမ်းစည်းကမ်းကိုစနစ်တကျ လိုက်နာမောင်းနှင်နေတာကို တွေ့ရတော့ ယာဉ်မောင်းကောင်းတစ်ဦးအနေနဲ့ မေမေ ဂုဏ်ယူမိပါတယ်ကွယ်။"

"သား ကားမောင်းနေစဉ်မှာ သားကို မေမေစကားမပြောဘူးဆိုတာ မေမေစကားလှမ်းပြောရင် သားက မေမေ့ကို ကြည့်ပြီး စကားပြန်ပြောမိရင် နောက်လှည့်စကားပြောမိသလို ဖြစ်မှာစိုးလို့ပါ။"

"မေမေက သား ကားမောင်းနေတာကို ကြည့်ပြီး ဘာကြောင့် သားက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာတယ်လို့ ဘာကြောင့် ပြောနိုင်ရတာလဲ။"

"သြော် . . . သားကလည်း မေမေက သားမမွေးခင်တည်းက ကားနဲ့ခရီးသွားတဲ့အခါ မင်းဖေဖေရဲ့ ဘေးခုံမှာ ထိုင်ပြီး လိုက်သွားနေကြမို့၊ မင်းဖေဖေနဲ့ တစ်ကားတည်းစီးပြီး တစ်ခရီးထဲသွားနေကြမို့၊ မင်းဖေဖေရဲ့ ယာဉ်မောင်းကျွမ်းကျင်မှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမောင်းနှင်မှုတွေကို အမြဲမြင်တွေ့သိရှိနေပြီးသားမို့အခုသားကားမောင်းနေတာဟာလည်းပဲ ဖေဖေမောင်းနှင်တဲ့ပုံစံအတိုင်း စည်းကမ်းအတိုင်း မောင်းနှင်နေတယ်ဆိုတာမေမေသိနိုင်တာပေါ့"ဟုဆိုလေသည်။

စားသောက်ဆိုင်တွင်နေ့လယ်စာထမင်းစားသောက်ပြီးနောက် ခရီးဆက်နှင်ခဲ့ကြလေသည်။

လမ်းခရီးတွင် ဆိတ်များ အုပ်စုဖွဲ့၍ လမ်းဖြတ်ကူးရန်အတွက် ဆိတ်ကျောင်းသူ

BMTC
BRILLIANCE MARITIME TRAINING CENTRE



- ရေကြောင်းအရာရှိ (CoC)သင်တန်းများ
- ရေကြောင်းပညာ တတ်ကျွမ်းမှုဆိုင်ရာ (CoP)သင်တန်းနှင့် မွမ်းမံသင်တန်းများ
- သင်္ဘောသားလူသစ်သင်တန်းများကိုလည်း တက်ရောက်နိုင်ပါသည်။

NO. (64), AYAR WUN AVENUE, THARKETA TOWNSHIP, YANGON.
(OPPOSITE LANE OF CAPITAL HYPERMARKET)
Tel : +95-9-254414135 / 09-785547059 / 09-770526781 / 09-770526782
E-mail : briliancemtc@gmail.com

မှ မေတ္တာရပ်ခံသဖြင့် ရပ်ပေးလေသည်။

အချက်ပေးသံဖြင့် လာသော အရေးကြီး ယာဉ်လာသည်နှင့် ကြုံကြိုက်သဖြင့် ရပ်ပေးဖြစ်သည်။

တံခါးမရှိသော ရထားလမ်းကို ဖြတ်ကူးရာတွင်လည်း ဖြတ်မကူးမီ ကားကို ရပ်ပေးလိုက်သည်။

ဤသို့ ဤနယ် မောင်းနှင်လာရင်း ခရီးဆုံးမရောက်မီ ညဦးအချိန် ရောက်လာလေတော့သည်။ ညအချိန်ဖြစ်၍ အလင်းရောင်နည်းသဖြင့် လိုအပ်သော ကား၏ မီးကို ဖွင့်မောင်းရသည်။ ရှေ့မျက်နှာချင်းဆိုင်မှ ယာဉ်လာလျှင် ရှေ့မီးကြီးကို အောက်သို့ စိုက်၍ ဒါမှမဟုတ် ခေတ္တပိတ်၍ မောင်းရသည်။

မိသားစုသုံးဦး လိုရာခရီးကို ရောက်ပြီမို့ ညအိပ်တည်းခိုမည့် တည်းခိုခန်းတွင် အနားယူကြလေသည်။ နောက်တစ်နေ့ နံနက်အစောတွင် မိသားစုသုံးဦး မနက်စာ ထမင်းဝိုင်း "Breakfast" ၌ လက်စုံစားကြစဉ် ဒေါ်ဖြူက "ဖေကြီး သားကြီး မနေ့က ခရီးလမ်းတစ်လျှောက် ကားမောင်းတာကို ကျွန်မ နောက်ကနေ ထိုင်ကြည့်နေတာ ဖေကြီးမောင်းသလို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တာ၊ မောင်းနေတာကို မြင်ရတော့ ပျော်လိုက်တာရှင်"

ထိုအခါ ဦးထီက "ဟ . . . ငါ့သားပဲကွာ၊ ဒီလိုဖြစ်ရမှာပေါ့။"

ငါ့တုန်းကလည်း "ခ" လိုင်စင်ရပြီးကတည်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာလျက် ခရီးပေါင်းထပ်ထပ်၊ မိုင်ပေါင်းအထွေထွေ သွားလာမောင်းနှင်ခဲ့တာ ခုဆိုအငှားကုန်တင်ယာဉ်ကြီးတွေ၊ ခရီးသည်တင်ဘတ်စ်ကားကြီးတွေ၊ ဆီသယ်၊ ရေသယ်ယာဉ် Boxer တွေကိုပါ မောင်းနှင်နိုင်တဲ့ မောင်းနှင်ခွင့်ရတဲ့ "င" ဆိုတဲ့ ယာဉ်မောင်းလိုင်စင် ရထားခဲ့တာပေါ့။

"အော်ဒါနဲ့ "င" ယာဉ်မောင်းလိုင်စင်ရထားတယ်၊ ရတယ်ဆိုတာလည်း ကိုယ်ပိုင်ဝန်လေးမော်တော်ယာဉ်၊ ကိုယ်ပိုင်ဘတ်စ်ကားကြီးတွေ၊ တက္ကစီယာဉ်၊ Farm Truck၊ သုံးဘီးမော်တော်ဆိုင်ကယ်တွေကို မောင်းနှင်နိုင်ခွင့်ရတဲ့ "ဃ" ယာဉ်မောင်းလိုင်စင်ကို ရခဲ့ပြီး၊ မောင်းနှင်နိုင်ခဲ့ပြီးဖြစ်လို့နော်၊ လက်တွေ့ကျကျ မောင်းနှင်ခဲ့ပြီးမှ ရလာတဲ့လိုင်စင်ကွ။"




"အေးပါ တော်ရယ်၊ အလှူရှင်မှန်း သိအောင် မလွှာပ်တိုင်ပေါ် တက်ပြမနေပါနဲ့။"

သားကိုသာ ရှင့်လို "င" ယာဉ်မောင်းလိုင်စင်ရအောင်၊ ရှင့်လိုမျိုး ကျွမ်းကျင်စွာ မောင်းနှင်တတ်အောင်ပဲ၊ ရှေ့ဆက်ထရိန်နင် (Training) လုပ်ပေးဟု ဆိုကာ မနက်စာ ထမင်းဝိုင်းလေး မြိုင်သွားလေတော့သည်။

ထို့နောက် အညာဒေသဘုရားများကို လိုက်လံ ဖူးမြော်ကြည်ညိုရင်း "မိမိတို့ကဲ့သို့ ဘုရားဖူးသူများအားလုံး ဘုရားမရောက်မီ၊ ဘုရားဖူးပြီးပြန်သွားစဉ် မိမိတို့နေရပ်မရောက်မီ၊ လမ်းခရီး၌ ယာဉ်မတော်တဆမှုကင်းဝေးပါစေကြောင်းနှင့် မိမိတို့အား လိုက်ပါပို့ဆောင်မောင်းနှင်ပေးသည့် ယာဉ်မောင်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာသူ၊ အရက်သောက်စားမူးယစ်ခြင်းမရှိသူ၊ ယာဉ်ပေါ်၌ သတ်မှတ်ထားသည့် တန်အား (လူဦးရေနှင့် ဆက်စပ်ပစ္စည်းပစ္စယ) များ ပိုမိုမတင်ဆောင်သူ၊ ယာဉ်တစ်စီးနှင့် တစ်စီး အလုအယက် ကျော်တက်မောင်းနှင်ခြင်း မပြုသူ၊ ယာဉ်ချင်းရှောင်တိမ်းရာတွင် လွတ်ကင်းစွာ ရှောင်သူ၊ တံတားအဝင်နှင့် တံတားပေါ် ကျော်တက်မောင်းနှင်လိုခြင်း မရှိသူ၊ ကုန်းအတက်နှင့် ကုန်းထိပ်တွင် ကျော်တက်မောင်းနှင်လိုခြင်းမရှိသူစသည့် စည်းကမ်းနှင့်အညီ မောင်းသည့် ယာဉ်မောင်းများနှင့် အတူ စီးနင်းလိုက်ပါခြင်းရှိကြပါစေကြောင်း ဆန္ဒပြုလျက် သားအမိသုံးဦး၏ အပြန်ခရီး ရှုမငြီးဖွယ် ဖြစ်ရလေတော့သည်။

ကြည်



# စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အရေးပါသော သယ်ယူပို့ဆောင်ရေးကဏ္ဍအကြောင်း သိကောင်းစရာများ



ဦးဇော် (DoTP)

### သယ်ယူပို့ဆောင်ရေးသဘောတရားများ တိုးတက်ပြောင်းလဲလာသည့်သမိုင်းကြောင်း

ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ကုန်စည်ထုတ်လုပ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များ ထိရောက်စွာ လည်ပတ်နိုင်ရေးအတွက် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းစဉ်များသည် မရှိမဖြစ် လိုအပ်ပါသည်။ ကုန်ပစ္စည်းများအား ထုတ်လုပ်ရန် လိုအပ်သည့်ကုန်ကြမ်းများအား ကုန်ထုတ်လုပ်ငန်းများဆီသို့ ပို့ဆောင်ရာတွင်လည်းကောင်း၊ ထွက်ရှိလာသော ကုန်ချောပစ္စည်းများကို ဖြန့်ဖြူးသူများမှတစ်ဆင့် စားသုံးသူများထံသို့ အရောက်ပို့ဆောင်ရာတွင်လည်းကောင်း အမျိုးအစားမတူညီသည့် သယ်ယူပို့ဆောင်ရေးနည်းလမ်းများကို ပေါင်းစပ်အသုံးပြုကြပါသည်။ ရှေးရာစုနှစ်ပေါင်းများစွာကပင် ကုန်စည်ပို့ဆောင်၊ ရောင်းချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းတို့သည် အပြန်အလှန်မှီခိုနေပြီး လူသားတို့အနေဖြင့် သဘာဝအတိုင်းဖြစ်ပေါ်နေသော ရေကြောင်းလမ်းများကို အဓိကထား အသုံးပြုခဲ့ကြပါသည်။ အထူးသဖြင့် အီဂျစ်၊ တရုတ်၊ ဂရိနှင့် ရောမအင်ပါယာတို့သည် မြစ်ချောင်းများနှင့် ပင်လယ်ရေလမ်းကြောင်းများကို အသုံးပြု၍ ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းများ တည်ထောင်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ကြပါသည်။

၁၈ ရာစုနှစ်သို့ ကူးပြောင်း ဝင်ရောက်လာသောအခါ စကော့တလန်လူမျိုး စီးပွားရေးပညာရှင်အဒမ်စမစ် (Adam Smith) က သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ၏ အရေးပါပုံကို အထူးမြင်သာစေရန် မီးမောင်းထိုးပြနိုင်ခဲ့ပြီး ၎င်း၏ အယူအဆအရ သယ်ယူပို့ဆောင်ရေးသည် ကုန်ထုတ်လုပ်ငန်းများအား တိုးတက်စေသည့် အကြောင်းရင်းအဖြစ် သတ်မှတ်ခဲ့ပါသည်။ ၁၉ ရာစုနှစ်သို့ ရောက်လာသောအခါတွင်မူ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတို့အကြား ဆက်နွယ်ပုံကို ပညာရှင်များက အထူးတလည်စိတ်ဝင်စားလာကြပြီး သုတေသနများစွာ ပြုလုပ်ခဲ့ကြပါသည်။ ၁၈၅၀ ပြည့်နှစ်တွင် ဂျာမန်လူမျိုး မြေပုံရေးဆွဲသူ ယိုဟန်ဂျော့ခိုးလ် (Johann Georg Kohl) သည် ပို့ဆောင်ရေးကွန်ယက်များ ဖွဲ့စည်းထားပုံနှင့် ပထဝီအနေအထားအပေါ် အခြေခံပြီး သယံဇာတများအား ဖြန့်ဝေပုံတို့အကြား ပတ်သက်ဆက်နွယ်မှုကို လေ့လာမှုများ ပြုလုပ်ခဲ့ပြီး ရုရှားနိုင်ငံအတွင်းရှိ မြို့များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သယ်ယူပို့ဆောင်ရေးကွန်ရက်များ တည်ဆောက်ရန်



ရောမခေတ်ဆိပ်ခံတံတားတစ်ခု၏ အကြွင်းအကျန်များအား တွေ့မြင်ရစဉ်

အရေးပါပုံကို သုံးသပ်တင်ပြခဲ့ပါသည်။

၂၀ ရာစုနှစ်တွင်မူ နိုင်ငံတကာကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများ ခေတ်မီတိုးတက်လာခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစင်္ကြံ (Transport Corridor) အယူအဆ ထွန်းကားလာခဲ့ပြီး ယင်းအယူအဆပါ စင်္ကြံများမှာ ရှေးယခင်အသုံးပြုခဲ့သည့် ကုန်သွယ်ရေးလမ်းကြောင်းများအား အခြေခံထားခြင်းပင် ဖြစ်ပါသည်။ မျက်မှောက်ခေတ်ဖြစ်သည့် ၂၁ ရာစုတွင်မူ ခေတ်မီနည်းပညာများကို အခြေခံသည့် သယ်ယူပို့ဆောင်ရေးနည်းလမ်းများဖြစ်သည့် ဖိအားနိမ့်ပြွန်များကို အသုံးပြုပို့ဆောင်သည့် ဟိုက်ပါလု (Hyperloop)၊ အာရုံခံကိရိယာများနှင့် ဉာဏ်ရည်တု (AI) နည်းပညာကို အခြေခံသည့် လူမဲ့မော်တော်ယာဉ်များ (Autonomous Vehicles) ကို သာမက သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် လျှပ်စစ်မော်တော်ယာဉ် (EV) များအား တွင်ကျယ်စွာ အသုံးပြုနိုင်ရန် အလေးထားကြိုးပမ်းနေကြပြီ ဖြစ်ပါသည်။

ထို့အပြင် ၂၁ ရာစုခေတ်အား စတုတ္ထစက်မှုတော်လှန်ရေးကာလ (Fourth Industrial Revolution – 4IR) ဟု သတ်မှတ်ထားရှိသည့်အတွက် နည်းပညာတိုးတက်ပြောင်းမှုကို အခြေခံသည့် Intelligent Transport System (ITS) နှင့် App - based Mobility Service များဆိုင်ရာမူဝါဒနှင့် မူဘောင်များ ချမှတ်အကောင်အထည်ဖော်နိုင်


မောင်းသူမဲ့မော်တော်ယာဉ်အား သရုပ်ဖော်ထားပုံ

ရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများအလိုက်၊ နိုင်ငံအလိုက် ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

## နိုင်ငံတကာကုန်သွယ်ရေးတွင် သယ်ယူပို့ဆောင်ရေး၏ အခန်းကဏ္ဍ

ကမ္ဘာ့နိုင်ငံများအကြား ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်မှုသည် အထူးအရေးပါပြီး သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် နိုင်ငံများအနေဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကိုလည်း ချုပ်ဆို အကောင်အထည်ဖော်နိုင်စွမ်း ရှိလာပါသည်။ မျက်မှောက်ခေတ်ကာလတွင် သယ်ယူပို့ဆောင်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုတို့မှာ ဆက်စပ်နေပြီး နိုင်ငံများ





ကုန်သေတ္တာများအား ရထားတွဲပေါ်တွင် နှစ်ထပ်ဆင့် တင်ဆောင်ထားခြင်းအား တွေ့မြင်ရစဉ်

အကြား အပြန်အလှန်ဆက်သွယ်မှုကို တိုးတက်စေသည့် ကမ္ဘာလုံးလွှမ်းခြုံဆက်စပ်မှုဖြစ်စဉ် (Globalization)နှင့်လည်း ပတ်သက်နေပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်နေပြီး အချို့နိုင်ငံများအနေဖြင့် သယ်ယူပို့ဆောင်ရေး တိုးတက်လာမှုကြောင့် အကျိုးအမြတ်များစွာ ရရှိနေသကဲ့သို့ အချို့နိုင်ငံများအနေဖြင့်မူ လုံလောက်ပြည့်စုံသော သယ်ယူပို့ဆောင်ရေးစနစ်များ မရှိခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးများစွာ ဖြစ်ပေါ်စေပါသည်။ နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍ တစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်မည် မဟုတ်သော်လည်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများပြည့်စုံမှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှုအတွက် ကန့်သတ်ချက်များစွာ ဖြစ်ပေါ်စေပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာအစိုးရများအနေဖြင့် လမ်း၊ တံတား၊ ရထားလမ်း၊ လေဆိပ်နှင့် ဆိပ်ကမ်းအစရှိသည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာအခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ ပြည့်စုံကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်များ ပိုင်ဆိုင်ပါက လုပ်သားအင်အားစုများ၊ ကုန်စည်များနှင့် ဝန်ဆောင်မှုများကို တစ်နေရာမှ တစ်နေရာသို့ လွယ်ကူစွာ ရွှေ့ပြောင်းနိုင်မည်လည်း ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများနှင့် ဝန်ဆောင်မှုများ ပိုင်ဆိုင်ထားပါက အခြားနိုင်ငံများထက် အားသာချက်များ ရရှိနိုင်ပါသည်။ ဥပမာအနေဖြင့် ဗြိတိန်နိုင်ငံရှိ ရထားများ ပြေးဆွဲရာ လမ်းကြောင်းတွင် တံတားများတည်ရှိခြင်းကြောင့် ကုန်စည်တင်ဆောင်နိုင်မှုအမြင့်ပေကန့်သတ်ချက်များ ရှိသော်လည်း အမေရိကန်နိုင်ငံအနေဖြင့်မူ ယင်းကဲ့သို့ ကန့်သတ်ချက်များ မရှိခြင်းကြောင့် ကုန်ရထားများပေါ်တွင် ကုန်သေတ္တာများအားနှစ်ထပ်အထိဆင့်ထပ်သယ်ဆောင်နိုင်သည့် အားသာချက်များ ပိုင်ဆိုင်နေပါသည်။

သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အကြား တိုက်ရိုက်ဆက်နွယ်နေခြင်းရှိ/မရှိအပေါ် အမြင်များစွာရှိသော်လည်း စီးပွားရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်ချက်များ များပြားလာသည်နှင့်အမျှ ကုန်စည်များအား ထိရောက်စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ပြည့်စုံကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်များ မလွဲမသွေလိုအပ်လာမည်ဖြစ်ပါသည်။ ထိုအချက်က ပိုမိုကောင်းမွန်သော သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုဆိုင်ရာ အခြေခံအဆောက်အဦများ ဖြစ်ထွန်းပေါ်ပေါက်လာရန် တွန်းအားတစ်ရပ် ဖြစ်စေပါသည်။ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဖြင့် ဒေသတစ်ခုချင်းစီ၏ ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူပြုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ ထိရောက်ကောင်းမွန်သော ကားလမ်းကွန်ရက် ဖြစ်ပေါ်လာရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အထူးလိုအပ်ပါသည်။

## သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ စီးပွားရေးလုပ်ငန်းများနှင့် အများပြည်သူအပေါ် အကျိုးသက်ရောက်မှု

စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဆက်စပ်နေသည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ သဘောတရားများ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို နားလည်သဘောပေါက်ခြင်းဖြင့် ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးကွန်ယက်များ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းဖြင့် လုပ်သားဈေးကွက်များ၊ စီးပွားရေးစွမ်းဆောင်ရည်များနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်နိုင်ရန် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းကြောင့် ဒေသအလိုက် စီးပွားရေးလုပ်ငန်းများတိုးတက်လာမည်ဖြစ်ပြီးပြည်သူတို့၏လူနေမှုအဆင့်အတန်းများ၊ ဘဝနေထိုင်မှုအရည်အသွေးများလည်း တိုးတက်လာမည်ဖြစ်ကာ မြို့ရွာများတွင် တည်ရှိသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးမိတ်ဖက်များကို ပိုမိုဆွဲဆောင်နိုင်စွမ်း ရှိလာမည် ဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများ တိုးတက်လာမှုသည် စီးပွားရေးကွန်ယက်များ ကျယ်ပြန့်လာစေရေးအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်ပြီး ခရီးသွားလာရာတွင် ကြာချိန်နှင့်ကုန်ကျစရိတ်တို့ကိုလျှော့ကျစေနိုင်ပြီးကုန်ထုတ်လုပ်မှုစွမ်းအားကိုတိုးတက်စေပါသည်။ သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်ကျစရိတ်များ လျှော့ကျမှုကြောင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ကုန်ကြမ်းထောက်ပံ့သူများနှင့် လွယ်ကူစွာ ချိတ်ဆက်နိုင်ခြင်း၊ ဖောက်သည်အသစ်များနှင့် ဈေးကွက်အသစ်များ ရရှိနိုင်ခြင်း၊ အရည်အသွေးမြင့်မားသည့် လုပ်သားအင်အားစုများကို ရရှိရန် အခွင့်အရေးပိုမိုများပြားလာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။ အခြားတစ်ဘက်တွင်လည်း ပြည်သူတစ်ဦးချင်းအနေဖြင့် လုပ်သားဈေးကွက်

သို့ ပိုမိုဝင်ရောက်လာနိုင်ခြင်း၊ ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိနိုင်ခြင်းနှင့် ကုန်ပစ္စည်းအမျိုးအမည်များစွာကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခြင်းစသည့် အခွင့်အလမ်းကောင်းများစွာကို ပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။

**သယ်ယူပို့ဆောင်ရေးကဏ္ဍတိုးတက်စေရေးအတွက် မြန်မာနိုင်ငံ၏ဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းအချက်အချာကျသည့် ဆုံမှတ်နေရာတွင် တည်ရှိနေပြီး အရှေ့တောင်အာရှဒေသနှင့် တောင်အာရှဒေသတို့အား ပေါင်းကူးသဖွယ် ချိတ်ဆက်ပေးနိုင်မည့် ပထဝီရေမြေကိုလည်း ပိုင်ဆိုင်လျက်ရှိပါသည်။ ပထဝီအနေအထား၏ မျက်နှာသာပေးမှုကို အခွင့်အလမ်းအဖြစ် အသုံးချပြီး မြန်မာနိုင်ငံ၏သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်စေရေးအတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အကူအညီဖြင့် အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်း (Myanmar National Transport Master Plan-MNTP) ကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှု ပင်မစီမံကိန်း (Myanmar National Logistics Master Plan–MNLP) ကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း အသီးသီး လေ့လာထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ခေတ်မီထိရောက်ပြီး ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော သယ်ယူပို့ဆောင်ရေးစနစ်အား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဖော်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် နိုင်ငံသားများအပေါ် အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ကာ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းနှင့် အမျိုးသားထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုပင်မစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

> **သယ်ယူပို့ဆောင်ရေးကွန်ယက်များ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခြင်းဖြင့် လုပ်သားဈေးကွက်များ၊ စီးပွားရေးစွမ်းဆောင်ရည်များနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်နိုင်ရန် ဆောင်ရွက်နိုင်မည်ဖြစ်...**

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေး (Cross-border Transport) လုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး မဟာမဲခေါင်ဒေသခွဲနှင့် အာဆီယံဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးဆိုင်ရာသဘောတူစာချုပ်များ၊ မူဘောင်သဘောတူညီချက်များတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံတကာ သဘောတူစာချုပ်များတွင် ထိရောက်စွာ လိုက်ပါဆောင်ရွက်နိုင်ရေးနှင့် ပြည်တွင်းရှိ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ (Transport Operator) များကို ကြပ်မတ်နိုင်ရေးအတွက် ပြည်တွင်းဥပဒေများ ဖြစ်သည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ၊ ဘက်စုံပို့ဆောင်ရေးဥပဒေနှင့် ဆက်စပ်နည်းဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း အသုံးပြုလျက်ရှိသော ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းနှင့် ရထားလမ်းတို့ပါဝင်သည့် သယ်ယူပို့ဆောင်ရေးကဏ္ဍအား ကြီးကြပ်စီမံခန့်ခွဲလျက်ရှိသည့်အပြင် စီးပွားရေးအဖွဲ့အစည်းများ တည်ထောင်ကာ **"ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ အများပြည်သူအား ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပါသည်။ ဝန်ကြီးဌာနအနေဖြင့် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုးတက်ပြောင်းလဲလာသော ပို့ဆောင်ရေးအယူအဆများ၊ နည်းပညာများအား မျက်ခြည်မပြတ် ထက်ကြပ်မကွာ လိုက်ပါ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အစီအစဉ်များ၊ အစည်းအဝေးများ၊ အခမ်းအနားများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

-https://www.futurelearn.com/info/courses/what-is-economics-in-the-world-of-global-logistics/0/steps/95653

-https://greener-vision.com/guidance-tool/relationship-between-transport-economy/

-https://www.researchgate.net/publication/341172488_How_Does_Transport_Infrastructure_Shape_Industrial_Competitiveness_A_Perspective_From_Industry_Dynamics

ဦးဇော် (DoTP)

# ဒုတိယဝန်ကြီး(ဆက်သွယ်ရေး) ဦးလှူမွန် RFID စနစ် အကောင်အထည်ဖော်ရေး တင်ဒါကော်မတီအစည်းအဝေးအမှတ်စဉ်(၃ / ၂၀၂၄) သို့ တက်ရောက်



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Radio Frequency Identification (RFID) စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်တင်ဒါကော်မတီအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၄) ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂) အစည်းအဝေးခန်းမ၌ ဩဂုတ် ၅ ရက် နေ့လည် ၂ နာရီတွင် ကျင်းပခဲ့ရာ တင်ဒါကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး (ဆက်သွယ်ရေး) ဦးလှူမွန် တက်ရောက်ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် RFID စနစ် အကောင်အထည်ဖော်ရေး Pre Qualification (PQ) အဆင့် အောင်မြင်သည့် ကုမ္ပဏီများက Pre-Bid Meeting တွင် တင်ပြလာသည့် Bid Security ပေးသွင်းရမည့်ကိစ္စနှင့်စပ်လျဉ်း၍အဆင်ပြေစွာပေးသွင်းဆောင်ရွက်နိုင်ရေးကိစ္စများ၊ အကြံပေးကုမ္ပဏီက အကြံပြုတင်ပြလာသည့် RFID စနစ် အကောင်အထည်ဖော်ရေးကိစ္စရပ်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများအား ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် တင်ဒါကော်မတီဥက္ကဋ္ဌက ယနေ့ဆွေးနွေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ အတည်ပြုချက်ရယူရန် လိုအပ်သောကိစ္စရပ်များအား RFID စနစ် အကောင်အထည်ဖော်ရေး စီမံကိန်းဖြစ်မြောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌထံသို့ တင်ပြအတည်ပြုချက်ရယူရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအမံများ၊ တင်ဒါစိစစ်ရွေးချယ်မှုလုပ်ငန်းစဉ်များအား ဘက်စုံထောင့်စုံမှစနစ်တကျ အလေးထား ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ Radio Frequency Identification (RFID) စနစ် အကောင်အထည်ဖော်ရေး တင်ဒါကော်မတီ ဥက္ကဋ္ဌနှင့်အတူ တင်ဒါကော်မတီဝင်များ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများက Online မှ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းအဖွဲ့(ပို့/ဆက်)**






# ပုဂံကမ်းရိုး အမွေအနှစ်ဒေသတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုများ

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လုပ်ငန်းတာဝန်ကြီး ၈ ရပ်နှင့်အညီ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၏ ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရှိရာ ဒေသများ၊ နိုင်ငံတော်၏ အဓိကအရေးကြီးသော စီမံကိန်းဝင်တံတားကြီးများ၊ သာသနိကအဆောက်အဦများစသည့် အထင်ကရနေရာများတွင် ပေါ်ပေါက်လာသည့် အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် အခြားမြစ်ချောင်းများ၏ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ရှိရာ ဒေသများတွင် ဖြစ်ပေါ်သော ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများအနက် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် ဖြစ်ပေါ်သော ကမ်းပြိုမှုများအားလည်း ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်ရှိပါသည်။ ပုဂံမြို့သည် ကုန်းမြင့်ပိုင်းတွင်ရှိပြီး ညောင်ဦးမြို့သည် မြေနိမ့်ပိုင်းတွင်ရှိပါသည်။ မြစ်ကမ်းတစ်လျှောက် ဆက်စပ်နေသော ကမ်းပါးအလျားမှာ ၇.၀ မိုင်ခန့် ဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦများ၊ စေတီပုထိုးများသည် များသောအားဖြင့် ပုဂံမြို့ဟောင်းနှင့်မြို့သစ်တွင် အများစုတည်ရှိပါသည်။ ဧရာဝတီမြစ်ကမ်းတွင် လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ဗူးဘုရား၊ ရွှေကွန်ချာဘုရား၊ မြပုခက်ဘုရားစသည့် ရှေးဟောင်းအမွေအနှစ် စေတီပုထိုးများ တည်ရှိပါသည်။

**လောကနန္ဒာစွယ်တော်မြတ်စေတီတော်နှင့်**
**လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့ကို ဧရာဝတီမြစ်ရေ**
**တိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှု**

လောကနန္ဒာစွယ်တော်မြတ်စေတီသည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး အနောက်ဘက်တန့်ကြည့်တောင်နှင့်အပြိုင် တည်ရှိပါသည်။ လောကနန္ဒာစွယ်တော်မြတ်စေတီ၏ အောက်ဘက် (Down Stream) တွင် လောကနန္ဒာဘေးမဲ့တောဥယျာဉ်နှင့် လောကနန္ဒာမြစ်ရေတင်စက်တို့ တည်ရှိပါသည်။ စေတီတော်ဘက် ရေပေါက်သည် ဧရာဝတီမြစ်ရေများချိန်တွင်သာ ရေစီးရေလာရှိပြီး နွေရာသီတွင် ရေဝင်လမ်းပိတ်ကာ အင်းကျန်အဖြစ် တည်ရှိပါသည်။ လောကနန္ဒာစွယ်တော်မြတ်စေတီအနီးနှင့် အောက်ဘက်တို့တွင် ရေနက်အိုးတည်ရှိတတ်ပြီး ရေအနက်မှာ နှစ်စဉ်ရေစစ်မျဉ်းအောက် ၁၀ မီတာခန့် ကျန်ရှိလေ့ရှိပါသည်။ ဧရာဝတီမြစ်၏ ပင်မရေလမ်းကြောင်းသည် ဗူးဘုရားအောက်ဘက်အရောက်တွင် အနောက်ဘက်တန့်ကြည့်တောင်ဘက်သို့ ကန့်လန့်ဖြတ် စီးဆင်းသွားပါသည်။

ဧရာဝတီမြစ်ရေကြီးချိန်တွင် ရေစီးကြမ်းခြင်း၊ မြစ်ပြင်ကျယ်သဖြင့် လှိုင်းကြမ်းခြင်းတို့ကြောင့် စေတီတော်ရင်ပြင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှ စတင်ကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းထိန်းလုပ်ငန်းများ၊ ရေကြောင်းလွှဲအဆောက်အဦများ၊ အခြေထိန်းလုပ်ငန်းများ တည်ဆောက်

ကာကွယ်ပေးခဲ့ပါသည်။

၂၀၂၁ ခုနှစ် မြစ်ရေများချိန်တွင် လောကနန္ဒာစွယ်တော်မြတ်စေတီအဝင် ရေကြောင်းသည် စေတီတော်ကုန်းတော်အား ဦးတည်ပြီး အောက်ဘက် (Down Stream) အရောက်တွင် ဝဲလှည့်လိုက်စားမှုကြောင့် စေတီတော်ရင်ပြင် အနောက်တောင်ထောင့်ဘက်ရှိ သန့်စင်ခန်းဧရိယာအနီး မြစ်ကမ်းပါးနှင့် ယင်း၏ အောက်ဘက်ရှိ လောကနန္ဒာဘေးမဲ့တောဥယျာဉ်ကမ်းပါးများအား လိုက်စားမှု ဖြစ်ပေါ်လာခဲ့ပါသည်။ ကမ်းပြိုဧရိယာတွင် ရေနက်အိုး ဖြစ်ပေါ်လျက်ရှိပြီး ရေအနက်မှာ ရေစစ်မျဉ်းအောက် ၂၀ မီတာခန့်အထိ ရှိပါသည်။

လောကနန္ဒာစွယ်တော်မြတ်စေတီ အောက်ဘက် ကမ်းပြိုမှုဖြစ်ပွားရခြင်းမှာ ဧရာဝတီမြစ်ရေများချိန်တွင် ရေနက်ကြောင်းမှာ စေတီအနီးသို့ ကပ်လျက်စီးဆင်းရာ စေတီတော်အောက်ခြေသည် ရေကာသဖွယ် မြစ်အတွင်းသို့ အလျား ၇၀ ပေခန့် ထိုးထွက်နေသောကြောင့် ဝဲလှည့်လိုက်စားများ ဖြစ်ပေါ်လာပါသည်။ စေတီ၏အခြေသည် နှစ်အလိုက် ပြုပြင်ထိန်းသိမ်းထားသော မြေထိန်းတမံများကြောင့် မြစ်ရေတိုက်စားနိုင်ခြင်းမရှိသော်လည်း မြေထိန်းတမံတည်ဆောက်ထားခြင်း မရှိသော စေတီ၏ အောက်ဘက်ရှိ မြစ်ကမ်းပါး အလျား ၂၀၀ ပေနှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင်အလျား



လောကနန္ဒာဘုရားကမ်းပြိုကာကွယ်ရေးလုပ်ငန်း
မဆောင်ရွက်မီပုံ



လောကနန္ဒာဘုရားကမ်းပြိုကာကွယ်ရေးလုပ်ငန်း
ဆောင်ရွက်ပြီးစီးမှုအား တွေ့မြင်ရပုံ





လောကနန္ဒာဘေးမဲ့တောဥယျာဉ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း မဆောင်ရွက်မီပုံ



လောကနန္ဒာဘေးမဲ့တောဥယျာဉ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား တွေ့မြင်ရပုံ

၈၀၀ ပေ စုစုပေါင်းအလျား ၁,၀၀၀ ပေမှာ ကမ်းပြိုမှု ဖြစ်ပွားခဲ့ပါသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိလောကနန္ဒာစွယ်တော်မြတ်စေတီတော်နှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့ကို ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရေး Bored Pile အခြေပြု ကျောက်စီနံရံ အလျား ၂၀၀ ပေနှင့် Gabion Box ကျောက်စီတမံ အလျား ၈၀၀ ပေ စုစုပေါင်းအလျား ၁,၀၀၀ ပေ ကာကွယ်ခြင်းလုပ်ငန်းအား အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ၁၀.၂.၂၀၂၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၉-၆-၂၀၂၂ ရက်တွင် လုပ်ငန်း ၁၀၀% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ညောင်ဦးမြို့နယ်၊ လောကနန္ဒာဘေးမဲ့ တောဥယျာဉ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် ဆောင်ရွက်ရန် ကျန်ရှိသော Down Stream (အောက်ဘက်) လောကနန္ဒာဘေးမဲ့ တောဥယျာဉ်ရှေ့ရှိ မြစ်ကမ်းပါးအလျား ၈၀၀ ပေအား ဆက်လက် ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုကြောင့် လောကနန္ဒာစွယ်တော်မြတ်စေတီတော်နှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ် ကမ်းပြိုမှုများမှ ကာကွယ်နိုင်သည် သာမက ဧရာဝတီမြစ်ရေကြီးချိန်များတွင် လောကနန္ဒာဘေးမဲ့တော ဥယျာဉ်အတွင်း မြစ်ရေဝင်ရောက်မှုများအားလည်း ကာကွယ်ပေး နိုင်ခဲ့ပါသည်။

## ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ လက်ပံခြေပေါ်ကျေးရွာအုပ်စု၊ မြောက်ဘက်တန်းကျေးရွာ ရှေးဟောင်းသမိုင်းဝင် မြပုခက်စေတီတော်မြတ်ကြီး ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှု

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင်တည်ရှိသော လက်ပံခြေပေါ်ကျေးရွာအုပ်စု၊ မြောက်ဘက်တန်းကျေးရွာ၊ ရှေးဟောင်းသမိုင်းဝင်မြပုခက် စေတီတော်ကြီး တည်ရှိပါသည်။ စေတီတော်ကြီး၏ မြောက်ဘက် မဟာရံတံတိုင်းသည် ဧရာဝတီမြစ်ကမ်းတွင်တည်ရှိပြီး နှစ်ကာလကြာမြင့်စွာ အဆက်မပြတ် ရေတိုက်စားခံရမှုများကြောင့် ပြိုကျပြီး စေတီတော်ကြီးပါ ထိခိုက်နိုင်မည့်အခြေအနေတွင်ရှိနေပါသဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဘိုးပိုင်အခြေပြု ကွန်ကရစ်ပြားကပ်တမံ အလျား ၃၅၀ ပေ တည်ဆောက်ကာကွယ်ပေးခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

ရှေးဟောင်းစေတီပုထိုးများအား ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည် သမိုင်းအမွေအနှစ်ကြီးမားပြီး တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များအား မြစ်ရေတိုက်စား၍ ပျောက်ကွယ်ပျက်စီးဆုံးရှုံးမှု ဘေးအန္တရာယ်မှ ကာကွယ်ပေးခြင်းဖြစ်



ကမ်းပြိုကာကွယ်ရေးလုပ်ငန်း မဆောင်ရွက်မီပုံ



ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား တွေ့မြင်ရပုံ

ပြီး ယဉ်ကျေးမှုအမွေအနှစ်များအား ရေဘက်ဆိုင်ရာအင်ဂျင်နီယာ ပညာရပ်ဖြင့် တစ်ဘက်တစ်လမ်းမှ ဝိုင်းဝန်းထိန်းသိမ်းခြင်းလည်း ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

SMMH



# စာဖတ်ခြင်းအလေ့

ကျော်မင်း (မနောမြေ)

ယနေ့ခေတ်တွင် ရုပ်ဝတ္ထု ဖိမ်ခံပစ္စည်းများ တိုးတက်များပြားထွန်းကားလျက်ရှိသော်လည်း အောင်မြင်ကျော်ကြားချမ်းသာနေသူအများစုသည် စာဖတ်ခြင်းကို အလေ့အကျင့်တစ်ခုသဖွယ် လုပ်ဆောင်နေကြသူများဖြစ်ကြောင်း တွေ့ရသည်။ ထိုသူတို့သည် မိမိတို့၏ တစ်နေ့တာအချိန်များထဲမှ စာဖတ်ချိန်ကို အချိန်တစ်ချိန်မျှ သီးသန့်ထားကြပေသည်။ အောင်မြင်မှု၊ ကြီးပွားမှု၊ အကြံဉာဏ်ကောင်း များစွာ နည်းစနစ်ကောင်းများစွာတို့ကို စာဖတ်ရှုခြင်းမှ ရရှိနိုင်ကြပေသည်။

"ဗလငါးတန်ဖွံ့ဖြိုးရန် ဖတ်ရှုလေ့လာ စာပညာ"ဆိုသကဲ့သို့ စာဖတ်ရှုလေ့လာခြင်းဖြင့် မိမိတို့၏ ဘဝတစ်လျှောက်လုံး အသုံးဝင်သော အောက်ပါ ဗလငါးတန်ကို ပိုင်ဆိုင်နိုင်ကြသည်–

(၁) ကာယဗလ (ကာယစွမ်းအား)
(၂) ဉာဏဗလ (ဉာဏ်ပညာစွမ်းအား)
(၃) ဘောဂဗလ (ဥစ္စာပစ္စည်း)
(၄) စာရိတ္တဗလ (အကျင့်သီလကောင်းမွန်ခြင်း)
(၅) မိတ္တဗလ (မိတ်ဆွေကောင်းများရရှိခြင်း)

"စာတစ်လုံးဖတ်သူသည် စာလုံးဝမဖတ် သူထက် စာတစ်လုံးအသိဉာဏ် ပိုရှိ၏" ဟူသော စကားလည်းရှိပေသည်။ မိမိတို့ စိတ်ဝင်စားရာ ကဏ္ဍအလိုက် စာအုပ်အမျိုးအစားပေါင်းများစွာ ရှိသည့်အနက် အသိပညာ၊ အတတ်ပညာ၊ အသုံးချပညာရပ်များ ရရှိနိုင်သော စာအုပ်များကို ရွေးချယ် ဖတ်ရှုသင့်ပေသည်။ စာအုပ်စာပေကောင်းများ ဖတ်ရှုလေ့လာခြင်းဖြင့် အောက်ပါကောင်းကျိုးများလည်း ရရှိနိုင်ပေသည်–

(၁) အာရုံစူးစိုက်မှုအား ကောင်းမွန်လာစေသဖြင့် မိမိတို့ ပတ်ဝန်းကျင်လုပ်ငန်းခွင်တွင် ကိုယ်စိတ်နှစ်ပါးတိုးတက်ကောင်းမွန်လာစေသည်။

(၂) မိမိ ဖတ်ရှုလေ့လာသော အကြောင်းအရာများသည် မိမိအား စာအုပ်စာပေ လူ့မိတ်ဆွေဆိုသကဲ့သို့ အသိပညာ၊ အတတ်ပညာများ ရရှိစေသဖြင့် ပိုမိုသိမြင် ပညာကြွယ်ဝ တိုးတက်စေသည်။

(၃) ပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွင် စာပေဖတ်ရှု လေ့လာခြင်းကြောင့် စကားပြော ကြွယ်ဝပြီး အများစိတ်ဝင်စားဖွယ် ဗဟုသုတရရှိစေသော အကြောင်းအရာများ တစ်ဆင့် ပြန်လည်ပြောပြနိုင်ပြီး မိတ်ဆွေသစ်များ တိုးပွားစေသည်။

(၄) မှတ်ဉာဏ်စွမ်းအား မြင့်မားလာပြီး ဦးနှောက်၏ မှတ်နိုင်စွမ်းအား ပိုမိုကောင်းမွန်လာပြီး သတိမေ့လျော့ခြင်းကို လျော့ကျစေသည်။

(၅) စာဖတ်ရှုခြင်းဖြင့် စိတ်တည်ငြိမ်၍ အတွေးအခေါ်များ ရင့်ကျက်စေပြီး စိတ်ဖိစီးမှုကို လျော့နည်းစေသည်။

ကျွန်ုပ်တို့သည် မွေးဖွားပြီးချိန်မှစ၍ သေဆုံးချိန်အထိ လေ့လာသင်ယူခြင်းဖြင့် ဘဝကို ဖြတ်သန်းကြရပေသည်။ အပြင်လောကတွင် လက်တွေ့ လေ့လာသင်ယူရသကဲ့သို့ စာအုပ်စာပေများတွင်လည်း စာတွေ့ လေ့လာမှတ်သား သင်ယူကြရသည်။ စွန့်ဦးတီထွင်သူ ခေါင်းဆောင်တစ်ချို့သည် တီထွင်ကြံဆမှုနည်းလမ်းကို စာပေဖတ်ရှုလေ့လာခြင်းဖြင့် ဉာဏ်အလင်းရကြသူများ ဖြစ်ပေသည်။ အများမတွေးတော မကြံဆသည့် နည်းလမ်းကောင်းများကို မိမိဖတ်ရှုလေ့လာသည့်စာအုပ်စာပေများကပေးသည့်နည်းလမ်းကောင်းနှင့် မိမိတို့ အသိဉာဏ် ပေါင်းစပ်ပြီး အများထက်ထူးကဲသည့် စီးပွား

ရေး၊ ကြီးပွားရေး နည်းပညာများကို တိုးတက်ကြံဆသူများ ဖြစ်လာကြသည်။

စာပေသည်လူမျိုးတစ်စုနိုင်ငံတစ်ခုတိုးတက်ထွန်းကားရေးကို များစွာ အကျိုးသက်ရောက်စေသည်။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံတို့သည် စာဖတ်ရှုသူများသည့် နိုင်ငံများပင် ဖြစ်သည်။ "အလိမ္မာ စာမှာရှိ"ဆိုသည့် ဆိုရိုးအတိုင်း မိမိတို့၏ရှင်သန်နေထိုင်မှုတစ်လျှောက်လုံးအတွက် စီးပွားရှာနည်း၊ ကျန်းမာစွာ နေထိုင်နည်း၊ ပေါင်းသင်းဆက်ဆံရေး၊ ဘာသာရေးအဆုံးအမ၊ အသိဉာဏ်ဗဟုသုတများစွာကို ရှာဖွေတွေ့ရှိနိုင်ပါသည်။ စာဖတ်ခြင်းအလေ့အထကို ငယ်စဉ်ကတည်းက အလေ့အကျင့် ပြုသင့်ထားရမည်။ ငယ်ရွယ်သည့် အသိဉာဏ်နှင့် သင့်လျော်သော ကာတွန်း၊ ပုံပြင်၊သမိုင်း၊သိမှတ်ဖွယ်ဗဟုသုတအဖြာဖြာ၊ဘာသာရေးဓမ္မအဆုံးအမရုပ်ပြကာတွန်း၊ ပုံပြင်များ စသည်ဖြင့် ဖတ်ရှုသည့် အလေ့အကျင့်ကို ပျိုးထောင်ပေးသင့်သည်။ "စာဖတ်ခြင်းသည် လူတစ်ယောက်၏ဦးနှောက်နှင့် နှလုံးသားကို ဖွံ့ဖြိုးစေရန် နည်းလမ်းကောင်းတစ်ခုဖြစ်သည်"ဟုဆိုကြသည်။ အနာဂတ်နိုင်ငံကိုဦးဆောင်မည့်လူငယ်လူရွယ်များဖြစ်လာကြစေရန် စာများများ ဖတ်ရန် လိုအပ်သည်။ မိမိတို့ မသိမီလိုက်သည့်ကိစ္စအရပ်ရပ်များ၊ အကြောင်းအရာများ၊ နိုင်ငံရေး၊ စီးပွားရေး ဗဟုသုတအဖြာဖြာနည်းနာများကို စာပေဖတ်ရှုခြင်းမှ လက်ဆင့်ကမ်း သိရှိလာနိုင်သည်။

စာဖတ်ရှုလေ့လာသူသည် စာအုပ်စာပေတန်ဖိုးကို သိရှိနားလည်ပြီး မြတ်နိုးတန်ဖိုးထားတတ်သူ ဖြစ်ရမည်။ စိတ်ဝင်စားရာအကြောင်းအရာ၊ စာရေးသူ၊ စာအုပ်အမျိုးအစားတို့ကို ခွဲခြားသိမှတ်ရမည်။ မိမိတို့အသက်အရွယ်နှင့်လိုက်၍စာဖတ်ရှုခြင်းသည် ကွဲပြားပါသည်။ စာအုပ်တစ်အုပ်တည်းကိုပင် ငယ်ရွယ်စဉ်ဖတ်ရှုသော အသိဉာဏ်၊ အတွေးအခေါ်၊ စာအုပ်ကပေးသော အချက်အလက်သည် အနည်းငယ်ရင့်ကျက်လာသော လူလတ်ပိုင်းအရွယ်တွင် ပြန်ဖတ်ရှုသောအခါ မတူညီဘဲ ပြောင်းလဲသိမြင်လာသည်ကို တွေ့ရသည်။ ထိုမှတစ်ဖန် လူကြီးပိုင်းရောက်လာပြန်လျှင် ထိုစာအုပ်ကိုပင် ပြန်လည်ဖတ်ရှုပါလျှင် အတွေးအခေါ်၊ အသိအမြင်၊ ရသသည် မတူကွဲပြားသောအရသာကို ပေးစွမ်းပါသည်။ စာဖတ်ရှုခြင်းတွင် အဓိကအားဖြင့် (၂)ပိုင်းရှိသည်ဟု ဆိုပါသည်။ Comprehension (နားလည်မှု)နှင့် Retention (မှတ်မိမှု)တို့ ဖြစ်သည်ဟု ဆိုသည်။

တိုးတက်ချင်စိတ်ရှိသည့် လူငယ်လူရွယ်တိုင်းသည် စာကို မဖြစ်မနေ ဖတ်ကြရမည်။ တိုးတက်သော နိုင်ငံတစ်ခုဖြစ်လာစေရန် နိုင်ငံသားတိုင်း စာဖတ်ကြရပါမည်။ စာဖတ်မှ အမှားအမှန်၊ အကောင်းအဆိုးကို ခွဲခြားတတ်မည် ဖြစ်သည်။ စာဖတ်ရှုလေ့လာရာတွင်လည်း အပျော်ဖတ်၊ အပျင်းပြေဖတ်သော စာအုပ်မှသည် လေ့လာမှတ်သားတွေးတောကြံဆ ဝေဖန်ပိုင်းခြား အတုယူဖွယ် စာကောင်းပေကောင်းများထိ ဖတ်ရှုကြရမည်။ စာအုပ်တစ်အုပ်ကို ဖတ်ရုံနှင့်



မပြီးဘဲ စာရေးဆရာက ပြောလိုသော အကြောင်းအရာ၊ စာအုပ်က ပေးသောရသ၊ဗဟုသုတ၊မှတ်သားလိုက်နာဖွယ်နည်းနာ၊စာအရေးအသား၊ အဖွဲ့အနွဲ့၊ အသုံးအနှုန်း စသည်တို့ကိုလည်း မြင်အောင်ဖတ်ရှုရမည်။ မိမိအသိဉာဏ်ဖြင့်လည်း ထိုစာအုပ်ကို ဝေဖန်ခံစားကြည့်ရမည်။"ဖတ်ပါ၊မှတ်ပါ၊လေ့လာပါ၊စုဆောင်းပါ၊သိမ်းပါ၊တွေးခေါ်မျှော်မြင် သုံးသပ်ပါ"ဟု ရေးဆရာကြီးများက အမှာထားကြသည်။

အမှန်တကယ်အားဖြင့် စာဖတ်ရှုခြင်းသည် ကျွန်ုပ်တို့နှင့်မစိမ်းပေ။ ငယ်ရွယ်စဉ်ကတည်းကမှ လမ်းတွင် တွေ့ရတတ်သည့် လမ်းညွှန်းဆိုင်းဘုတ်များ၊ ဆိုင်နာမည်ကြော်ငြာဘုတ်များ၊ TV၊ Videoနှင့်လက်ကမ်းစာစောင်၊ အလှူမင်္ဂလာဖိတ်စာစသည့် ပတ်ဝန်းကျင်တွင်တွေ့ရတတ်သည့် အတိုအထွာစာများကို ဖတ်ရှုရင်း ကြီးပြင်းလာကြသူများပင်ဖြစ်သည်။ ထိုသို့အရာများမှတစ်ဆင့် မိမိတို့အသက်အရွယ်အလိုက် ဖတ်ရှုသင့်သည့်စာများကို ဆက်လက်ဖတ်ရှုကြရမည်။ စာဖတ်ရာတွင် ဗဟုသုတပညာ တိုးပွားစေရန်နှင့် အတွေးအခေါ် ရင့်သန်စေရန် ရည်ရွယ်ချက် (၂) မျိုးရှိသည်ဟု ဆိုသည်။ ပညာဗဟုသုတရှိပါမှ မိမိတို့လုပ်ဆောင်ဖွယ်ရာ မှန်သမျှကိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်မည်။ နောက်တစ်ဖန် အတွေးအခေါ် ရင့်သန်ပါမှ ဝေဖန်စိစစ် တွေးခေါ်မျှော်မြင်တတ်သော အသိဉာဏ်ကြွယ်ဝမည် ဖြစ်သည်။ ထို့ကြောင့် စာဖတ်ခြင်းအလေ့သည် အလွန်အရေးပါ အရာရောက်ပါသည်။

ရဟန်းရေးစာဆိုတော်ကြီးဖြစ်သည့် ရှင်မဟာရဋ္ဌသာရ၏ ဂမ္ဘီသာရပျို့တွင်" သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နှလုံးဆင်လော့"ဟူ၍ ဆုံးမစကားဆိုထားပုံမှာစာဖတ်ရှုခြင်းကိုမည်မျှအရေးပါသနည်းကိုညွှန်းဆိုထားခြင်းပင်ဖြစ်သည်။ သမိုင်းကိုဘာကြောင့်သင်ရသလဲ အမေးကို ဆရာကြီးဒေါက်တာသန်းထွန်းက "မအ,အောင်" သင်ကြရသည်ဟုဆိုပါသည်။ တစ်နည်းအားဖြင့် စာဖတ်ရှုလေ့လာမှတ်သားခြင်းကိုပင် ဆိုလိုပါသည်။

ထို့ကြောင့်လူ့ဘဝတစ်လျှောက်လုံးတွင်အရေးပါသည့်စာဖတ်ရှုလေ့လာခြင်းကို အလေ့အကျင့်တစ်ခုသဖွယ် လုပ်ဆောင်သင့်ပါသည်။ ငယ်ရွယ်စဉ်အချိန်မှစ၍ အိပ်စက်ခြင်း၊ စားသောက်ခြင်း၊ အားကစားလှုပ်ရှားခြင်းစသည်ဖြင့် အလေ့အကျင့်က စီမံသကဲ့သို့ စာဖတ်ခြင်းကို စွဲမြဲစေရန်လည်း အလေ့အကျင့်တစ်ခုသဖွယ် လုပ်ဆောင်ရန်လိုအပ်သည်။ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုရှိစေရန်၊ကျန်းမာစေရန်အတွက် အစားအသောက် စားသောက်ပေးရန်၊ ကိုယ်လက်လှုပ်ရှားမှုလုပ်ဆောင်ရန် လိုအပ်သကဲ့သို့ ဦးနှောက် အသိဉာဏ်ဖွံ့ဖြိုးရန်အတွက် စာဖတ်ရှုလေ့လာခြင်းကဲ့သို့သော အာဟာရဖြည့်တင်းပေးရန်လည်းလိုအပ်ပါသည်။

> အရက်ပုလင်းအစုံစုံကို
> ကောင်တာထဲတွင် ထည့်သွင်းရောင်းချ၍
> စာအုပ်များကိုမူ လမ်းဘေးခင်း
> ရောင်းချနေကြရသည်...

ယနေ့ခေတ်တွင်စာဖတ်ရှုခြင်းအလေ့အထလျော့နည်းကျဆင်းလာသည်ကို တွေ့မြင်လာရသည်။ တစ်လောကပင်လျှင် "အရက်ပုလင်းအစုံစုံကို ကောင်တာထဲတွင် ထည့်သွင်းရောင်းချ၍ စာအုပ်များကိုမူ လမ်းဘေးခင်း ရောင်းချနေကြရသည်"ဟူ၍ မြင်လိုက်ရသည်။ အင်မတန် ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ ရုပ်ဝတ္ထုပစ္စည်းများ များပြားစွာပေါ်များလျက်ရှိသည့် ယနေ့ခေတ်တွင်ဖုန်းများမှတစ်ဆင့် ဆိုရှယ်မီဒီယာစိတ်အပန်းဖြေဖွယ်နည်းမျိုးစုံဖြင့် အချိန်ကုန်ဆုံးနေကြလျက် စာဖတ်ရှုခြင်းကို တဖြေးဖြေးနှင့် ပြုလုပ်ချင်သူနည်းလာပြီဖြစ်သည်။ထိုသို့ရှိရာမှခေတ်နှင့်အညီ လိုက်၍ဆိုရှယ်မီဒီယာများမှ ပြန်လည်ဖြန့်ဝေသောစာများကို ဖတ်ရှု၍လည်း ရနိုင်သည်။ ကမ္ဘာနှင့်ချီ၍ကိစ္စအရပ်ရပ် သိလိုသည့်အရာများကို ခေတ်နှင့်လိုက်၍ ဆိုရှယ်မီဒီယာမှတစ်ဆင့် ရှာဖွေဖတ်ရှုနိုင်သည်။ ကဏ္ဍအလိုက် စာရေးသူအမည်၊ အကြောင်းအရာစသည်ဖြင့် ဆက်စပ်၍ Online E Book များမှ ရှာဖွေဖတ်ရှု၍လည်း ရနိုင်သည်။ မိမိတို့ဉာဏ်အသိကို ချင့်ချိန်သုံးသပ်၍ ဆိုရှယ်မီဒီယာကို အကျိုးရှိစွာ အသုံးပြုသင့်သည်။

စာဖတ်ရှုခြင်းသည် လူတစ်ယောက်၏ ရှင်သန်နေထိုင်သောဘဝတစ်လျှောက်လုံးတွင် အင်မတန်အရေးပါပါသည်။ မွေးဖွားသည်မှသေဆုံးသည်အထိရှာဖွေလေ့လာသင်ယူခြင်းဖြင့်ဖြတ်သန်းကြရမည်ဖြစ်သည့် ကျွန်ုပ်တို့သည် စာဖတ်ရှုလေ့လာ မှတ်သားခြင်းကိုလည်းမပျက်မကွက်ပြုလုပ်ကြရမည်ဖြစ်သည်။စာဖတ်ခြင်းအလေ့များသူသည် စာဖတ်ရှုရာမှတစ်ဆင့် ရေးသားလိုသောစိတ် ဖြစ်ပေါ်လာတတ်သည်။ စာဖတ်နာလျှင် စာရေးချင်စိတ်ဖြစ်လာတတ်သည်ဟုဆိုကြသည်။လက်ရှိနာမည်ကြီးစာရေးဆရာကြီး၊ဆရာမကြီးများသည်ပင်စာအင်မတန်ဖတ်ကြသူများဖြစ်သည်။မည်သို့သောစာအုပ်စာပေကောင်းများကို ဖတ်ရှုလေ့လာ မှတ်သားသင့်သည်ကိုလည်း အကြံပြုထုတ်ဝေထားသော စာအုပ်ကောင်းများစွာ ရှိပါသည်။ မိမိတို့ စရိုက်၊ ဝါသနာအရစိတ်ဝင်စားသော အကြောင်းအရာနှင့် ဆက်စပ်သောစာပေကောင်းများ၊သတင်းအချက်၊ဗဟုသုတရဖွယ်စာပေကောင်းများ၊ သတင်းဆောင်းပါး၊ မဂ္ဂဇင်းစသည်တို့ကို ဖတ်ရှုလေ့လာ မှတ်သားသင့်ပါကြောင်း အကြံပြုရေးသားတင်ပြအပ်ပါသည်။

**ကျော်မင်း(မနောမြေ)**

# ဒုတိယဝန်ကြီး (ရထား) ဦးအောင်မြိုင် တောင်ကြီး – နောင်ကားလမ်းခွဲ – ပင်းပက် ရထားလမ်းပိုင်းနှင့် တောင်ကြီး – ပေါ်မူ – အေးသာယာ – ရွှေညောင် ရထားလမ်းပိုင်းများအား ကြည့်ရှုစစ်ဆေး



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်မှ (၂၅) ရက်ထိမြန်မာ့မီးရထားမှအထွေထွေမန်နေဂျာများ၊ တိုင်းအမှတ် (၄) မှတိုင်းတာဝန်ခံအရာရှိများနှင့်အတူ တောင်ကြီး–နောင်ကားလမ်းခွဲ–ပင်းပက်ရထားလမ်းပိုင်း၊ အဆင့်မြှင့်တင် ပြုပြင်ထားသည့် တောင်ကြီး–ပေါ်မူ–အေးသာယာ–ရွှေညောင်ရထားလမ်းပိုင်းရှိ ဘူတာများ၊ ယာဒ်ဝင်းများ၊ တံတားနှင့် တာဘောင်များ ထိန်းသိမ်းမှုအခြေအနေနှင့် အဆိုပါ ရထားလမ်းပိုင်းရှိ ထီးသိမ်အဝိုင်းပတ်တံတားနှင့် အဝိုင်းပတ်ရထားလမ်း ထိန်းသိမ်းမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် တောင်ကြီး– နောင်ကားလမ်းခွဲ–ပင်းပက်ရထားလမ်းပိုင်းရှိတံတားနှင့်တာဘောင်များ ထိန်းသိမ်းမှု အခြေအနေအား RGC ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးခဲ့ပြီး လမ်းပိုင်းအတွင်းရှိတံတားနှင့် Box Culvert များ ရေရှည်ခိုင်ခန့်မှုရှိစေရေး စနစ်တကျစစ်ဆေး၍ ထိန်းသိမ်းဆောင်ရွက်ရန်၊ ရထားလမ်းဘေးရေမြောင်းများ (Side Drains) စနစ်တကျ ဆောင်ရွက်သွားရန်နှင့် ရထားလမ်းတာဘောင်များ ရေတိုက်စားမှုနည်းစေရန်အတွက် မြက်ကပ်စိုက်ပျိုးထားမှုအား ရှင်သန်အောင် ဂရုစိုက် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အဆင့်မြှင့်တင်ပြုပြင်ထားသည့်တောင်ကြီး –ပေါ်မူ–အေးသာယာ–ရွှေညောင်ရထားလမ်းပိုင်းရှိ ဘူတာများ၊ ယာဒ်ဝင်းများ၊ တံတားနှင့် တာဘောင်များထိန်းသိမ်းမှုအခြေအနေအားRGCရထားဖြင့်လိုက်ပါစီးနင်းစစ်ဆေးခဲ့ပြီး အဆိုပါ ရထားလမ်းပိုင်းရှိ ထီးသိမ်အဝိုင်းပတ်နေရာတွင် စိုက်ပျိုးထားသည့် သစ်ပင်များနှင့် အဝိုင်းပတ်တာဘောင်တွင်မြေထိန်းနိုင်ရန် စိုက်ပျိုးထားသည့် မြက်ပင်များအား ရှင်သန်စေရေး ဂရုစိုက်သွားရန်၊ မြေထိန်းနံရံများ တည်ဆောက်ထားမှုအား စနစ်တကျစစ်ဆေးသွားရန်၊ထီးသိမ်အဝိုင်းပတ်တံတားအား ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး ပုံမှန်စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊ ရထားလမ်းဘေးရေမြောင်းများ စနစ်တကျ ဆောင်ရွက်သွားရန်နှင့် ဘူတာများ သန့်ရှင်းသပ်ရပ်မှု ရှိစေရေး ပုံမှန်ရှင်းလင်းဆောင်ရွက်ရန်၊ ရထားစီးခရီးသည်များ အဆင်ပြေစေရေးနှင့် ရထားများထွက်ချိန်မှန်ကန်စေရေး အလေးထား ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းအဖွဲ့(ပို့/ဆက်)



# Big Data ၏ အသွင်ပြောင်းနိုင်စွမ်းအား




ချယ်ရီ (ITCSTC)

အချိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသော ယနေ့ခေတ်ကမ္ဘာကြီးတွင် Data များသည် အပြန်အလှန်ချိတ်ဆက်နေသော ကျွန်ုပ်တို့၏ နေ့စဉ်ဘဝများ၌ အရေးပါသော အရင်းအမြစ်များ ဖြစ်လာပါသည်။ Big Data ၏ အချက်အလက်ပမာဏ၊ အမြန်နှုန်း၊ အမျိုးအစားတို့အပေါ် ခွဲခြမ်းစိတ်ဖြာတွက်ချက်ပြီး ပိုမိုကောင်းမွန်သော လုပ်ငန်းပတ်ဝန်းကျင် အသိုက်အဝန်း တည်ဆောက်ရာတွင် အသုံးချနိုင်ပါသည်။ မိမိတို့ပတ်ဝန်းကျင်တွင် Data များသည် စက္ကန့်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိပြီး ထို Data များသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် နယ်ပယ်အသီးသီးအတွက် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများ ရှိလာမည် ဖြစ်သည်။

**Big Data ဆိုသည်မှာ**

Big Data ဆိုသည်မှာ အဆမတန်များပြားပြီး ပမာဏကြီးမားသော Data များကို တစ်နေရာတည်းတွင် စုစည်းထားသည့် နည်းပညာ ဖြစ်ပါသည်။ Big Data ရှိ Data များထဲတွင် ပုံသဏ္ဍာန်ကျသည့် Data များ၊ ပုံသဏ္ဍာန် မကျသည့် Data များနှင့် ပုံသဏ္ဍာန်သိပ်မကျသည့် Data ပါဝင်နေပြီး Data များမှာလည်း အမြဲတိုးပွားလျက်ရှိပါသည်။ ၂၀၂၅ ခုနှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ Datasphere သည် 175 Zettabytes အထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

Big Data ရဲ့ သွင်ပြင်လက္ခဏာများကို ယေဘုယျအားဖြင့် 3Vs (Volume, Variety, Velocity) ဖြင့် သတ်မှတ်နိုင်ပါသည်။

- Volume: Data အရေအတွက်များပြားမှု
- Variety: Data အမျိုးအစားများပြားမှု
- Velocity: Data ထွက်ပေါ်မှုနှုန်း

ထို 3Vs အပေါ် မူတည်၍ မိမိတို့အသုံးပြုထားသည့် Big Data ကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာနိုင်ပြီး အသုံးပြုသူများအနေဖြင့် မည်မျှမြန်မြန်ဆန်ဆန် အသုံးပြုနိုင်ကြောင်း တိုင်းတာနိုင်မည် ဖြစ်ပါသည်။

**Big Data ထဲတွင် ပါဝင်သော Data များကို ရရှိသည့်နေရာ**

Big Data အတွက် Data များကို အင်တာနက်အသုံးပြုသူများထံမှ ရရှိပါသည်။ Social media များ၊ Sensors များ၊ Transactions များနှင့် အရင်းအမြစ်အမျိုးမျိုးကြောင့် ပမာဏများပြားသော Data များ ဖြစ်ပေါ်လာပါသည်။ ဥပမာအားဖြင့် Facebook အကောင့်တစ်ခုဖွင့်သောအခါ Username နဲ့ Password များ၊ စာများ၊ ပုံများ၊ ဗီဒီယိုများတင်ခြင်းသည် Data များ ဖြစ်ကြသည်။ Facebook ကို အသုံးပြုသောအခါ People You May Know တွင် အကြံပြုထား



သော မိတ်ဆွေများ၊ ရှာဖွေလိုက်သော အကြောင်းအရာများ၊ ကြော်ငြာများသည်လည်း Big Data ကို အသုံးပြုပြီး ဖန်တီးထားသော နည်းပညာများကြောင့် ဖြစ်ပါသည်။

**Big Data ၏ အရေးကြီးပုံ**

Big Data သည် သာမန်လူတစ်ဦးအနေဖြင့် အရေးကြီးသည့် အခန်းကဏ္ဍတွင် မပါဝင်သော်လည်း အဖွဲ့အစည်းများအတွက် အလွန်အရေးကြီးပါသည်။ Data များကို စုစည်း၍ စောင့်ကြည့်လေ့လာခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းများ ပြုလုပ်ခြင်းအားဖြင့် အဖွဲ့အစည်း၏ အောင်မြင် တိုးတက်မှု၊ ဆုံးရှုံးမှုနှင့် ဖြစ်နိုင်ခြေရှိသော အခြေအနေများကိုအလွယ်တကူသိရှိနိုင်စေမည်ဖြစ်ပါသည်။ဥပမာအားဖြင့်ထို Data များမှတစ်ဆင့် ကုမ္ပဏီတစ်ခု၏ ရောင်းအား၊ ဈေးကွက် အခြေအနေ၊ Customer အရေအတွက်နှင့် စိတ်ဝင်စားမှုရှိသော Product များကို သိရှိနိုင်ပါသည်။ ထိုသို့ သိရှိခြင်းအားဖြင့် ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်း၊ ဖြစ်နိုင်သော Risk များကို လျှော့ချနိုင်ခြင်းများစသည့် အကျိုးကျေးဇူးများ ရရှိမည် ဖြစ်ပါသည်။

**Big Data အသုံးချမှုများ**

Big Data သည် ကျန်းမာရေးကဏ္ဍများတွင် ရောဂါရှာဖွေခြင်း၊ ကာကွယ်ခြင်းနှင့်ကုသခြင်း၊ ဆေးသုတေသနလုပ်ငန်းများတွင် အသုံးပြုခြင်းအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် များစွာ အထောက်အပံ့ဖြစ်စေပါသည်။ အီလက်ထရွန်းနစ်ကျန်းမာရေးမှတ်တမ်းများမှ ထွက်ပေါ်လာသော Data များမှ ရောဂါလက္ခဏာများကို စောင့်ကြည့်ကာ ကုသမှုများကို လူနာတစ်ဦးချင်းစီအတွက် ဖြေရှင်းပေးနိုင်ပြီး လူနာများအား ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု အကြံဉာဏ်များပေးနိုင်ခြင်း၊ သမားတော်များအတွက် ပိုမိုထိရောက်သော ထိုးထွင်းသိမြင်မှုကို ပံ့ပိုးနိုင်ခြင်း၊ ရောဂါရှာဖွေရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်ခြင်း၊ ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးကို လျှော့ချနိုင်ခြင်းများ ပြုလုပ်နိုင်မည် ဖြစ်သည်။

ဘဏ္ဍာရေးကဏ္ဍတွင် Big Data သည် ကြီးမားရှုပ်ထွေးသော အချက်အလက်အစုဖြစ်ပြီး စီးပွားရေးစိန်ခေါ်မှုများအတွက် အဖြေများကို ရှာဖွေဖော်ထုတ်ရန်၊ ရင်းနှီးမှုများ၌ ဆုံးဖြတ်ချက်များ ချမှတ်ရန်၊ လုပ်ငန်းလည်ပတ်မှုအန္တရာယ်များ လျှော့ချရန်၊ လိမ်လည်မှုများကို ထိရောက်စွာ တိုက်ဖျက်ရန်အတွက် အသုံးပြုသူများ၏ အပြုအမူများနှင့် သက်ဆိုင်သည့် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာရာတွင် အသုံးပြုခြင်းများ ပြုလုပ်နိုင်မည် ဖြစ်သည်။

သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် Big Data သည် Route Planများကိုပိုမိုကောင်းမွန်အောင်ပြုလုပ်ပေးနိုင်ခြင်း၊ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်များကို လျှော့ချနိုင်ခြင်းများ ပြုလုပ်နိုင်မည် ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးကုမ္ပဏီများအနေဖြင့် Real-time Data များကို အသုံးချခြင်းဖြင့် ခရီးသွားများအတွက်







အချိန်နှင့် စက်ဆီသုံးစွဲမှုကို လျှော့ချပေးနိုင်မည် ဖြစ်သည်။

ပညာရေးကဏ္ဍတွင် Big Data ကို အသုံးပြု၍ နည်းပညာသစ်များ၊ တီထွင်ဆန်းသစ်မှုများဖြင့် ကျောင်းသားများ၏ သင်ယူမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို မြှင့်တင်ပေးနိုင်သည်။

**Big Data နည်းပညာနှင့် ပတ်သက်သော**
**အလုပ်အကိုင်အခွင့်အလမ်းများ**

Big Data Engineer, Data Architect, Data Scientist, Data Analyst စသည့် Big Data နည်းပညာနှင့် ပတ်သက်သော အလုပ်အကိုင်အခွင့်အလမ်းများထွက်ပေါ်လာသည်နှင့်အတူတက္ကသိုလ်များ၊ အဆင့်မြင့်ပညာသင်ကြားရေးကျောင်းများတွင်လည်း ကျောင်းသား/ကျောင်းသူများကBig Dataနှင့်သက်ဆိုင်သောသုတေသနစာတမ်းများကျယ်ပြန့်စွာပြုစုလေ့လာလာကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

Data Scientist တစ်ယောက်အနေဖြင့် Big Data ၏ Data Velocityကိုကိုင်တွယ်ဖြေရှင်းနိုင်ရန် Artificial Intelligence(AI) အမျိုးအစားဖြစ်သည့်Machine Learning၊Deep Learningစသည့် နည်းပညာများကို နားလည်ရန် လိုအပ်သကဲ့သို့ Data Analyst တစ်ယောက်အနေဖြင့်ပုံစံတူData များကိုရှာဖွေခြင်း၊ခွဲခြမ်းစိတ်ဖြာပြီး အသုံးဝင်သည့် Dataများကိုရွေးချယ်သည့် Data Miningနည်းပညာကို နားလည်ထားရန် လိုအပ်ပါသည်။

နိဂုံးချုပ်အားဖြင့်Big Dataသည်နည်းပညာဆိုင်ရာလမ်းကြောင်းတစ်ခုမျှသာမဟုတ်ဘဲ ကြီးမားသော Data ၏ စွမ်းအားကို အသုံးချခြင်းဖြင့် အဖွဲ့အစည်းများအတွက် ပိုမိုအသိဉာဏ်ရှိသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်း၊ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပြီး မထင်မှတ်ထားသော နည်းလမ်းများဖြင့် တန်ဖိုးများကို ဖန်တီးပြုလုပ်ပေးနိုင်သည့် စွမ်းအားအဖြစ် ပေါ်ထွက်လာပြီး ဒစ်ဂျစ်တယ်နည်းပညာအသစ်များသည် ဒစ်ဂျစ်တယ်ရေစီးကြောင်းအသစ်များအဖြစ် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာမှုကြောင့်နိုင်ငံ၏စီးပွားရေးနှင့် လူ့အဖွဲ့အစည်းများသည် သိသာထင်ရှားစွာပြောင်းလဲလာခဲ့ပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**ချယ်စု(ITCSTC)**

> Big Data သည်
> သာမန်လူတစ်ဦးအနေဖြင့်
> အရေးကြီးသည့် အခန်းကဏ္ဍတွင်
> မပါဝင်သော်လည်း
> အဖွဲ့အစည်းများအတွက်အလွန်
> အရေးကြီး...






# ယာဉ်မောင်းရာတွင် သတိယှဉ်

သူရိန်ထွန်း

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မိဘပြည်သူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစွာဖြင့် ခရီးသွားလာခြင်းများရှိကြစေရန် စဉ်ဆက်မပြတ် အသိပညာပေးမှု၊ သတိပေးမှုများ ပြုလုပ်နေသော်လည်း မော်တော်ယာဉ်အများစု မောင်းနှင်သွားလာနေကြသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက်နှင့် လမ်းမကြီးတစ်ချို့တို့တွင် မော်တော်ယာဉ်မတော်တဆမှုများ နေ့စဉ်လိုလို မြင်တွေ့ကြားသိနေရပေသည်။

ထိုကဲ့သို့ ယာဉ်မတော်တဆမှုများကြောင့် လူသေဆုံးခြင်း၊ ခန္ဓာကိုယ်ထိခိုက်ကျိုးပဲ့ခြင်း၊ ယာဉ်ပျက်စီးခြင်းများဖြစ်ကြရသည့်အပေါ် စိတ်မချမ်းမြေ့ဖွယ်ရာလည်း ဖြစ်ရပါသည်။

လမ်း၏ တည်ဆောက်ပုံအရလည်းကောင်း၊ ရာသီဥတုဆိုးရွားဖောက်ပြန်မှုကြောင့်လည်းကောင်း၊ ယာဉ်မောင်း၏ ပေါ့ဆမှုကြောင့်လည်းကောင်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားရသည်ကို တွေ့ရပါသည်။

လမ်း၏တည်ဆောက်ပုံအရဆိုရာတွင် ထိုလမ်းကို တည်ဆောက်သည့် ဌာနဆိုင်ရာများအနေဖြင့် အမြန်လမ်းတစ်လမ်း၏ ဖွဲ့စည်းတည်ရှိမှုအရ လမ်းလယ်ကျွန်း၊ တံတား၊ အသိပေးဆိုင်းဘုတ်၊ အချက်ပြမီးပွိုင့်၊ မျဉ်းဝါ၊ မျဉ်းနက်၊ မျဉ်းဖြူစသည်ဖြင့် ပြည့်စုံကောင်းမွန်အောင် စတင်တည်ဆောက်စဉ်အချိန်ကပင် ထည့်သွင်းဆောက်လုပ်ခဲ့ကြပြီး ဖြစ်ပါသည်။ ယာဉ်မောင်းနှင်သူနှင့် စီးနင်းလိုက်ပါသူများ ယာဉ်မောင်းစဉ်၊ စီးနင်းလိုက်ပါစဉ် ထိုင်ခုံခါးပတ်ပတ်ကြစေရန်နှင့် ထိုင်ခုံခါးပတ်နှင့် ဆက်စပ်ပစ္စည်းများကောင်း/မကောင်းကြိုတင်စစ်ဆေးရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပူနွေးစိုစွတ်သောရာသီဥတု (Tropical Weather) ရှိသည်မို့ ဆီးနှင်းများထူထပ်စွာကျရောက်ခြင်း၊ လေပြင်းမုန်တိုင်း မကြာခဏတိုက်ခတ်ခြင်းစသည့် ဆိုးရွားသည့်ရာသီဥတုဖောက်ပြန်မှုများ မရှိတတ်ဘဲ မိုးရာသီကာလ၌သာ တစ်ခါတစ်ရံ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကျော်မှု၊ လမ်းပျက်စီးမှုလောက်ပင် ရှိတတ်ပါသည်။

ဤသို့ဆိုလျှင် ယာဉ်မောင်း၏ ပေါ့ဆမှုကြောင့် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားရသည်ဟု ဆိုနိုင်မည် ဖြစ်ပါသည်။

ယာဉ်မောင်း၏ ပေါ့ဆမှုဆိုရာတွင် ယာဉ်ကိုကျွမ်းကျင်စွာ မောင်းနှင်နိုင်မှုမရှိခြင်း၊ မိမိမောင်းနှင်သည့်လမ်းကြောတစ်လျှောက် လမ်းညွှန်/လမ်းအမှတ်အသားများကို သေချာစွာ နားမလည်ခြင်း၊ ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း၊ အိပ်ငိုက်ခြင်းစသည်တို့အပြင် အရက် (သို့မဟုတ်) မူးယစ်ဆေးဝါးတစ်ခုခုသောက်စားသုံးစွဲ၍ မောင်းနှင်ခြင်းတို့ ဖြစ်ပါသည်။

ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်မှုမရှိခြင်းဆိုရာတွင် သတ်မှတ်အမြန်နှုန်းထက် ပိုမောင်းခြင်း (သို့မဟုတ်) သတ်မှတ်အမြန်နှုန်းထက်လျှော့၍မောင်းနှင်ခြင်း၊ ထို့အပြင် ဘေးအန္တရာယ်ဖြစ်စေသည်အထိ မဆင်မခြင် (သို့မဟုတ်) အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ ပေါ့လျော့စွာ မောင်းနှင်ခြင်းတို့ ဖြစ်ပါသည်။

သို့ရာတွင် တစ်ခါတစ်ရံ၌ မိမိမောင်းနှင်နေသည့် မော်တော်ယာဉ်၏ ချို့ယွင်းချက်ကြောင့်လည်း ယာဉ်မတော်တဆမှု ဖြစ်ပွားရပါသည်။ မော်တော်ယာဉ် ချို့ယွင်းချက်ဆိုရာတွင် ယာဉ်၏ ခြေနင်းဘရိတ်၊ လက်ဆွဲဘရိတ်ပေါက်ခြင်း၊ ဘီး (တာယာ) ပွင့်ထွက်ခြင်း၊

ကျွတ်(Tube) လေပေါင်မညီသဖြင့် ပေါက်ထွက်ခြင်း၊ လောင်စာဆီကန်နှင့် ဆက်စပ်ပစ္စည်းများ ရုတ်တရက်မီးလောင်ခြင်း၊ အောက်ခံဖရိန်(သံဘောင်)နှင့် ကိုယ်ထည်ပြုတ်ထွက်ခြင်းတို့ကြောင့်လည်း ယာဉ်မတော်တဆမှု ဖြစ်ပွားရပါသည်။

ထို့ကြောင့် ယာဉ်ကို မောင်းနှင်အသုံးပြုခြင်းမပြုမီ ယာဉ်၏ အထက်ပါပစ္စည်းများ ကောင်း/မကောင်း စစ်ဆေးကြည့်ရှုရမည့်အပြင် ရှေ့မီးကြီး၊ ဘရိတ်မီး၊ အချက်ပြမီးနှင့် အခြားမီးများ၊ ရောင်ပြန်များ၊ ယာဉ်လက်ကိုင်(စတီယာရင်)၊ လေး၊ ရှော့အိပ်ဇော်ဘားနှင့် အခြားဒဏ်ခံစနစ်များ၊ စက်ဂီယာနှင့်ဆက်စပ်ပစ္စည်းများ၊ လေကာမှန်၊ နောက်ကြည့်မှန်၊ ဘေးမှန်များ၊ ရေသုတ်ကိရိယာ၊ ဟွန်း၊ စက်သံထိန်းအိပ်ဇော်ဆိုင်လင်ဇာ၊ အမြန်နှုန်းပြကိရိယာနှင့် လျှပ်စစ်သွယ်တန်းမှုများ၊ ယာဉ်ကြီးများဖြစ်ပါက အတက်အဆင်းလှေကားနှင့်ကြမ်းခင်းများ ကောင်း/မကောင်း စစ်ဆေးရမည် ဖြစ်ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် အခြားသောလမ်းမကြီးများတွင် ယာဉ်ကို လမ်းဘေးသို့ချမရပ်ဘဲ လမ်းကြောပေါ်၌ ရပ်နားခြင်း၊ မိမိ၏ယာဉ်စက်ချို့ယွင်းခြင်းကိုပြုပြင်ခြင်းများပြုလုပ်ကြသည်ကို မြင်တွေ့ရပါသည်။ မိမိရပ်ထားသည့်ယာဉ်၏ (အတက်အဆင်း) ပြုလုပ်သည့် နောက်ကျောဘက်နှင့် ဦးခေါင်း (ခေါင်းခန်း) ဘက်အနီးတွင် သစ်တုံးများ၊ သစ်ပင်များ၊ တာယာအဟောင်းများကို ချ၍ အသိပေးထားခြင်း၊ သတိပေးထားခြင်းများကို ဝတ်ကျေတန်းကျေပြုလုပ်ထားကြပေသည်။ ဤသို့ ရပ်နားထားသော မော်တော်ယာဉ်ကို လမ်းကြောအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့မှ ဝင်ရောက်တိုက်မိကြပြီး ယာဉ်တိုက်မှုဖြစ်ပွားရခြင်းများ ရှိပါသည်။ မိမိရပ်နားထားသည့်ယာဉ်မှာ ယာဉ်ကြီးဖြစ်၍ မိမိ၏ယာဉ်ကို နောက်ကျောဘက်မှ ဝင်ရောက်တိုက်မိပါက ဝင်ရောက်တိုက်မိကြသည့်ယာဉ်ငယ်နှင့်မော်တော်ဆိုင်ကယ်တို့ဘက်မှသာထိခိုက်သေဆုံးမှုများရှိမည်ဟူသောစိတ်ကောင်းမဲ့သောအတွေးများ မထားကြရန် အသိပေးလိုပါသည်။

ယာဉ်ကိုလမ်းဘေးသို့လွတ်လပ်စွာချမရပ်ဘဲလမ်းကြောအတွင်း (သို့မဟုတ်) လမ်းကြောနှင့်မလွတ်ကင်းသည့်လမ်းဧရိယာအတွင်း ရပ်နားထားသည့်ယာဉ်၏မှားယွင်းမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုပင် ဖြစ်သည်ဟုဆိုရပါမည်။

ရပ်နားထားသည့် ယာဉ်၏ မှားယွင်းမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှုဟု အဘယ်ကြောင့်ဆိုရသည်ရှိသော် မိမိရပ်နားထားသည့်ယာဉ်မှာ ယာဉ်ကြောပိတ်ဆို့မှုကိုဖြစ်စေသည့်အပြင် ယာဉ်ကြောအတိုင်းစနစ်တကျမောင်းနှင်လာသည့် ယာဉ်၊ မော်တော်ဆိုင်ကယ်တို့အား လမ်းကြောပိတ်ဆို့မှု ဖြစ်ပေါ်စေခြင်းကြောင့် ဖြစ်ပါသည်။ မော်တော်ယာဉ်ဆိုသည်မှာ စက်ကိရိယာပစ္စည်းဖြစ်သဖြင့် မောင်းနှင်နေစဉ် တစ်ခါတစ်ရံ စက်ချို့ယွင်းမှု ဖြစ်ပွားတတ်သည်ကို နားလည်ပေးနိုင်ပါသည်။ သို့ရာတွင် "ဘာကြောင့်ရပ်ရပ်၊ လမ်းဘေး




ချုပ်" ဟူသော အသိပေးချက်ကို ဂရုမစိုက်၊ လိုက်နာမှုမရှိသဖြင့် မိမိယာဉ်ကိုဝင်ရောက်တိုက်မိသည့် ယာဉ်နှင့် မော်တော်ဆိုင်ကယ်တို့မှ ယာဉ်မောင်းများ၊ စီးနင်းလိုက်ပါလာသူများ အသက်ဘေးအန္တရာယ် ဖြစ်ကြရသည်ကို ကိုယ်ချင်းစာ စိတ်ထားစေလိုပါသည်။

တစ်ချို့သော ရှင်ရေးကူညီမှုအသင်းကားများ၊ ပရဟိတလူနာတင် ယာဉ်များတို့သည် မိမိတို့တင်ဆောင်လာသည့် လူနာအား အချိန်မီ ဆေးကုသမှုပေးနိုင်အောင်၊ ဆေးကုသမှုခံယူနိုင်အောင် ဟူသော စေတနာဇောဖြင့် ယာဉ်ကို စိတ်စော/စိတ်လောစွာ မောင်းနှင်နေကြ သည်ကို တွေ့ရပါသည်။ ထိုသို့ မောင်းနှင်သည့် ယာဉ်မောင်း၏ စိတ်စေတနာကို လေးစားအသိအမှတ်ပြုရမည် ဖြစ်သော်လည်း ထိုသို့ မောင်းနှင်ခြင်းဖြင့် သတ်မှတ်အမြန်နှုန်းထက် ပိုနေခြင်း၊ ရပ်ရမည့် လမ်းဆုံ၊ လမ်းခွဲတွင် ဖြတ်မောင်းမိခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေမျိုးဖြစ်ပေါ်လာလျှင် မရပ်နိုင်ခြင်း၊ လမ်းကြောပေါ်တွင် မိမိယာဉ်နှင့်နည်းတူ သွားလာနေသည့် အခြားယာဉ်အား မရည်ရွယ်ဘဲ ပြိုင်မောင်းသလိုဖြစ်ခြင်း၊ ထိုင်ခုံခါးပတ် မပတ်မိခြင်းတို့ ရှိစေပါသည်။ ထို့ကြောင့် အန္တရာယ်ဖြစ်စေနိုင်သည့် အနေအထား ရောက် တတ်သည်ကို သတိပြုရမည် ဖြစ်ပါသည်။

ထို့အပြင် မိမိတို့မောင်းနှင်နေသည့် ယာဉ်အမျိုးအစား၊ ယာဉ်၏ အရွယ်အစားအလိုက် သတ်မှတ်အမြန်နှုန်း ကန့်သတ်ချက်ထက် ပိုမိုမောင်းနှင်မိသည်လည်း ဖြစ်စေပါသည်။

မိမိယာဉ်၌ တင်ဆောင်မောင်းနှင်လာသည့် လူနာကို အချိန်မီ ဆေးကုသရန်/ဆေးကုသမှုခံယူစေရန်ဟူသော စေတနာထက် လမ်းသွားလမ်းလာများ အခြားသွားလာ မောင်းနှင်နေကြသော ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအတွက် ယာဉ်အန္တရာယ် ဖြစ်စေနိုင်သည်ကိုလည်း ထည့်တွက်ထားရပါမည်။

မည်သည့် ယာဉ်မဆို/မည်သည့်ယာဉ်မောင်းမဆို သတ်မှတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြရပေမည်။

တစ်ခါတစ်ရံ ထိုသို့သော လူနာတင်ယာဉ်များအပြင် ပရဟိတယာဉ်များကို မောင်းနှင်နေကြသူ တစ်ချို့တို့တွင် ယာဉ်မောင်းလိုင်စင်မရှိခြင်း၊ ယာဉ်မောင်း မကျွမ်းကျင်ခြင်းတို့ကိုလည်း တွေ့ရပါမည်။ လိုအပ်ချက်အရ အရေးပေါ်အခြေအနေမျိုးဖြစ်၍ ကြုံကြိုက်သူတက်ရောက်မောင်းနှင်ရခြင်းဖြစ်သည်ဟု ဆိုနိုင်သော်လည်း ထိုသို့မောင်းနှင်ခြင်းဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အရေးမထား၊ ဂရုမပြုမိသလိုဖြစ်သွားပေမည်ဟု သဘောရိုးဖြင့်အကြံပေးလိုပါသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၌ မည်သည့် မော်တော်ယာဉ်မဆို စနစ်တကျ စုဖွဲ့၍မောင်းနှင်လာသော ယာဉ်တန်းနှင့်တွေ့လျှင် ရပ်ရမည်မှာ သတ်မှတ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖြစ်သည်ကိုလည်း သတိပြုသင့်ပါသည်။

မိမိယာဉ်၌ မည်သည့်လူနာပင် တင်ဆောင် မောင်းနှင်လာစေကာမူ ယာဉ်တိုက်မှုဖြစ်ပါက ချက်ချင်းရပ်ပေးရမည် ဖြစ်ပါသည်။

**လူနာကိုလည်း အချိန်မီ ဆေးကုသရန်/ ဆေးကုသမှုခံယူရန် မောင်းနှင်လာရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လည်း လိုက်နာမောင်းနှင်ခြင်းဖြင့် ယာဉ်မတော်တဆမှုအန္တရာယ် ကင်းဝေးမည်ဖြစ်...**

ဤသို့ဆိုလျှင် သတ်မှတ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာ၍မောင်းနှင်သယ်ဆောင်ခြင်းမပြုဘဲဖောက်ဖျက်၍မောင်းနှင်သယ်ဆောင်ခြင်းကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားလျှင် မိမိတင်ဆောင် မောင်းနှင်လာသည့် လူနာအား အချိန်မီဆေးရုံ ဆေးခန်းပို့ရမည့်အချိန် ပိုမိုနှောင့်နှေးကြန့်ကြာမည် ဖြစ်သည်ကိုလည်း သိရှိထားရပါမည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ချက် ပြဋ္ဌာန်းချက်များသည် ယာဉ်မောင်းအားလုံးအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်၍မည်သည့်ယာဉ်မောင်းအတွက်မဆို လိုက်နာရမည့် ပြဋ္ဌာန်းချက်များဖြစ်ပါသည်။

သို့ဖြစ်ရာ လူနာကိုလည်းအချိန်မီဆေးကုသရန်/ဆေးကုသမှုခံယူရန် မောင်းနှင်လာရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလည်း လိုက်နာမောင်းနှင်ခြင်းဖြင့် ယာဉ်မတော်တဆမှုအန္တရာယ်ကင်းဝေးမည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် မိဘပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးပြီး စနစ်တကျ မောင်းနှင်သွားလာကာ မိမိတို့လိုရာခရီးကို ရောက်ရှိစေဖို့ ပြဋ္ဌာန်းချက်များ ထုတ်ပြန်ပေးခြင်း၊ အသိပေးညွှန်ကြားခြင်း၊ ပညာပေးခြင်းတို့ကို ဆက်စပ်အဖွဲ့အစည်းများဖြင့် ပူးပေါင်းလျက် မပြတ်ဆောင်ရွက်ပေးနေသဖြင့် မိဘပြည်သူများအနေဖြင့် သိရှိလိုက်နာပေးစေလိုပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံနှိုးဆော်လိုက်ရပါသည်။

**သူရိန်ထွန်း**

myanmar
national airlines



# JOURNEY OF A LIFETIME

+951 377840-41-42, +951 378603-04-06-07-08
104 Kanna Road, Kyauktada Township, Yangon, Myanmar.
*www.flymna.com*



ကြင်ကြင်နာနာ
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
MPT CLUB 1000 POINTS
အထိရရှိနိုင်မယ့်အခွင့်အရေး
Data Carry Plus
ပက်ကေ့ချ် မှ ဒေတာ များပါ
မျှဝေနိုင်ခြင်း
ထီပေါက်
Bonus Up to
200 GB
ကံစမ်းရန်
အဖွဲ့ဝင်၃ယောက်ကိုမျှဝေရန်
5498 Ks
2GB 600 Club Points
190 mins/ 190 SMS
CALL CENTER 106
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
MPT4U
အတူလက်တွဲ အမြဲရှိမည် MPT

TRANSCOM in English

Volume (3), Issue (9) 1st September, 2024

# REFORMS NEEDED FOR MYANMA RAILWAYS IN NEW ERA

**Priority must be given to upgrading the Yangon-Pyay railway section and Nay Pyi Taw-Mandalay railway section.**



SAC Chairman Prime Minister Senior General Min Aung Hlaing hears the report on the construction of Myanma Railway tracks for railway detour at the New Locomotive Assembling Factory (Nay Pyi Taw) on 3rd August, 2024.

Senior General Min Aung Hlaing stressed the need to consider the necessary preparations for railway stations and overpasses to upgrade railways to electric railways.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing on 3rd August, 2024 inspected the New Locomotive Assembling Factory (Nay Pyi Taw) of the Mechanical and Electrical Engineering Section of Myanma Railways under the Ministry of Transport and Communications and the National Museum of Myanmar (Nay Pyi Taw) in Pobbathiri Township of Nay Pyi Taw Council Area.

At the New Locomotive Assembling Factory (Nay Pyi Taw), the Senior General inspected DEMU carriages imported from Japan to run them on the Yangon-Mandalay railway section and DEMU carriages built by Myanmar.

Deputy Prime Minister Union Minister for Transport and Communications General Mya Tun Oo and Deputy Minister U Aung Myaing reported on the implementation of the tasks in accord with the guidance of the Prime Minister on his inspection tour of the factory on 10 September 2021, the building of DEMU carriages at Myitnge Factory, finishing of building the carriages at Nay Pyi Taw Factory, and supply of bogies for DMU carriages.

In his response, the Senior General stressed the need to steadfastly maintain railways, locomotives and carriages.

He pointed out that it is necessary to carry out research and development tasks on the building of trains, systematic measures of railway stations, good landscapes along environments of railways, efficient use of railway yards and research and development of technologies for carriages and railways.

The Senior General encouraged all to conduct reforms of Myanma Railways as a new era, adding service personnel needed to successfully build DEMU carriages at home with a future plan to operate electric





Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing views round the National Museum of Myanmar (Nay Pyi Taw) on 3rd August, 2024.

trains.

He continued that it is necessary to consider preparations for railway stations and overpasses to upgrade railways to electric railways.

He pointed out that priority must be given to upgrading the Yangon-Pyay railway section and the Nay Pyi Taw-Mandalay railway section.

The Senior General underlined that efforts must be made to run prescribed speed limits for relevant trains and carry out maintenance of railways to ensure they are in good condition and adhere to standards.

He highlighted that as rail transportation can cut fuel consumption and travel time, trains must be operated to transport commodities along the vital railways of the State.

He called for the convenience of train passengers along the circular railways, and the plans must be implemented so that passengers can experience fair fares on trains.

The Senior General gave guidance on maintaining carriages and building new carriages. Yards of railways must be utilized efficiently. Research must be done to keep abreast of other countries in the rail transport sector.

The Senior General presented cash awards to factory employees through officials.

At the National Museum of Myanmar (Nay Pyi Taw), the Senior General heard reports by Union Minister for Religious Affairs and Cultur e U Tin Oo Lwin on maintenance of city walls and buildings, construction of Mandalay royal palace walls, water moat and bridges, damage of these structures in the second World War, and maintenance of the Sishay Bridge.

The Senior General viewed a video clip on the history of the museum.

Union Minister General Mya Tun Oo reported on plans for the construction of a detour railway of Toungoo.

In his speech, the Senior General underscored that it is necessary to maintain significant royal palaces as much as possible.

He stressed that necessary ministerial buildings must be moved to other places for the renovation of the Toungoo Royal Palace and Ketumaiwalls.

He continued to say that necessary information and evidence must be compiled for the reconstruction of the Sishay Bridge at Mandalay royal palace in original works.

He highlighted that farmlands must be reclaimed in advance for the land plot earmarked for building the Toungoo railway station.

A new extended urban area must be established after the creation of a systematic layout plan, whereas the construction of a detour railway of Toungoo must be considered in the long run.

After viewing round the museum, the Senior General gave necessary instructions to officials.—MNA/TTA

# VICE-SENIOR GENERAL STRESSES SPORTING TRIUMPHS ELEVATE NATIONAL PRIDE

## The Leading Committee on Organizing the Fifth National Sports Festival 2024 held its second meeting in Nay Pyi Taw.



State Administration Council Vice-Chairman Deputy Prime Minister Vice-Senior General Soe Win addresses the second meeting of the Leading Committee on Organizing the Fifth National Sports Festival 2024 on 28th June, 2024.

VICE-CHAIRMAN of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, who is also a Patron of the Leading Committee on Organizing the Fifth National Sports Festival 2024, delivered a speech at the second meeting of the leading committee at the Ministry of Sports and Youth Affairs in Nay Pyi Taw yesterday afternoon.

In his speech, the Vice-Senior General said that the word sport is defined in international dictionaries as an athletic activity requiring skill or physical powers, and from individual sports to competitions that comprise thousands of people, and the countryside level to Olympic competitions are held today. Achievements in sports can uplift the dignity of a country and its people in the world, so sports are described as war without shooting.

Therefore, the SAC is focusing on the development of sports quality, providing the needs. The SAC Chairman and Prime Minister also instructed all to place a special emphasis on sports as they can uplift patriotism, national spirit, and national characteristics to ensure the fitness of the entire people. The fifth festival will be held with five objectives as per the directives of the Head of the State.

He continued that during the term of SAC, the Diamond Jubilee Union Day, which depicts the unity of eth-



nic people and national spirit, and the 75th Anniversary of Independence Day, which proves patriotism and political affairs, were successfully held at the State level on a more magnificent scale, as well as the glorious scale ceremony for religious affairs such as world's tallest Maravijaya Buddha Image. Similarly, the Head of State said that the national sports festival should be held in a more splendid manner than the previous festivals, aiming at the full participation of new generations in the future country.

He then stressed the need to discuss the expenditure, opening and closing programmes, formation, sports, and festival-themed mascots at the meeting. Moreover, it also needs to present mascots, which are conferred at international sports festivals, at the awarding ceremony for the gold, silver and bronze winners of para games and other competitions in the National Sports Festival, as the principal stage is completed.

The Vice-Senior General pointed out that officials from the teams representing ministries, regions and states, working committees and relevant subcommittees have to successfully take responsibility for organizing the festival as part of grasping an opportunity to turn out new young athletes and to be free from bias.

He added that arrangements should be made for the tribunal members to make the right decision if some controversial cases occur and mentioned the need to have security awareness and security conscience during the festival period. Moreover, he urged officials to organize experts from relevant arenas, NGOs, and the media sector to participate actively in holding the festival.

Leading Committee Chairman Union Minister for Sports and Youth Affairs U Min Thein Zan reported on preparations to host the Fifth National Sports Festival, categorizing sports events and awarding plans.

Union ministers, the auditor- general of the Union, the Nay Pyi Taw Council chairman, deputy ministers and officials presented plans to hold the opening and closing ceremonies of the festival on an impressive scale.

Moreover, relevant subcommittees put forward reports on preparations for the festival.

Later, the Vice-Senior General coordinated measures related to discussions and reports.

— MNA/KTZH

# DPM MoTC Union Minister inspects freight handling at Thilawa Port, work process of related departments



State Administration Council Member Deputy Prime Minister and Union Minister for Transport and Communications General Mya Tun Oo inspects the workplaces of the Department of Water Resources and Improvement of River Systems office in Pazundaung Township, Yangon on 11st August, 2024.

STATE Administration Council Member Deputy Prime Minister and Union Minister for Transport and Communications General Mya Tun Oo inspected jetties of Thilawa Port managed by the Myanma Port Authority in Thanlyin-Kyauktan region of Yangon and various departmental units under the ministry on 11st August, 2024 morning.

On arrival at the Myanmar International Terminal Thilawa (MITT), the General heard reports by U Zaw Tun Lwin, Managing Director of the Myanma Port Authority, on development activities at the Thilawa Port and officials from MITT and other port bridge companies on their operational matters. The Union Minister emphasized that maritime trade is a crucial backbone of the nation's socioeconomic development. He stressed the need for simplifying procedures to facilitate smooth maritime trade and noted the importance of private port operators in this context. He instructed them to continuous monitor international and regional changes and emphasized fair and effective collaboration between government and private sectors.

The inspection included a review of container and general freight-handling measures at MITT, unloading of fertilizers, management of edible oils and crops at Wilmar Myanmar port, container and general cargo handling at Thilawa MPA International Terminal (TMIT), and fuel distribution at the Padauk Shwe Wah Company's fuel jetty.

Subsequently, the Union Minister visited the Myanmar Maritime University in Thanlyin. He met with the university's rector, administrative officials, and faculty members. He advised aligning maritime education with international standards to ensure students are well-prepared. The Union Minister also reviewed the university's modern e-library system, document management, and maritime training simulators and providing instructions for further enhancements.

In the afternoon, the General visited the Myanma PortAuthority office in Kyauktada Township. He met with departmental heads, emphasizing the need for all civil servants to perform their duties with a strong sense of national spirit and adherence to civil service ethics. He highlighted the importance of maintaining cleanliness and order in office environments and encouraged young employees to engage in continuous learning to enhance their capacity.

At Marine Administration Department in Botahtaung Township, he reviewed the Integrated Vessel Monitoring and Tracking System presentation.

Next, the Union Minister visited the Department of Water Resources and Improvement of River Systems office in Pazundaung Township. He inspected office facilities and ongoing expansion projects, including the construction of an RC dockyard for repairing and maintaining government vessels and dredgers.

— MNA/KZL




### Historical Development of Transportation Concepts

Goods transportation processes are essential for efficiently operating industrial and supply chains, which in turn foster the economic development of countries. Various transport modes are utilized not only in delivering raw materials to factories but also in distributing finished goods to consumers. For centuries, the transportation and sale of goods have been interdependent, with humans mainly utilizing natural waterways for this purpose. Countries like Egypt, China, Greece, and the Roman Empire relied on rivers and maritime routes to establish pathways for transporting goods and promoting economic development.

In the 18th century, Scottish economist Adam Smith emphasized the importance of transportation in industrial development and Smith believed that transportation played a critical role in promoting economic growth. In the 19th century, scholars were particularly interested in the relationship between national economic development and the transportation sector, leading to numerous research studies in this area. In 1850, German cartographer Johann Georg Kohl conducted research on the relationship between the composition of transport networks and the distribution of resources based on geographic location. He analyzed that the construction of a road network is crucial for the development of cities in Russia.

In the 20th century, with the advancement of international trade and transport infrastructures, the concept of transport corridors emerged and this concept was based on historical transport routes. In the present day of the 21st century, new transportation modes based on modern technology are being introduced and emphasized for widespread use. These include the Hyperloop, which uses low-pressure tubes, autonomous vehicles that utilize sensors and artificial intelligence, and electric vehicles that benefit the natural environment.

Moreover, the 21st century is recognized as the era of the Fourth Industrial Revolution - 4IR, in which regions and countries are emphasizing the implementation of policies and frameworks regarding Intelligent Transport Systems (ITS) and App-based Mobility Services that are based on technological advancements.

### Role of Transport sector in international trade

International cargo transportation plays a vital role in the development of international trade. Countries are able to negotiate economic cooperation agreements as a result of developing transport routes. In present day, transportation and international trade are interconnected and also play a significant role in promoting globalization, which enhances con-



Ruins of pier of Roman Empire

nectivity among countries.

Economic development is closely linked to the development of the transportation sector. Some countries have benefitted greatly from advancements in transportation infrastructure, while others face barriers to economic growth due to inadequate transportation systems. While it is not possible to solely rely on the transport sector to create economic development, inadequate transport infrastructures can present significant limitations to overall development.

To foster economic development, respective governments need to invest in transportation infrastructure, such as roads, bridges, railways, airports, and ports. Labor, goods, and services could be easily allocated by having a comprehensive transport system. A country could have an advantage over others if it has superior transportation infrastructure and services. For example, in the United Kingdom, bridges over rail lines limit the height of cargo that can be stacked, whereas in the United States, there are no such limitations, allowing for double-stacked co.

There are various perspectives on whether transportation and economic development are directly related, but comprehensive transportation systems are essential when there are numerous economic activities. This encourages the development of improved transportation and logistics infrastructures. Investing in transportation infrastructure helps the development of each region, and it is necessary to invest in creating better road networks for developing countries.

### Impacts of Transport on businesses and people

By understanding transportation concepts, including their challenges and opportunities within industries, it becomes possible to make investments that enhance industrial outputs and competitiveness effectively. The development of transportation networks also enables improvements in the labor market, economic efficiency, and competitiveness. Improvements in the transport sector promote regional economic development, raise living standards, and enhance the quality of life for residents and businesses in towns and cities, making them more attractive to investors and business partners.

Improving transport connectivity expands networks of economic activities, reduces travel time and costs, and enhances industrial productivity. Businesses can easily connect with raw material suppliers, reach new



Illustration of autonomous vehicle

customers and markets, and attract a high-quality workforce as a result of reduced transportation costs. On the other hand, individuals gain advantages such as greater access to the labor market, better employment opportunities, and a wider variety of goods to purchase.

## Myanmar's Activities to Improve the Transport Sector

Myanmar is strategically located in the region and has a geographic position that bridges Southeast Asia and South Asia. To utilize this favorable location efficiently, Myanmar developed the Myanmar National Transport Master Plan (MNTP) in 2014 and Myanmar National Logistics Master Plan (MNLP) in 2020 respectively with the assistance of the Japan International Cooperation Agency (JICA). The MNTP and MNLP aims to achieve an efficient and sustainable transport system that harmonizes with the environment and serves the interests of the nation.



Containers are double-stacked on railcar

Myanmar also endeavors to carry out cross-border transport operations and has signed cross-border transport agreements and framework agreements being implemented in the Greater Mekong Sub-region and ASEAN. To implement these multilateral agreements and oversee international and domestic transport operators, domestic laws such as the Road Transport Operations Law, Multimodal Transport Law and Rules have been enacted.

The Ministry of Transport and Communications (MOTC) manages and regulates road, rail, air, and maritime transport in Myanmar. It also established state-owned enterprises to provide services for the people, in line with its slogan: "Transport and Communications for National Interest." For the development of transport sector in Myanmar, MOTC pursues and practices advanced concepts and technologies in the transport sector and actively participates in regional transport activities, meetings, ceremonies, and workshops.



Reference

- https://www.futurelearn.com/info/courses/what-is-economics-in-the-world-of-global-logistics/0/steps/95653

- https://greener-vision.com/guidance-tool/relationship-between-transport-economy/

- https://www.researchgate.net/publication/341172488_How_Does_Transport_ Infrastructure_Shape_Industrial_Competitiveness_A_Perspective_From_Industry_Dynamics

Oo Zaw (DoTP)

## 24 Hour Group of Companies



Mining,Trading,Cultivation,Construction,Industries and Aviation



**"Mingalarbar"**

Welcome to Myanmar & greetings from 24 Hour Group of Companies…
It is vital for the foreign investors looking for business opportunities in Myanmar to have a reliable local partner. I ensure that the 24 Hour Group of Companies are a competent organization to cooperate with trust. Honesty, Transparency, and Confidentiality are our main priorities.We have already proven ourselves with many projects, with many different partners. So far, all our partners are extremely satisfied with our co-operation and intentions, as we are always aiming and doing all the best not only for our own benefit but also…

**" For the People, For the Country "**







## About Us

Founded in 2003. Initially started as a General Services Company to carry out real-estate industries (property development) and mining services with Geologists, Mining Engineer, Surveyors and Drillers with sound professional background & well experiences in their concerning industries. In 2005, we expanded into our own mining projects for coal, gold and tin-tungsten production. Palm oil plantation (Atro Agro) started in 2013, with a land area of 5,000 hectares in Tanintharyi Division, and planning to operate 30 ton/hour CPO mill. Electrical Power Project (signed MOA in 2016), which consists of (330MW x 2 Units) using Ultra Super Critical technology. Entered to the aviation industries (MAI&Air KBZ) at the end of 2018. Cement Factory project was developed in 2019 with(5,000TPD x 2 Units) to produce clinker and Portland Cement for domestic use and export. Construction company also set up in 2011, developing two projects as 92 acres at Sittwe, Rakhine State and Int'l Airport Project at Shan State. Tour 24 company was set up in 2019 to develop the tourism sector in Myanmar. In 2021 24 Petroleum Ltd. was founded to import & distribute Gasoline, Diesel and A1 Jet Fuel for local and airline industries.



No.88, Pyay Road, 6.5Miles, Hlaing Township
Int'l Business Center(IBC), Yangon
Tel: +959-424224245, +959-457155789
Email: 24hourcoltd@gmail.com
Web: www.24hourgroup.com.mm

" For the People, For the Country "

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## မူဝါဒ

- သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍတစ်ရပ်လုံး စနစ်တကျဖွံ့ဖြိုး တိုးတက်ရေး။
- ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအား နိုင်ငံတကာစံချိန်စံညွှန်း များနှင့်အညီ တိုးတက်ပြောင်းလဲလာစေရန် ဆောင်ရွက်သွားရေး။

## တော်သလင်းလပြည့် ဂရုဓမ္မ အခါတော်နေ့

## (လှေပြိုင်ပွဲ)



တော်သလင်းလ ကန်ရာသီ၊ ယင်းမာပန်းတို့ လန်းဆန်းကြည်၊
ပြည်ကျိုးရှယ်လို့ မျှော်ရည်မှန်း၊ ပို့ဆက်ဝန်ထမ်း ကိုယ်စီထမ်း။

transcom.motc@gmail.com, transcom.offices@gmail.com